ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၃)ရက် ၊ အင်္ဂါနေ့ ၊ (25-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၀၁)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်အစည်းအဝေးသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အဋ္ဌမအကြိမ်မြောက်အစည်းအဝေးဖြစ်ကြောင်း၊

စာမျက်နှာ ၁၈ ကော်လံ ၁



ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်

အယ်ဒီတာ့အာဘော်

# ယာယီနေရပ်စွန့်ခွာသူများအတွက် နိုင်ငံတော်၏စေတနာ

မြန်မာနိုင်ငံတွင် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာနေရသည့်ပြည်သူများရှိသကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် နေရပ်စွန့်ခွာနေကြရသူများရှိနေသည်။ ယခုအခါ အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြောင့် ဖြစ်ပေါ်လာသည့် ဒီမိုကရေစီလမ်းကြောင်းပျက်ယွင်းမှုကို ပြန်လည်တည့်မတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကြိုးပမ်းရာတွင် နိုင်ငံရေးကြောင့်ဖြစ်ပေါ်လာသည့် ပြဿနာကို နိုင်ငံရေးနည်းလမ်းနှင့် ဖြေရှင်းရန်မကြိုးစားသည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင်အကြမ်းဖက်တိုက်ခိုက်သည့်နည်းလမ်းကိုသာ ရွေးချယ်ခဲ့ခြင်းကြောင့် ယနေ့နိုင်ငံတော်တွင် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ဖြစ်ပေါ်နေသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့်လည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေးကို ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏လုံခြုံရေးကဏ္ဍကို တည်ငြိမ်အောင်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တိုးတက်အောင်မြင်မှုများရရှိခဲ့သည်။

နိုင်ငံသားများ သဘာဝဘေးအခက်အခဲများတွေ့ကြုံရချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများကို ကျေးသားရင်သားမခွဲခြားဘဲ မိသားစုသဖွယ်ပံ့ပိုးကူညီပေးလျက်ရှိရာ ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို တစ်ဦးလျှင် တစ်လငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ထောက်ပံ့ငွေများပေးအပ်ရာတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများအားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး၊ စနစ်တကျထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ယခုကောက်ယူရရှိထားသည့်စာရင်းတွင် မပါဝင်ဘဲ ထပ်မံကောက်ယူရရှိလာမည့် ယာယီနေရပ်စွန့်ခွာသူများ၏ စာရင်းကိုလည်း စိစစ်ကောက်ယူ၍ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ်သတ်မှတ်ချက်ထဲတွင် အကျုံးဝင်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ယာယီနေရပ်စွန့်ခွာသူပြည်သူများကို စေတနာရှေ့ထား၍ လိုအပ်သည့်ထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိရာ ယာယီနေရပ်စွန့်ခွာနေကြသည့်ပြည်သူများမကျန်ရှိစေရန် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဗန်းမောက်မြို့နယ်တွင် စပါးဧကအားလုံးရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၈၆ ဒသမ ၇၉ တင်းထွက်ရှိ




ကသာ ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် စပါးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၆ ဒသမ ၇၉ တင်း ထွက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဗန်းမောက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၈၈၅၇ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၆ ဒသမ ၇၉ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဗန်းမောက်မြို့နယ်မှာ စပါး ၃၈၈၅၇ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာလိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးစိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် သနပ်ခါးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဝမ်းတွင်း ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနပ်ခါးတောကျေးရွာအုပ်စု သနပ်ခါးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားလာစေရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သနပ်ခါးတောကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၅ ဦးကို ငွေကျပ် ၃၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၄ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးကို ငွေကျပ် ၃၉ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကျားပျံစပါး တင်းရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မြောင်းမြ ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကျားပျံစပါး တင်းရေ ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်သဇင်က ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျားပျံစပါးတင်းရေ ၄၉၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ကျားပျံစပါး တင်းရေ ၇၁၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇန်နဝါရီလအတွင်း ကျားပျံစပါးတင်းရေ ၇၁၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မြောင်းမြမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချခဲ့ပါတယ်။ ကျားပျံစပါးအမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းနေလို့တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က ထပ်မံပြီးတော့ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားစပါးတွေနဲ့ ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာတော့ လတ်တလောအနေနဲ့ပါ ကျားပျံစပါး အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်" ဟု မြောင်းမြမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်သဇင်က ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများအရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုးညိုမြို့နယ် ဇောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုးညို ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့် ဝန်ထမ်းများက ဇောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ငွေစာရင်းဇယားများဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဇောဓိကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၂၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၄ ဒသမ ၆ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို ငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့၊ ဒီပိုးဝင်းနေကျန်ရစ်သူမိသားစုက ကွယ်လွန်သူ မိဘ၊ မောင်နှမများအားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ နာယက - ဂုဏ်ထူးဆောင်ပါမောက္ခဒေါက်တာဦးမိတ်၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြု အဖွဲ့ခေါင်းဆောင် သုခမ္မမဏ္ဍိဇောတဓရ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# တန့်ဆည်မြို့နယ်တွင် နှမ်း ၁၅၆၃ ဧကရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၅ ဒသမ ၇၂ တင်းထွက်ရှိ



**ရေဦး ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် နှမ်း ၁၅၆၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၇၂ တင်းထွက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၀၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ်ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၆၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၇၂ တင်းထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ၂၀၀၇ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးဆီဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက် လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

(၂၀၆)

# ကျောက်ဆည်မြို့နယ် ဝမ်းသောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဝမ်းသောင်ကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၆ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း ပဥ္စမအကြိမ်အဖြစ် ဝမ်းသောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၉ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၆ ဦးကို ရန်ပုံငွေကျပ် ၄၅၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သိရသည်။

**နီလာ**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း မွေးမြူရေးအသားစားကြက်ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ မွေးမြူရေးနှင့် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်အေးမော်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် ဒီဇင်ဘာလအတွင်းက မွေးမြူရေးအသားစားကြက် ပိဿာချိန် ၆၃၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်ထိ မွေးမြူရေးအသားစားကြက် ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

''ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို မွေးမြူရေးအသားစားကြက်တွေကို အကောင်လိုက်အရှင်ကို ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ကြက်သားပိဿာချိန် ၇၇၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မွေးမြူရေး အသားစားကြက်တွေအပြင် အခြား ရေထွက်ကုန်တွေကိုလဲတင်ပို့ရောင်းချနေပါတယ်။ မွေးမြူရေးကြက်သားတွေ အရောင်းအဝယ်ကောင်းလာတာကြောင့် မွေးမြူတဲ့သူတွေကတော့ အဓိကအဆင်ပြေတာတွေ့ပါတယ်'' ဟု ကျိုက်လတ်မြို့နယ် မွေးမြူရေးနှင့် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်ကပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မွေးမြူရေးကြက်သား ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀ ပေါက်ဈေးရှိကြောင်း အဆိုပါမွေးမြူရေးကြက်သားများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှု များပြားလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေနေကြောင်း ကျိုက်လတ်မြို့နယ် မွေးမြူရေးနှင့် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# မြေဆီလွှာနှင့်မြေသြဇာ (အပိုင်း-၂၇)

ပါမောက္ခကိုကိုအောင်



လယ်ယာမြေသြဇာကို ပြုလုပ်ရရှိပြီးသည့်အခါ မြေသြဇာဆုံးရှုံးမှု မဖြစ်စေရေးအတွက် ၎င်းမြေသြဇာများကို စိုက်ခင်းဆီသို့ တိုက်ရိုက်သယ်ယူပို့ဆောင်ပေးခြင်းသည်သာ အကောင်းဆုံးသောနည်းလမ်းဖြစ်သည်။ လယ်ယာစိုက်ခင်းအတွင်း၌ရှိသည့် မြေဆီလွှာနှင့် မြေသြဇာကို ရောနှောသွားစေသောအခါ ၎င်းမြေသြဇာမှ အဖိုးတန်ဓာတ်ပစ္စည်းများ ဆုံးရှုံးခြင်းမရှိသလောက် နည်းပါးသွားလိမ့်မည်ဖြစ်သည်။

သို့ရာတွင် အမြဲတစေအားဖြင့် လယ်ယာမြေသြဇာကို စိုက်ခင်းမြေဆီလွှာပေါ်သို့ တိုက်ရိုက်ပို့ဆောင် ဖြန့်ခင်းပေးရန် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ အကြောင်းမှာ လယ်ယာမြေသြဇာက အဆင်သင့်ရှိနေချိန်၌ စိုက်ပျိုးမြေဆီလွှာက အလွန်စွတ်စိုနေသည့် အခြေအနေ၌ ရှိနေခြင်း၊ ကောက်ပဲသီးနှံများ ပေါက်ရောက်ဖြစ်ထွန်းနေခိုက်ဖြစ်ခြင်း၊ ဆောင်းဥတုကာလဖြစ်၍ မြေဆီလွှာက အတုံးအခဲများဖြစ်နေခြင်း၊ မြေဆီလွှာပေါ်သို့ ဆီးနှင်းများက ထူထပ်စွာ ကျရောက်ဖုံးလွှမ်းနေခြင်း စသည့်အခြေအနေ အရပ်ရပ်သည် လယ်ယာမြေသြဇာကို စိုက်ခင်းဆီသို့ တိုက်ရိုက်ပို့ဆောင် ဖြန့်ဖြူးပေးရန် မသင့်လျော်သော အချိန်ကာလများဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

ဖော်ပြပါအခြေအနေတစ်မျိုးမျိုးနှင့် ကြုံကြိုက်နေရသည်ဆိုပါက လယ်ယာမြေသြဇာများကို အချိန်အတိုင်းအတာတစ်ရပ်ထိ သိုလှောင်သိမ်းဆည်းထားရန် လိုအပ်မည်ဖြစ်ရာ မြေသြဇာသိုလှောင်သိမ်းဆည်းရာတွင် အမိုးအကာအောက်၌ထားရှိခြင်းနှင့် ကျင်းတစ်ခုခုအတွင်း၌ ထည့်သွင်းပေးထားခြင်းတို့အနက် နည်းလမ်းတစ်ခုခုကို ဆောင်ရွက်သင့်ကြသည်။ ထိုကဲ့သို့ ခေတ္တခဏ သိုလှောင်သိမ်းဆည်းထားစဉ်အတွင်း မြေသြဇာပုံကို စွတ်စိုကျစ်လျစ်နေစေရန်နှင့် မိုးစက်မိုးပေါက်များမှလွတ်ကင်းအောင် ဂရုပြုကြရမည်ဖြစ်သည်။

စပါးကျီ တံစက်မြိတ်အောက်၌ထားရှိခြင်းမျိုးသည် မြေသြဇာပုံအတွင်းရှိအပင်စာပမာဏအမြောက်အမြားကို ဆုံးရှုံးမှုဖြစ်ပေါ်စေမည် ဖြစ်သည်။ ထိုကဲ့သို့ ဆုံးရှုံးမှုဖြစ်ပေါ်လာမည်ဆိုပါက ၎င်းမြေသြဇာ၌ရှိသည့် အော်ဂဲနစ်ပစ္စည်း၏ ၂၂ ရာခိုင်နှုန်းခန့်သာလျှင် မြေဆီလွှာထဲသို့ ရောက်ရှိသွားနိုင်ပြီး ကျန် ၇၅ ရာခိုင်နှုန်းတို့ကမူ မြေတွင်းဗက်တီးရီးယားတို့ကြောင့် ဓာတ်ငွေ့အဖြစ်သို့ ပြောင်းလဲသွားကြလိမ့်မည်ဖြစ်သည်။

မြေသြဇာထဲရှိ အပင်စာများအနက် ၇၅ ရာခိုင်နှုန်းခန့် ဆုံးရှုံးသည်ဟုဆိုရာ၌ပင် ယေဘုယျသဘောမျှသာ ခန့်မှန်းထားခြင်းဖြစ်သည်။ ကိန်းဂဏန်းပမာဏအရလေ့လာ၍ သုတေသနပြုသည့်အခါ အမေရိကန်တစ်နိုင်ငံလုံး၌ အသုံးပြုနေကြသည့် လယ်ယာမြေသြဇာ၏ စုစုပေါင်းတန်ဖိုးမှာ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း ၇၀၀ ခန့် ဖြစ်ပြီး လယ်ယာမြေသြဇာဆုံးရှုံးမှုကြောင့် ပြန်းတီးနေရသည့် ငွေပမာဏက အမေရိကန်ဒေါ်လာသန်းပေါင်း ၅၃၀ ခန့်ရှိနေသည်ဖြစ်ရာ ဤဆုံးရှုံးမှုကြီးက အလွန်တရာ များပြားလွန်းလှသည်ကို တွေ့ရှိရသည်။

မြေသြဇာများသည် စိုက်ပျိုးမြေဆီလွှာအတွင်းသို့ ရောက်ရှိသွားသည့်အခါ အချိန်တိုအတွင်း၌ပင် မြေဆီလွှာထဲ၌ အော်ဂဲနစ်ပစ္စည်းများကို တိုးပွားလာစေသလို မြေဆီလွှာကိုပါ ပွယောင်းလာစေသည်။ ထိုကဲ့သို့ မြေဆီလွှာပွယောင်းလာသည့်အတွက် ရေလွှတ်ရေပိုများက လွယ်လင့်တကူ စီးဆင်းသွားနိုင်ပြီး လေကိုလည်း ဝင်ရောက်လာစေသည်။ မြေဆီလွှာအတွင်း၌ ဖြစ်ပေါ်နေသော ဓာတ်ပြောင်းလဲမှုများက မြေသြဇာကြောင့် ပိုမိုသွက်လက်လျင်မြန်လာသည်။ ဗက်တီးရီးယားတို့အတွက်အစာကိုပိုမိုများပြားလာစေသည့်အပြင် မြေဆီလွှာအတွင်းဆီသို့လည်း များပြားလှသောပိုးများကို ရောက်ရှိသွားစေသည်။ ထို့ပြင် မြေသြဇာက ကောက်ပဲသီးနှံပင်များအတွက် အစာအမြောက်အမြားကိုပါ ဖြည့်စွက်ပေး သည်။

သို့ဖြစ်၍ စိုက်ပျိုးမြေဆီလွှာထဲသို့ လယ်ယာမြေသြဇာ ၁၀ တန်မှ တန် ၂၀ ထိ ချပေးခြင်းသည် ဓာတ်မြေသြဇာ ပေါင် ၅၀၀ မှ ၁၀၀၀ ခန့်ထိ ချပေးခြင်းနှင့် ညီမျှနေသည်။ ကောက်ပဲသီးနှံပင်များသည် ချပေးသော လယ်ယာမြေသြဇာမှ အစာအနည်းငယ်ကိုသာ ရရှိနိုင်သော်လည်း နောင်စိုက်ပျိုးမည့် ကောက်ပဲသီးနှံပင်များအတွက်မူ အပင်စာအများအပြားက မြေဆီလွှာထဲ၌ အဆင်သင့်ကျန်ရှိနေခဲ့ကြသည်။

ထိုသဘောသဘာဝကြောင့်ပင် လယ်ယာမြေသြဇာများကို ကောက်ပဲသီးနှံစိုက်ခင်းများ၌ ချပေးပြီးနောက် ၎င်းစိုက်ခင်းသည် ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်သည်ထိ မြေသြဇာထက်သန် ကောင်းမွန်လျက် ရှိနေခြင်းဖြစ်သည်။ လက်တွေ့ကျကျ လေ့လာသုတေသနပြုချက်များအရ လယ်ယာမြေသြဇာ အလုံအလောက်ချထားပေးခဲ့သော ကောက်ပဲသီးနှံစိုက်ခင်းများသည် နောင်နှစ်ပေါင်း ၄၀ ထိတိုင်အောင်ပင် မြေသြဇာထက်သန်ကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရသည်။

လယ်ယာမြေသြဇာကို စိုက်ခင်း၏အကျယ်အဝန်းနှင့်အညီ အလုံအလောက်ချပေးခြင်း မပြုနိုင်သော သာမန်စိုက်ခင်းများသည်ပင်လျှင် နောင်လေးငါးနှစ်ထိတိုင် မြေသြဇာထက်သန် ကောင်းမွန်လျက်ရှိနေသည်ကို လေ့လာတွေ့ရှိနိုင်သည်။ အဆိုပါလေးငါးနှစ်ဆိုသော နှစ်တိုကာလအတွင်း၌ပင် ကောက်ပဲသီးနှံပင်များကို ရာသီအလိုက် စနစ်တကျ အလှည့်ကျစိုက်ပျိုးပေးခြင်းအားဖြင့် အကျိုးဖြစ်ထွန်းမှုကို ရရှိနိုင်သည်။ ကောက်ပဲသီးနှံ စိုက်ခင်းများအတွင်း၌ လယ်ယာမြေသြဇာ ချထားပေးခြင်းအားဖြင့် နှစ်တိုကာလအတွင်း မြေသြဇာထက်သန်ကောင်းမွန်နေရခြင်းအကြောင်းမှာ အော်ဂဲနစ်ပစ္စည်းများနှင့် အပင်စာအများအပြားကို ကာလကြာရှည်စွာ ထိန်းသိမ်းသိုမှီးထားနိုင်ခြင်းကြောင့်ပင် ဖြစ်သည်။

မြေသြဇာအမျိုးမျိုးရှိကြသည့်အနက် လယ်ယာမြေသြဇာသည် စိုက်ခင်းမြေဆီလွှာကို ကာလကြာရှည်စွာ မြေသြဇာထက်သန်ကောင်းမွန်စေသည့်အတွက် ကမ္ဘာတစ်ဝန်းလုံးရှိ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရေးအကြီးဆုံးနှင့် ကုန်ကျစရိတ်အသက်သာဆုံးသော သဘာဝမြေသြဇာပင်ဖြစ်သည်။ မြေဆီလွှာနှင့် မြေသြဇာအကြောင်းကို အထိုက်အလျောက် တီးမိခေါက်မိရှိကြသော စိုက်ပျိုးရေးသမားများနှင့် တောင်သူလယ်သမားတို့သည် လယ်ယာမြေသြဇာများကို ဂရုတစိုက်ဖြင့် ချွေချွေတာတာ သုံးစွဲလေ့ရှိကြသည်။ မြေသြဇာစုဆောင်းရာ၌ပင် ကြမ်းခင်းမြေကို ရေလုံအောင်ပြုလုပ်ပြီး မြက်ခြောက်နှင့်ကောက်ရိုး စသည်တို့ကိုအများအပြားအသုံးပြုလေ့ရှိသည်။ ထို့ပြင် လယ်ယာမြေသြဇာကို စုဆောင်းရရှိသည်နှင့်တစ်ပြိုင်နက် အချိန်မဆိုင်းဘဲ လယ်ယာစိုက်ခင်းဆီသို့ တိုက်ရိုက်သယ်ဆောင်ချပေးခြင်းများကိုလည်း ဆောင်ရွက်ကြလေ့ရှိသည်။

အကယ်၍ မလွှဲမရှောင်သာသောအကြောင်းတစ်ရပ်ရပ်ကြောင့် စိုက်ခင်းဆီသို့ ချက်ချင်းပို့ဆောင်ချထားပေးရန် မဖြစ်နိုင်သည့်အခါမျိုးတွင် အထက်၌ဖော်ပြခဲ့သောနည်းလမ်းများဖြင့် စနစ်တကျ သိုလှောင်သိမ်းဆည်းထားလေ့ရှိကြသည်။ တစ်ဖက်တွင်လည်း လယ်ယာစိုက်ခင်းအတွင်းသို့ မြေသြဇာချပေးသည့်အခါမျိုး၌ အများဆုံးအကျိုးဖြစ်ထွန်းနိုင်မည့် နေရာမျိုး၌သာ ရွေးချယ်ချထားပေးလေ့ရှိကြသည်။ လယ်ယာမြေသြဇာသည် လယ်ယာစိုက်ခင်းမြေဆီလွှာအတွင်း၌ လျော့ပါးသွားသော ဓာတ်ပစ္စည်းအားလုံးကို ပြန်လည်အစားထိုးဖြည့်စွက်မပေးနိုင်သည့်တိုင် များစွာသောအကျိုးကျေးဇူးများကို ဖြစ်ထွန်းစေသည့်အတွက် စနစ်တကျဖြင့် ဂရုတစိုက်သုံးစွဲသင့်ကြသည်။

လယ်ယာစိုက်ခင်းအတွင်းမှ ဘေးထွက်ပစ္စည်းများဖြင့် စုစည်းပြုလုပ်ရရှိနိုင်သော လယ်ယာမြေသြဇာများကို စိုက်ပျိုးတောင်သူ တစ်ဦးချင်းစီတို့က အလေအလွင့် အဆုံးအရှုံးမရှိကြစေရန် ဂရုတစိုက်သုံးစွဲကြမည်ဆိုပါက ပမာဏအလွန်များပြားလှသော အပင်စာများနှင့် တန်ချိန်များစွာရှိသော အော်ဂဲနစ်ပစ္စည်းတို့မှာ မြစ်၊ ချောင်း စသည်တို့ထဲသို့ စီးဝင်မျောပါဆုံးရှုံးရမှုကို ထိထိရောက်ရောက် တားဆီးနိုင်ကာ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့်လည်း ကောက်ပဲသီးနှံထွက်ရှိနှုန်းက အံ့သြဖွယ်ရာမြင့်တက်လာလိမ့်မည်ဖြစ်သကဲ့သို့ တစ်နည်းအားဖြင့်ဆိုရသော် လယ်ယာမြေသြဇာများကို ဆုံးရှုံးပြုန်းတီးမှု မရှိရလေအောင် ကာကွယ်ပေးနိုင်ခြင်းသည် မိမိတို့ မိသားစုတစ်စုချင်း၏ စီးပွားဥစ္စာတို့ကို တိုးတက်ဖြစ်ထွန်းစေနိုင်မည်ဖြစ်သကဲ့သို့ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့်လည်း စိုက်ပျိုးရေးကဏ္ဍကို အကြောင်းပြု၍ တိုင်းပြည်၏ဘဏ္ဍာများ ဆတက်ထမ်းပိုး တိုးပွားလာလိမ့်မည်ဖြစ်ပေသည်။

## မြဝတီမြို့နယ် ထီးလောသေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဖေဖော်ဝါရီ ၂၄**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ထီးဝါပလောကျေးရွာအုပ်စု ထီးလောသေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်း အဖွဲ့ဝင်များနှင့်အတူ ထီးလောသေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စာရင်းဇယားများ မှန်ကန်စွာဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူးက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ထီးလောသေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို စီမံကိန်း



ရန်ပုံငွေကျပ် ၄၈ ဒသမ ၃ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားကြောင်း မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင် ဦးစီးမှူး ဒေါ်ကပေါ်ထူးထံမှ သိရသည်။

ကိုသက်

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အခမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မအူပင် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ယခုဆောင်းနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မအူပင်မြို့နယ်တွင် ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်းလျာထား ၂၅၄၀၁ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၅၆၅၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မအူပင်မြို့နယ်မှာ တောင်သူတွေအနေနဲ့ ဖူးစားပြောင်းတွေကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့တာကြောင့် ဖူးစားပြောင်းတွေကို လျာထားချက်ထက် ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်ကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်"ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မအူပင်မြို့နယ်တွင် ဖူးစားပြောင်းများ ပိုးမွှားမကျရောက်စေရေး၊ အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကိုကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖူးစားပြောင်းများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

## မိုင်းရှူးမြို့နယ် မခေါ်ကျေးရွာ၌ ကျေးရွာသုံးရွာအတွက် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာသုံးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ နဝမအကြိမ်မြောက် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက နားပိုင်ကျေးရွာအုပ်စု မခေါ်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက မခေါ်ကျေးရွာ၊ မဟဲကျေးရွာ နှင့် ဝမ်ကန်ကျေးရွာများရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ရန်ပုံငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၃ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကြီးကြပ်၍ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မခေါ်ကျေးရွာ၊ မဟဲကျေးရွာနှင့် ဝမ်ကန်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃ ဦးကို နဝမအကြိမ် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၃ သိန်းထုတ်ချေးပေးခဲ့ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးထံမှ သိရသည်။

ချိုသန်းညွန့်

## အချစ်နဲ့အမုန်း

\- အမုန်းရဲ့လားရာ၊
တစ်ဖက်မြင် အယူသီးလို့
အပူမီးတွေဖြာ၊
မာနနဲ့ မာန်စေရာ
ငါမှငါ အမှန်လုပ်၊
တစ်ဖက်ဆီ မကောင်းငြိုး
ကောင်းကျိုးဖယ်ထုတ်။

\- အချစ်ရဲ့လားရာ၊
တူနှစ်ကိုယ် အပန်းမတွေ့
ချမ်းမြေ့စေကာ၊
သူ့ကျိုးလည်း ကိုယ်ကပါ
ကိုယ့်ကျိုးမှာ သူဝင်ထမ်း၊
အပြန်လှန် အညစ်ကင်း
ချစ်ခြင်းသာလွှမ်း။

\- အမုန်းနဲ့အချစ်မှာ၊
အေးနဲ့ပူ စကားတစ်လှည့်
ပါးတဲ့ကန့်လန့်ကာ၊
ကိုယ်ဆောင်တဲ့အရာ
အလုပ်မှာတည်ပါလိမ့်၊
သံသရာမဆုံးသရွေ့ပေါ့
ချစ် မုန်းတွေ အတွေးမျှ
အို…
ရွေးရပါချိမ့်။ ။

လွမ်းလေးကို(သရက်)

**ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ရုရှားအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး အင်ဒိုနီးရှားနှင့် မလေးရှားခရီးစဉ်များစတင်

**မော်စကို ဖေဖော်ဝါရီ ၂၄**

ရုရှားအမျိုးသား လုံခြုံရေး ကောင်စီအတွင်းရေးမှူး ဆာဂေး ရှိုဂူးသည် အင်ဒိုနီးရှားနှင့်မလေးရှား ခရီးစဉ်များကို ယနေ့တွင် စတင်ခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားအမျိုးသား လုံခြုံရေး ကောင်စီအတွင်းရေးမှူး ဆာဂေး ရှိုဂူး၏ အင်ဒိုနီးရှားနှင့် မလေးရှား ခရီးစဉ်များသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

ရုရှားအမျိုးသား လုံခြုံရေး ကောင်စီအတွင်းရေးမှူး ဆာဂေး ရှိုဂူးသည် ရုရှားသမ္မတပူတင်၏ အဓိကမဟာမိတ်တစ်ဦးဖြစ်သည်။

အင်ဒိုနီးရှားနှင့် မလေးရှားခရီးစဉ်များအတွင်း ဆာဂေးရှိုဂူးအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများနှင့်လုံခြုံရေး၊ ကာကွယ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားမီဒီယာများ၏ အဆိုအရ သိရသည်။

ယူကရိန်းပဋိပက္ခကိုအကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများက ရုရှားနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများပြုလုပ်လာခဲ့ပြီးနောက် ရုရှားသမ္မတပူတင်၏ မဟာဗျူဟာအကျိုးစီးပွားများမှာ အာရှဘက်သို့ ရွေ့လျားလာခဲ့ရသည်။

ရုရှားအမျိုးသား လုံခြုံရေး ကောင်စီအတွင်းရေးမှူး ဆာဂေး ရှိုဂူးသည် ရုရှားကာကွယ်ရေးဝန်ကြီးရာထူးကို ၂၀၁၂ ခုနှစ်မှ ၂၀၂၄ခုနှစ်ထိ တာဝန်ယူခဲ့သူဖြစ်ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**



## အစ္စရေးတပ်မတော်မှ တင့်ကားများ အနောက်ဘက်ကမ်းဒေသသို့ ဝင်ရောက်

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၄**

အစ္စရေးတပ်မတော်မှ တင့်ကားများသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် အနောက်ဘက်ကမ်းဒေသသို့ ရောက်ရှိလာကြောင်း သိရသည်။

အနောက်ဘက်ကမ်းဒေသနေရာအချို့တွင် အစ္စရေးတပ်များ တစ်နှစ်ကျော်ကြာ ဆက်လက်တပ်စွဲထားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးလ်ကတ်ဇ်က ပြောကြားခဲ့ပြီးနောက် အနောက်ဘက်ကမ်း ဒေသသို့ အစ္စရေးတင့်ကားများ ဝင်ရောက်လာခြင်းဖြစ်သည်။

အနောက်ဘက်ကမ်းဒေသသို့ အစ္စရေးတင့်ကားများ ဝင်ရောက်လာမှုကို အန္တရာယ်ကြီးမားသည့် အခြေအနေတစ်ရပ်အဖြစ် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့က ထုတ်ဖော်ပြောကြားထားသည်။

အနောက်ဘက်ကမ်း ဒေသ၌ ဇန်နဝါရီ ၂၁ ရက်မှစ၍ အစ္စရေးတပ်မတော်က နယ်မြေရှင်းလင်းမှုများပြုလုပ်နေချိန် အစ္စရေးတင့်ကားများရောက်ရှိလာကြခြင်းဖြစ်သည်။

အစ္စရေး၏ အနောက်ဘက်ကမ်းဒေသစစ်ဆင်ရေးများအတွင်း ပါလက်စတိုင်းဒုက္ခသည်စခန်းများမှပါလက်စတိုင်းလူမျိုး ၄၀၀၀၀ခန့် ထွက်ပြေးခဲ့ကြရသည်။

အစ္စရေးနိုင်ငံသည် အနောက်ဘက်ကမ်းဒေသ၌ ၂၀၀၂ ခုနှစ်တွင် တင့်ကားများကို နောက်ဆုံးတစ်ကြိမ် ဖြန့်ကြက်ခဲ့ဖူးကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတပူတင်တို့ ဖုန်းခေါ်ဆိုဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများသတင်းထုတ်ပြန်



**ပေကျင်း ဖေဖော်ဝါရီ ၂၄**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတပူတင်တို့သည် ယနေ့တွင် ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့မှာ အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်ခဲ့ကြသည်ကို သမိုင်းကြောင်းနှင့် ပကတိအရှိတရားများက ပြသနေကြောင်း ယနေ့ဖုန်းခေါ်ဆိုဆွေးနွေးမှုတွင် တရုတ်သမ္မတရှီကျင့်ဖျင်က ရုရှားသမ္မတပူတင်ကို ပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခစတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ရုရှားနှင့် တရုတ်နိုင်ငံတို့သည် စစ်ရေးဆက်ဆံမှုနှင့် ကုန်သွယ်ရေး ဆက်ဆံမှုများကို မြှင့်တင်ခဲ့ကြသည်။

ယူကရိန်းပဋိပက္ခကာလ တစ်လျှောက်လုံးတွင် ကြားနေအဖြစ် ရပ်တည်ခဲ့ကြောင်းပြောကြားထားသည့်တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကအကျဆုံး နိုင်ငံရေးနှင့် စီးပွားရေး မိတ်ဖက်နိုင်ငံအဖြစ် ရပ်တည်နေဆဲဖြစ်သည်။

ယနေ့ ဖုန်းခေါ်ဆိုဆွေးနွေးမှုတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ပူတင်တို့သည် ယူကရိန်းပဋိပက္ခ ပြဿနာကိုလည်း ဆွေးနွေးခဲ့ကြသည်။

ရုရှားနိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ယူကရိန်းပဋိပက္ခပြီးဆုံးရေးအတွက် အပြုသဘောဆောင်သည့် ကြိုးပမ်းမှုများလုပ်နေမှုအတွက် တရုတ်နိုင်ငံအနေဖြင့်ဝမ်းသာကြောင်း အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးမှုတွင် တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

## ပီရူးနိုင်ငံ၌ ကုန်တိုက်ခေါင်မိုးပြိုကျမှုဖြစ်ပွား လူခြောက်ဦးသေဆုံး၍ ၇၈ ဦး ဒဏ်ရာရရှိ

**လီမာ ဖေဖော်ဝါရီ ၂၄**

ပီရူးနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဈေးဝယ်ကုန်တိုက် တစ်လုံး၌ ခေါင်မိုးပြိုကျမှု ဖြစ်ပွားခဲ့ရာ လူပေါင်း ခြောက်ဦး သေဆုံး၍ အနည်းဆုံး ၇၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပီရူးကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ခေါင်မိုးပြိုကျမှုဖြစ်ပွားခဲ့သော ကုန်တိုက် အဆောက်အအုံမှာ လာလီဘာတက်ဒေသ ထရူဂျီလိုမြို့၌တည်ရှိသော ရီးရဲလ်ပလာဇာ ထရူဂျီလိုအမည်ရှိ ကုန်တိုက်ဖြစ်သည်။


ကုန်တိုက်ခေါင်မိုး ပြိုကျမှုသည်ဈေးဝယ်သူများနှင့် စည်ကားနေချိန်ဖြစ်သော ဖေဖော်ဝါရီ ၂၂ ရက် ညနေပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကုန်တိုက်ခေါင်မိုး ပြိုကျမှုကြောင့် ဒဏ်ရာရရှိသူများအနက် ၄၈ ဦးမှာ ဆေးရုံ၌ဆေးဝါးကုသမှုများခံယူနေကြရဆဲဖြစ်သည်။

ခေါင်မိုးပြိုကျခဲ့ပြီးနောက်ပိုင်း အပျက်အစီးများကြား အသက်ရှင်သူများ ပိတ်မိနေမှုမရှိစေရေးအတွက် ရှာဖွေကယ်ဆယ်ရေးသမားများက ရှာဖွေရေးလုပ်ငန်းများပြုလုပ်ပေးခဲ့ကြကြောင်း ပီရူးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရီးရဲလ်ပလာဇာထရူဂျီလို ကုန်တိုက်ခေါင်မိုးပြိုကျမှုကို ပီရူးတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**



## ယခုနှစ် ဇန်နဝါရီလ ထိုင်းနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်း ကျဆင်း

**ဗန်ကောက် ဖေဖော်ဝါရီ ၂၄**

ယခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ၏မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်းမှာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလထုတ်လုပ်မှုနှုန်းနှင့် နှိုင်းယှဉ်ပါက ၂၄ ဒသမ ၆၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ ယခုနှစ်ဇန်နဝါရီလ မော်တော်ယာဉ် ထုတ်လုပ်မှုနှုန်းမှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက များစွာကျဆင်းခဲ့ပြီး အစီးရေ ၁၀၇၁၀၃ထိသာ ရှိခဲ့ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ပြည်တွင်းရောင်းအားကျဆင်းလာမှု၊ ပြည်ပသို့ယာဉ်တင်ပို့မှုနှုန်းအားနည်းလာမှုကြောင့် ထိုင်းနိုင်ငံ၏ ယခုနှစ် ဇန်နဝါရီလ မော်တော်ယာဉ်ထုတ်လုပ်မှုနှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် သုံးသပ်ထားသည်။

ထိုင်း စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ထုတ်ပြန်ချက်အရ ထိုင်းနိုင်ငံ၏ ယခုနှစ်ဇန်နဝါရီလ ပြည်တွင်းကား ရောင်းအားမှာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့်နှိုင်းယှဉ်ပါက ၁၇ ဒသမ ၃၇ ရာခိုင်နှုန်း ကျဆင်းခဲ့ရပြီး အစီးရေ ၄၈၁၉၂ စီးထိသာရောင်းချနိုင်ခဲ့သည်။

ထို့နည်းတူ ယခုနှစ် ဇန်နဝါရီလအတွင်း ပြည်ပသို့ မော်တော်ယာဉ်တင်ပို့မှုနှုန်းမှာလည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ၂၈ ဒသမ ၁၃ ရာခိုင်နှုန်းကျဆင်းခဲ့ရပြီး အစီးရေ ၆၂၃၂၀စီးသာတင်ပို့နိုင်ခဲ့သည်။

ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှ၏ မော်တော်ယာဉ်တည်ဆောက်ထုတ်လုပ်မှုဗဟိုချက်နိုင်ငံဖြစ်ပြီး တိုယိုတာနှင့် ဟွန်ဒါအပါအဝင် ကမ္ဘာ့ထိပ်တန်းကားကုမ္ပဏီများအခြေစိုက်ရာ နိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၂ စင်းကို Space-X အာကာသနည်းပညာကုမ္ပဏီက အောင်မြင်စွာလွှတ်တင်ခဲ့




**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တု ၂၂ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရသိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၂ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၂ မိနစ်ခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်း ၇၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင် ၂၃ ခု လွှတ်တင်ထားပြီးဖြစ်ရာ ၁၇ ခုမှာ စတားလင့်ခ်ဂြိုဟ်တု လွှတ်တင်ရေး မစ်ရှင်များဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ကူးစက်နိုင်သော လင်းနို့ကိုရိုနာဗိုင်းရပ်တစ်မျိုးကို တရုတ်သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိ

**ပေကျင်း ဖေဖော်ဝါရီ ၂၄**

ကိုဗစ်-၁၉ ရောဂါကဲ့သို့ပင် လူသားများထံ ကူးစက်နိုင်စွမ်းရှိသော လင်းနို့ကိုရိုနာဗိုင်းရပ်သစ်တစ်မျိုးကို တရုတ်သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

HKU 5-CoV-2 ဟူ၍အမည်ပေးထားသည့် အဆိုပါ ကိုရိုနာဗိုင်းရပ်သည် ACE 2 Receptor အင်ဇိုင်းကို အသုံးပြု၍ သက်ရှိများသို့ကူးစက်နိုင်ကြောင်း သိရသည်။

ACE 2 Receptor အင်ဇိုင်းများသည် ကိုဗစ်-၁၉ ရောဂါကို ဖြစ်ပွားစေတတ်သည့် SARS-CoV-2 ကိုရိုနာဗိုင်းရပ်များ လူသားများထံ ကူးစက်ရေးအတွက် အသုံးပြုသည့် လမ်းကြောင်းဖြစ်ကြောင်း သိရသည်။

HKU 5-CoV-2 ကိုရိုနာဗိုင်းရပ်သစ်ကို တရုတ်နိုင်ငံ ဝူဟန်ဇီဝနည်းပညာအင်စတီကျူမှ သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားခြင်းဖြစ်သည်။

ကမ္ဘာပေါ်၌ ကိုရိုနာဗိုင်းရပ်အမျိုးအစား ရာနှင့်ချီရှိသော်လည်း SARS၊ SARS-CoV-2 နှင့် MERS ဗိုင်းရပ်များအပါအဝင် ကိုရိုနာဗိုင်းရပ် အနည်းငယ်ကသာ လူသားများထံ ကူးစက်နိုင်စွမ်းရှိကြောင်း သိရသည်။

HKU 5 - CoV-2 ဗိုင်းရပ်သည် လူသားများ၏ ACE 2 Receptor အင်ဇိုင်းကို အသုံးချနိုင်မှုကြောင့် အခြားကိုရိုနာဗိုင်းရပ်များနှင့် နှိုင်းယှဉ်ပါက လူသားများထံကူးစက်နိုင်ခြေ ပို၍မြင့်မားနိုင်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

**Ref : Xinhua News**

**Trs : KKO**

## ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းတွင်ပိတ်မိနေသော လလေ့လာရေးဂြိုဟ်တုငယ် နှစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက လပတ်လမ်းအတွင်းသို့ ပို့ပေးနိုင်ခဲ့

**ပေကျင်း ဖေဖော်ဝါရီ ၂၄**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းတွင် သောင်တင်ပိတ်မိနေသော လလေ့လာရေးဂြိုဟ်တုငယ်နှစ်စင်းကို အောင်မြင်စွာဆွဲထုတ်၍ လပတ်လမ်းအတွင်းသို့ ပို့ပေးနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

DRO A နှင့် DRO B အမည်ရှိ အဆိုပါဂြိုဟ်တုနှစ်စင်းကို ၂၀၂၄ ခုနှစ် မတ် ၁၃ ရက်တွင် လောင်းမတ်ချ်-၂ စီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဂြိုဟ်တုနှစ်စင်းသည် ရည်ရွယ်ရာ ပတ်လမ်းဖြစ်သော လနှင့်ကမ္ဘာကြားကြားခံပတ်လမ်းဆီသို့မရောက်ခဲ့ဘဲ ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ သောင်တင်ပိတ်မိနေခဲ့ကြောင်း သိရသည်။

သို့ရာတွင် တရုတ်သိပ္ပံပညာရှင်များသည် ၎င်းဂြိုဟ်တုနှစ်စင်းကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းမှ ဆွဲထုတ်၍ လပတ်လမ်းအတွင်း ထည့်သွင်းရန် ရက်ပေါင်း ၁၆၇ ရက်ကြာ ကြိုးစားခဲ့ရာ နောက်ဆုံးတွင် အောင်မြင်ခဲ့သည်။



တရုတ် သိပ္ပံပညာရှင်များသည် ၎င်းဂြိုဟ်တုနှစ်စင်းကို လပတ်လမ်းအတွင်း ထည့်သွင်းနိုင်ရေးအတွက် ရှုပ်ထွေးသည့်တွက်ချက်မှုများ၊ ပျံသန်းရာလမ်းကြောင်း ထိန်းညှိပြင်ဆင်မှုများနှင့် တိကျသည့် ဒုံးအင်ဂျင်စနစ်အသုံးချမှုတို့ကို အသုံးချခဲ့ကြရသည်။

အဆိုပါ ဂြိုဟ်တုနှစ်စင်းကို လပတ်လမ်းအတွင်း ထည့်သွင်းရေးအတွက် တရုတ်သိပ္ပံပညာရှင်များသည် ပတ်လမ်းနေရာပြောင်းလဲမှုငါးကြိမ်၊ ပျံသန်းရာလမ်းကြောင်းပြင်ဆင်ထိန်းညှိမှု ငါးကြိမ်နှင့် လကမ္ဘာ၏ ဒြပ်ဆွဲအားအကူအညီရယူမှုငါးကြိမ် ပြုလုပ်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ဒုတိယဘာသာစကားတစ်မျိုး သင်ယူခြင်းက Dementia ဖြစ်နိုင်မှုကို တားဆီးနိုင်

**အော့တဝါ ဖေဖော်ဝါရီ ၂၄**

ဒုတိယဘာသာစကားတစ်မျိုး ထပ်မံ လေ့လာသင်ယူခြင်းသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်ပွားလာနိုင်မှုကို နှစ်အတန်ကြာ တားဆီးထားရေးအတွက် အထောက်အကူ ပြုနိုင်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

ဘာသာစကားနှစ်မျိုး တတ်မြောက်ထားသူများသည် ဘာသာစကားတစ်မျိုးသာ တတ်မြောက်ထားသူများထက် Dementia ရောဂါဝင်ချိန် ၅ ဒသမ ၄ နှစ်ထိ နောက်ကျတတ်ကြောင်း ကနေဒါနိုင်ငံ မက်ဂျီးလ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

မိခင်ဘာသာစကားအပြင် ဒုတိယ ဘာသာစကားတစ်မျိုး ထပ်မံသင်ယူသူများ၏ ဦးနှောက် အရွယ်အစားသည် ဘာသာစကားတစ်မျိုးသာ သင်ယူထားသူများ၏ ဦးနှောက်အရွယ်အစားထက် ပိုကြီးမားကြောင်း ကနေဒါသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သိရသည်။

ထို့ပြင် ဘာသာစကားနှစ်မျိုး တတ်မြောက်ထားသူများ၌ ဦးနှောက်၏ဘာသာစကားနယ်မြေများအတွင်း ဆဲလ်များပိုများလာပြီး ဦးနှောက်ထုထည် ပိုမြင့်တက်လာတတ်သည်ကို တွေ့ရကြောင်း ကနေဒါသုတေသန ပညာရှင်များက ပြောကြားသည်။

ကနေဒါ သုတေသနပညာရှင်များသည် ဘာသာစကားနှစ်မျိုး တတ်မြောက်သူနှင့် တစ်မျိုးသာ တတ်မြောက်သူ Dementia လူနာများ၏ ဦးနှောက်ဓာတ်မှန်များကို လေ့လာစိစစ်ခဲ့ကြပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## လွန်ခဲ့သောနှစ်ပေါင်း သန်း ၃၀ ခန့်က ရှင်သန်ကျက်စားခဲ့သည့် ကမ္ဘာဦးသားရဲကောင်မျိုးစိတ်သစ်တစ်မျိုး၏ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်းကို တွေ့ရှိ

**ကိုင်ရို ဖေဖော်ဝါရီ ၂၄**

လွန်ခဲ့သောနှစ်ပေါင်း သန်း ၃၀ ခန့်က ရှင်သန်ကျက်စားခဲ့သည့် ယနေ့ခေတ်ကျားသစ်တစ်ကောင်အရွယ် ကမ္ဘာဦးသားရဲကောင်မျိုးစိတ် သစ် တစ် မျိုး၏ ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

Bastetodon Syrtos ဟူ၍ အမည်ပေးထားသည့် အထက်ပါ ကမ္ဘာဦး သားရဲကောင်၏ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်းကို အီဂျစ်နိုင်ငံ ဖေယမ်းမြို့အနီး သဲကန္တာရဒေသ၌ အီဂျစ်ကျောက်ဖြစ်ရုပ်ကြွင်းဗေဒပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

Bastetodon Syrtos များသည် ယနေ့ခေတ် ကြောင်များ၊ ခွေးများနှင့် ခွေးအများမပေါ်ထွက်မီကပင် မျိုးသုဉ်းပျောက်ကွယ်ခဲ့ရသည့် Hyaenodonts ခေါ် သားရဲအုပ်စုမှ မျိုးစိတ်တစ်ခုဖြစ်သည်။

Hyaenodonts အုပ်စုဝင်သားရဲများသည် ဒိုင်နိုဆောသတ္တဝါများ ပျောက်ကွယ်ခဲ့ပြီးနောက် အာဖရိကတိုက်၏ ဂေဟဝန်းကျင်စနစ်ကို လွှမ်းမိုးထားခဲ့သော သက်ရှိများဖြစ်ကြသည်ဟု အီဂျစ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Bastetodon Syrtos များသည် မျောက်များ၊ ဆင်သားပေါက်၊ ရေမြင်းသားပေါက်များကို အမဲလိုက်စားသောက်၍ ရှင်သန်ခဲ့ကြခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

**Ref : Russia Today**

**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# Mexico Openဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို အမေရိကန်ကစားသမား ကမ်းဘဲလ် ဆွတ်ခူး

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၄**

မက္ကဆီကိုနိုင်ငံ ဗယ်လက်တာ ကမ်းခြေဒေသတွင် ကျင်းပခဲ့သော Mexico Open ဂေါက်သီးရိုက် ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီး ရိုက်ကစားသမား ကမ်းဘဲလ်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နောက်ဆုံးနေ့အပြီးတွင် ကမ်းဘဲလ်သည် တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား ပိုဂီယာတာနှင့်အတူစုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ စီ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ခွင့်ရခဲ့ကြသည်။

ချန်ပီယံ အဆုံးအဖြတ်အတွက် Play-off အဆင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ကမ်းဘဲလ်က အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။


အမေရိကန်ဂေါက်သီးရိုက် ကစားသမားစီလင်ဒါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ကမ်းဘဲလ်နှင့် ပိုဂီယာတာတို့သည် ချန်ပီယံဆုဖြင့် ထိုက်တန်ခဲ့ကြပြီး Play-off တွင် ရှုံးနိမ့်ခဲ့သည့် ပိုဂီယာတာအတွက် ပထမဆုံးသော Korn Ferry Tourတွင် ဆုဖလားအား ဆွတ်ခူးနိုင်မည့် အခွင့်အရေးဖြင့် လွဲချော်ခဲ့ရသည်။

ကမ်းဘဲလ်သည် နောက်ဆုံးနေ့တွင် Birdies ရိုက်ချက် လေးကျင်းထိရရှိခဲ့သော်လည်း Bogey ရိုက်ချက် သုံးကျင်းရရှိခဲ့သည့်အတွက် ပိုဂီယာတာဖြင့် Play-off အဆင့် ထပ်မံကစားခဲ့ရခြင်းဖြစ်သည်။

ကမ်းဘဲလ်က "နောက်ဆုံးနေ့ အစောပိုင်းမှာBogey တွေကြောင့် စိတ်ဓာတ်ကျခဲ့ရတယ်။ ဒါပေမဲ့လဲ အဆိုးဆုံးကနေ အကောင်းဆုံး ပုံစံနဲ့ ပြန်ကစားနိုင်အောင်ကြိုးစား နိုင်ခဲ့လို့ ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ပြိုင်ပွဲကတော့ တကယ်ကိုအကြိတ် အနယ်ရှိခဲ့တယ်။ ပိုဂီယာတာဟာ ပထမဆုံးပရော်ဖက်ရှင်နယ်ပြိုင်ပွဲဝင်လာခဲ့တဲ့ လူငယ်လေးဖြစ်သလို ချန်ပီယံဆုနဲ့ထိုက်တန်ခဲ့ပါတယ်။ Play-off မှာ ကျွန်တော်ကံကောင်းခဲ့လို့ အနိုင်ရခဲ့တာပါ။ပိုဂီယာတာဟာအနာဂတ်မှာ ထွန်းတောက်လာမဲ့ကြယ်ပွင့်လေးလို့ ကျွန်တော်မြင်မိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL



# မာဇရာဝီ ဒူးဒဏ်ရာကြောင့် အစ်ဝှစ်နှင့်ပွဲစဉ်ကိုလွဲချော်နိုင်ကြောင်း နည်းပြအာမိုရင်ပြောကြား



**လန်ဒန် ဖေဖော်ဝါရီ ၂၄**

အဲဗာတန်အသင်းနှင့် မန်ယူအသင်းတို့ ကစားခဲ့သည့်အမှတ်ပေးပွဲစဉ်တွင် ခံစစ်ကစားသမား မာဇရာဝီ ဒူးဒဏ်ရာရရှိခဲ့သဖြင့် အစ်ဝှစ်အသင်းနှင့် ပွဲစဉ်ကို လွဲချော်နိုင်ကြောင်း နည်းပြအာမိုရင်က ထုတ်ဖော်ပြောကြားခဲ့သည်။

အဲဗာတန်အသင်းနှင့် ပွဲစဉ်တွင် မာဇရာဝီသည် အသင်းခံစစ်ပိုင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် ပထမပိုင်းပွဲချိန်အတွင်း အဲဗာတန်အသင်း၏ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်ခြင်းကိုခံခဲ့ရပြီး ဒုတိယပိုင်း အရောက်တွင် တိုက်စစ်ကစားပုံ မြှင့်တင်နိုင်ခဲ့သော်လည်း မာဇရာဝီသည် မိနစ် ၇၀ အရောက်တွင် ဒူးဒဏ်ရာရရှိခဲ့သောကြောင့် ခံစစ်ကစားသမား ယိုရိုနှင့်လူစားလဲထွက်ခွာခဲ့ရသည်။

ထို့နောက် မန်ယူအသင်းက ပွဲချိန် ၇၂ မိနစ်တွင် ဖာနန်ဒက်၊ ပွဲချိန် မိနစ် ၈၀ တွင် ဒူဂါတီတို့၏ သွင်းဂိုးများဖြင့် ချေပဂိုးရခဲ့ပြီး သရေရလဒ်ထွက်ပေါ်ခဲ့သည်။

လက်ရှိတွင် မာဇရာဝီ၏ဒဏ်ရာကိုစစ်ဆေးမှုပြုလုပ်နေပြီး လာမည့် နာရီပိုင်းအတွင်း ထုတ်ပြန်မည်ဖြစ်ကာ ဗုဒ္ဓဟူးနေ့တွင် ကစားမည့် အစ်ဝှစ်နှင့်ပွဲတွင် ပါဝင်ရန် မသေချာကြောင်း သိရသည်။

လက်ရှိမန်ယူအသင်းတွင် မိုင်နူး၊ မေဆောင်မောင့်၊ လုခ်ရှော၊ မာတီနက်ဇ်၊ ဘာရင်ဒီယာ၊ အီဗန်တို့ ဒဏ်ရာရရှိနေပြီး မာဇရာဝီကို လက်လွှတ်ရပါက ခံစစ်ပိုင်းအခက်ကြုံရဖွယ်ရှိကြောင်း သိရသည်။

Ref : ESPN
Trs : ML

# အော်ဇေးကို ဂိုးပြတ်ရှုံးခဲ့သည့် ပွဲစဉ်တွင် လာဘ်စားမှုများရှိကြောင်း မာဆေးဥက္ကဋ္ဌလောင်ဂိုရီယာ ဝေဖန်ပြောကြား

**ပဲရစ် ဖေဖော်ဝါရီ ၂၄**



တနင်္ဂနွေနေ့က ကစားခဲ့သည့် အော်ဇေးအသင်းနှင့် မာဆေးအသင်းတို့ပွဲစဉ်တွင် သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် မာဆေးအသင်းအနေဖြင့် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်နှင့် ကွင်းလယ်ဒိုင်တို့ လာဘ်စားမှုများရှိခဲ့ကြောင်း ဝေဖန်ပြောကြားခဲ့သည်။

မာဆေးအသင်းသည် အမှတ်ပေးပွဲ ၂၃ ပွဲအပြီးတွင် ပီအက်စ်ဂျီအသင်းနှင့် ရမှတ် ၁၃ မှတ်ထိ ကွာဟခဲ့ပြီး အဆင့် ၂ နေရာတွင်ရပ်တည်နေသော်လည်း နောက်ဆုံးငါးပွဲဆက် ရှုံးနိမ့်ခဲ့သောကြောင့် မာဆေးအသင်း ဥက္ကဋ္ဌလောင်ဂိုရီယာက ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ကို လာဘ်စားမှုများရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မာဆေးအသင်းဥက္ကဋ္ဌက"ဒီရာသီမှာ အခုလိုဖြစ်စဉ်တွေက မာဆေးအသင်းအတွက် ပထမဆုံးအကြိမ် မဟုတ်တော့ပါဘူး။ အော်ဇေးနဲ့ပွဲ ကဒိုင်ရဲ့ဆုံးဖြတ်ချက်က မေးခွန်းထုတ်စရာတွေ များနေပါတယ်။ လာဘ်စားမှုရှိနေတာ သေချာပါတယ်" ဟု ပြောကြားခဲ့သည်။

မာဆေးအသင်းသည် လိုင်လီအသင်းကို ရှုံးနိမ့်ခဲ့သည့်ဖလားပြိုင်ပွဲတွင်လည်း စတုတ္ထဒိုင်ကို ဝေဖန်ခဲ့သည့်အားကစားဒါရိုက်တာ ဘန်နာတီယာကိုပြင်သစ်ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက သုံးလပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာလက်ထက် အိမ်ကွင်းတွင် ပထမဆုံးအကြိမ်အဖြစ် လီဗာပူးအသင်းကို ရှုံးနိမ့်

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၄**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၆) အဖြစ်ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်တွင် မန်စီးတီးအသင်းအနေဖြင့် အိမ်ကွင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် မန်စီးတီးအသင်း နည်းပြဂွါဒီယိုလာလက်ထက်ပထမဆုံးအကြိမ်အဖြစ် လီဗာပူးအသင်းကို အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းသည် အိမ်ကွင်းတွင် လီဗာပူးအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ဆိုဘော့ဆလိုင်၊ ဆာလာဟ်နှင့် ဒီယက်ဇ်တို့အတွဲကို မန်စီးတီးအသင်းအနေဖြင့် ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရပြီး ပွဲချိန် ၁၄မိနစ်တွင်သွင်းယူခဲ့သည့် ဆာလာဟ်၏ဂိုးနှင့် ပွဲချိန် ၃၇ မိနစ်တွင်သွင်းယူခဲ့သည့်ဆိုဘော့ဆလိုင်တို့၏သွင်းဂိုးများဖြင့် အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မန်စီးတီးအသင်းကို နည်းပြဂွါဒီယိုလာ တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် မန်စီးတီးအသင်းအနေဖြင့် အိမ်ကွင်းတွင် လီဗာပူးအသင်းကို လက်ခံကစားရသည့် ပွဲစဉ်တိုင်းတွင် ရလဒ်ကောင်းလေ့ရှိပြီး တစ်ပွဲမှုမရှုံးနိမ့်အောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပထမဆုံးအကြိမ်အဖြစ် အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အလားတူ လီဗာပူးအသင်းသည်လည်း မန်စီးတီးအသင်းအိမ်ကွင်း အီတီဟက်ကွင်းတွင် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က အနိုင်ရရှိခဲ့ပြီးနောက်ပိုင်းတွင် တစ်ကြိမ်မျှ အနိုင်ရယူနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ဆယ်စုနှစ်တစ်ခုကြာ ယခုနှစ်ဘောလုံးရာသီမှသာ ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့သည့်အတွက် အမှတ်ပေးဇယားအဆင့် (၂)နေရာမှ အာဆင်နယ်အသင်းကို ရမှတ် ၁၁ မှတ်ထိ ဖြတ်တောက်နိုင်ခဲ့ကာ ချန်ပီယံဆုအတွက် ပိုမိုနီးစပ်လာခဲ့ပြီး ရှုံးနိမ့်ခဲ့သည့် မန်စီးတီးအသင်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်အတွက်ပင် ရုန်းကန်ရဖွယ်ရှိနေကြောင်း သိရသည်။

Ref : Fotmob
Trs : STA

## အားကစားသတင်းအတိုအထွာများ

- ရိုန်ဂျားအသင်းသည် စိန့်မာရင်အသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ် အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဆဲလ်တစ် အသင်းနှင့် ရမှတ် ၁၃ မှတ်ကွာဟခဲ့သဖြင့် နည်းပြကလီးမန့်ကို ရာထူးမှထုတ်ပယ်ခဲ့သည်။
- အေဗီကိုအသင်းနှင့်ကစားမည့် ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် တိုက်စစ်မှူးယာမယ် ဒဏ်ရာကြောင့် လွဲချော်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ပြောကြားခဲ့သည်။
- စပါးအသင်းက တိုက်စစ်မှူးဆော်လမွန်ကို စတာလင်ပေါင် ၁၅ သန်းဖြင့် နွေရာသီတွင်ရောင်းချရန် ဆုံးဖြတ်ခဲ့သောကြောင့် အငှားခေါ်ယူထားသည့် လိဒ်အသင်းကစားသမားကို အပြီးသတ်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။ ML

# WBC လိုက်ဝိတ်တန်းချန်ပီယံခါးပတ်ကို စတီဗင်ဆင်ကာကွယ်နိုင်ခဲ့




ရီယာ့ဒ် ဖေဖော်ဝါရီ ၂၄

WBC လိုက်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံစတီဗင်ဆင်သည် စိန်ခေါ်သူဗြိတိန်လက်ဝှေ့သမား ပက်ဒလေနှင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံရီယာ့ဒ်မြို့တွင် ထိုးသတ်ခဲ့ရာ စတီဗင်ဆင်သည် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိပြီး လက်ရှိချန်ပီယံကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

စတီဗင်ဆင်သည် အမေရိကန်လက်ဝှေ့သမားဖလိုင်းရှိုဖီးနှင့် ထိုးသတ်သွားရန် စီစဉ်ခဲ့ခြင်းဖြစ်သော်လည်း ဖလိုင်းရှိုဖီးကရက်ပိုင်းအလိုတွင် ဆေးရုံတက်လိုက်ရသည့်အတွက် ပက်ဒလေကအစားထိုးဝင်ရောက် ထိုးသတ်ခဲ့ခြင်းလည်း ဖြစ်သည်။

ပက်ဒလေအနေဖြင့် ပြင်ဆင်ချိန်နည်းခဲ့သလို ကမ္ဘာ့ချန်ပီယံဖြင့် အလျင်စလိုထိုးသတ်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာမှားယွင်းသည့် ဆုံးဖြတ်ချက်ဖြစ်ခဲ့သည်။

ပက်ဒလေအတွက် ပထမဆုံး သော့ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး ကမ္ဘာ့ချန်ပီယံဖြင့် ထိုးသတ်သွားမည်ဆိုပါက အချိန်ယူပြင်ဆင်ရမည်ကိုလည်း ပိုမိုသိလာခဲ့ကြောင်းလည်း ပက်ဒလေက ဝန်ခံပြောကြားသွားခဲ့ကြောင်း သိရသည်။

စတီဗင်ဆင်က "ဒီပွဲစဉ်မှာ အစောပိုင်းကတည်းက အလဲထိုးရလဒ်နဲ့ အနိုင်ရနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ ကျွန်တော်မလုပ်နိုင်ခဲ့ဘူး။ ကိုးချီမြောက်မှပဲ မျှော်လင့်ထားတဲ့ရလဒ်ကို ရယူနိုင်ခဲ့တယ်။ ပက်ဒလေအနေနဲ့ ပြင်ဆင်ချိန်သိပ်မရတာလဲပါတယ်။ ဒါကြောင့်လဲ ဝေဖန်မှုတွေရှိလာတယ်။ စိန်ခေါ်ပွဲတိုင်းကတော့ ဝေဖန်မှုနဲ့ မကင်းပါဘူး။ တကယ်တမ်း ဖလိုင်းကို ကျွန်တော်ခေါ်ထုတ်ခဲ့တာ။ အားလုံးစီစဉ်ပြီးမှ ဒီလိုဖြစ်သွားတာ ဖလိုင်းအတွက်လည်း စိတ်မကောင်းပါဘူး။ ပြင်ဆင်ချိန်မရခဲ့ပေမဲ့လဲပက်ဒလေအနေနဲ့ သူလုပ်နိုင်တာအားလုံး လုပ်ပြသွားခဲ့ပါတယ်" ဟု ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# မွိုက်ကိန်းအနေဖြင့် ဆေးရုံမှပြန်လည် ဆင်းနိုင်ခဲ့ပြီဟု ဖီအိုရင်တီးနားအသင်းထုတ်ပြန်

ရောမ ဖေဖော်ဝါရီ ၂၄

ဖီအိုရင်တီးနားအသင်းက ဗီရိုနာအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ပြင်းထန်သည့် ဦးခေါင်းဒဏ်ရာရရှိခဲ့ပြီး ကွင်းအတွင်းလဲကျခဲ့သည့် မွိုက်ကိန်းအနေဖြင့် ဆေးရုံမှ ပြန်လည်ဆင်းနိုင်ခဲ့ပြီဟု အတည်ပြု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အီတလီစီးရီးအေပွဲစဉ်(၂၆)အဖြစ် ကစားခဲ့သည့် ဗီရိုနာအသင်းက ဖီအိုရင်တီးနားအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် မွိုက်ကိန်းသည် ပွဲချိန် ၆၇ မိနစ်တွင် ဗီရိုနာအသင်းမှ ဒါဗီဒိုဗစ်နှင့် ကော့ပိုလာတို့နှင့်အတူ ဘောလုံးယှဉ်လုစဉ် ဦးခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်ခဲ့ပြီးနောက် ဖီအိုရင်တီးနားအသင်းဆေးအဖွဲ့၏ ဆေးကုသမှုကိုခံယူခဲ့ရသည်။

မွိုက်ကိန်းအနေဖြင့် ဆေးကုသခံယူခဲ့ပြီး နောက်တွင်လည်း ကွင်းအတွင်း မတ်တတ်ပင်ကောင်းကောင်းမရပ်နိုင်ခဲ့ဘဲ ပြန်လည်လဲကျခဲ့သည့်အတွက် ကွင်းအတွင်းမှ ကစားသမားများ အရေးပေါ်အကူအညီများ လုပ်ဆောင်ခဲ့ပြီးနောက် လူနာတင်ယာဉ်ဖြင့် ကွင်းအတွင်းမှ ချက်ချင်းထွက်ခွာခဲ့ကာ နီးစပ်ရာဆေးရုံသို့ အရေးပေါ်ပို့ဆောင်ပြီး ဆေးကုသမှုများခံယူခဲ့ရခြင်းဖြစ်သည်။

ထို့နောက် မွိုက်ကိန်းအနေဖြင့် ဆေးရုံတွင် အရေးပေါ်ကုသမှုများ လုပ်ဆောင်ခဲ့ပြီးနောက် အနည်းငယ် ပြန်လည်သက်သာလာခဲ့သည့်အတွက် ဆေးရုံမှဆင်းပြီး နေအိမ်တွင်သာ ဆက်လက်ပြီး ဆေးကုသမှုများ ခံယူလျက်ရှိနေသည်ဟု ဖီအိုရင်တီးနားအသင်းက ထုတ်ပြန်ခဲ့သည်။

Ref : Fabrizio Romano

Trs : STA

# Rio Open တင်းနစ်ပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက်ချန်ပီယံဆုကို ဆီဘက်စတီယန် ဆွတ်ခူး

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၄

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင်ကျင်းပခဲ့သည့် Rio Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အာဂျင်တီးနား ဆီဘက်စတီယန်နှင့် ပြင်သစ်တင်းနစ်ကစားသမားမူလာတို့ယှဉ်ပြိုင် ကစားခဲ့ရာ ဆီဘက်စတီယန်က (၆-၂၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာချန်ပီယံဆုအားဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဆီဘက်စတီယန်သည် ပြိုင်ပွဲတစ်လျှောက်လက်ရှိချန်ပီယံ၏ လက်စွမ်းမျိုးပြသသွားနိုင်ခဲ့ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် ATP Tour တွင် ခုနစ်လုံးမြောက်ဆုဖလားအားဆွတ်ခူးသွားနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

Rio Open တင်းနစ်ပြိုင်ပွဲသက်တမ်းတစ်လျှောက် နှစ်နှစ်ဆက်တိုက် ချန်ပီယံဆုဖလားအားဆွတ်ခူးနိုင်ခဲ့သော ဒုတိယမြောက် တင်းနစ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဆီဘက်စတီယန်သည် ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်ခဲ့သော တင်းနစ်ပြိုင်ပွဲများတွင် ရလဒ်မကောင်းခဲ့သလို အောင်မြင်မှုရရှိရန်လည်းရုန်းကန်ခဲ့ရသည်။

ဆီဘက်စတီယန်သည် ပြီးခဲ့သည့်ရက်သတ္တပတ်ကအာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရိစ်မြို့တွင်ကျင်းပခဲ့သော ATP Buenos Aires တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ထိတက်ရောက် နိုင်ခဲ့သော်လည်း ဗိုလ်လုပွဲစဉ်တွင် ဘရာဇီးတင်းနစ်ကစားသမားဖွန်စီကာအားရှုံးနိမ့်ခဲ့ရသည်။



ဆီဘက်စတီယန်က "ပြီးခဲ့တဲ့လတစ်လလုံး ကျွန်တော့်အတွက် ခက်ခဲတဲ့ကာလတွေပါပဲ။ ပြီးခဲ့တဲ့ရက်သတ္တပတ်မှာလဲ ခက်ခဲမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အခုတော့ ခက်ခဲတဲ့ကာလတွေကို ကျော်ဖြတ်နိုင်ခဲ့ပြီလို့ ကျွန်တော်ယုံကြည်ပါတယ်။ မနှစ်တုန်းကလဲ Rio Openတင်းနစ်ပြိုင်ပွဲမှာပျော်ရွှင်မှုတွေနဲ့ အဆုံးသတ်ခွင့်ရခဲ့တယ်။ ဒီနှစ်မှာလဲ မနှစ်ကအပျော်တွေကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့တယ်။ အကောင်းဆုံးအချိန်တွေပြန်ရောက်လာပြီလို့ လဲယုံကြည်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# နီပေါဖိတ်ခေါ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အိမ်ရှင်နီပေါအမျိုးသမီးအသင်းနှင့် မြန်မာအမျိုးသမီးအသင်းတို့ ဖေဖော်ဝါရီ ၂၆ ရက်တွင်ကစားရမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နီပေါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက် ရှိနေသည့် နီပေါ လေးနိုင်ငံဖိတ်ခေါ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အိမ်ရှင်နီပေါအမျိုးသမီးအသင်းနှင့် မြန်မာအမျိုးသမီးအသင်းတို့ ဖေဖော်ဝါရီ ၂၆ ရက်တွင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

နီပေါ ဖိတ်ခေါ်ဖလားပြိုင်ပွဲကို အိမ်ရှင်နီပေါအမျိုးသမီးအသင်းနှင့်အတူ မြန်မာအမျိုးသမီးအသင်း၊ လက်ဘနွန်အမျိုးသမီးနှင့် ကာဂျစ်စတန်အမျိုးသမီးအသင်း စသည့် အသင်းလေးသင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲစည်းမျဉ်းများအရ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပထမနေရာမှ အသင်းနှင့် ဒုတိယနေရာမှ အသင်းတို့မှာ ဗိုလ်လုပွဲစဉ် ကစားသွားရမည်ဖြစ်သည်။

နီပေါ ဖိတ်ခေါ်ဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် အိမ်ရှင်နီပေါအမျိုးသမီးအသင်းနှင့် မြန်မာအမျိုးသမီးအသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည့်အတွက် မြန်မာအမျိုးသမီးအသင်းက ရမှတ် ခုနစ်မှတ်ဂိုးကွာခြားချက်အသာဖြင့် အုပ်စုပထမနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး နီပေါအသင်းကလည်း ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်သုံးပွဲကစားခဲ့ရာ လက်ဘနွန်အမျိုးသမီးအသင်းကို သုံးဂိုး တစ်ဂိုး၊ ကာဂျစ်စတန် အမျိုးသမီးအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး နီပေါအမျိုးသမီးအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

နီပေါဖိတ်ခေါ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် နီပေါအမျိုးသမီးအသင်းနှင့် မြန်မာအမျိုးသမီးအသင်းတို့သည် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)တွင် ရခိုင်ယူနိုက်တက်အသင်း အနိုင်ရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရောဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၈မိနစ်တွင် သက်ထွန်းအောင်က ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ရောဝတီယူနိုက်တက်အသင်း၏ ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် မိနစ် ၅၀ တွင် နန်းထိုက်ဇော်က ရောဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် လက်ကျန်ပွဲချိန်များတွင် သရေရလဒ်ထွက်ပေါ်ရန် နီးစပ်ခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ အပြီး အချိန်ပိုသုံးမိနစ်တွင် ရခိုင်ယူနိုက်တက်အသင်း ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ သက်ထွန်းအောင်ကပင် အမှားအယွင်းမရှိ ကန်သွင်းပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်အသင်းမှ သက်ထွန်းအောင်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA



# ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အမေရိကန်နိုင်ငံအပေါ် မှီခိုလာသည့် စင်ကာပူနိုင်ငံ

နေရှား(သုတေသန)

စင်ကာပူနိုင်ငံ၏ ကာကွယ်ရေးတည်ဆောက်မှုတွင် ဒေသတွင်းတည်ငြိမ်ရေး၊ စစ်ရေးကာကွယ်မှုနှင့် သံတမန်ဆက်ဆံရေးတို့ ပါဝင်သည်။ အရှေ့တောင်အာရှတွင် အမေရိကန်နိုင်ငံ၏ အားကောင်းသည့် မိတ်ဖက်နိုင်ငံများအနက်မှ တစ်ခုဖြစ်ပြီး ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးမူဘောင်ကို ပံ့ပိုးရာတွင် မရှိမဖြစ် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နယ်စပ်လုံခြုံရေး၊ ရေကြောင်းလုံခြုံရေး၊ စစ်ရေးပြင်ဆင်မှု၊ ချူကလီးယားလက်နက်ပြန့်ပွားမှုတန်ပြန်ရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် အကြမ်းဖက်မှု တန်ပြန်ရေးတို့အပါအဝင် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ စင်ကာပူနိုင်ငံမှ ပေးအပ်သော သွားလာခွင့်၊ အခြေခံနှင့် ပျံသန်းမှုဆိုင်ရာ အထူးအခွင့်အရေးများသည် လွတ်လပ်ပွင့်လင်းသောအင်ဒို-ပစိဖိတ်ဒေသကို အားကောင်းလာစေရန်အတွက် အမေရိကန်နိုင်ငံအစိုးရ နှင့် မိတ်ဖက်ကြိုးပမ်းမှုများကို မြှင့်တင်ပေးသကဲ့သို့ စင်ကာပူနိုင်ငံ၏ လုံခြုံရေးအတွက်လည်း အားကောင်းစေသည်။

**စင်ကာပူနိုင်ငံရင်ဆိုင်နေရသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ**

စင်ကာပူနိုင်ငံကို ကမ္ဘာပေါ်တွင် အလုံခြုံဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ယူဆကြသော်လည်း ထူးခြားသော လုံခြုံရေးစိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည်။ နိုင်ငံကြီးများနှင့် ဝန်းရံထားသည့်နိုင်ငံငယ်လေးဖြစ်သောကြောင့် ၎င်း၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေးကိုထိန်းသိမ်းရန် ဂရုတစိုက်လုပ်ဆောင်ရမည်ဖြစ်သည်။ တောင်တရုတ်ပင်လယ်တွင် နယ်မြေအငြင်းပွားမှုများနှင့် ဒေသတွင်းစစ်ရေးတည်ဆောက်မှုများကဲ့သို့သော ကိစ္စရပ်များသည် အလားအလာရှိသောခြိမ်းခြောက်မှုများဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများစွာကဲ့သို့ပင် စင်ကာပူနိုင်ငံသည် အကြမ်းဖက်မှု၏ ခြိမ်းခြောက်မှုကို ခံနိုင်ရည်မရှိပေ။ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးဗဟိုချက်အဖြစ် ၎င်း၏ အဆင့်အတန်းနှင့် ၎င်း၏ မတူကွဲပြားသောလူဦးရေသည် အစွန်းရောက်အုပ်စုများအတွက် အလားအလာရှိသော ပစ်မှတ်ဖြစ်စေသည်။ ဒစ်ဂျစ်တယ်ခေတ်တွင် ဆိုက်ဘာလုံခြုံရေးသည် စင်ကာပူနိုင်ငံအတွက် အရေးပါသောစိုးရိမ်စရာတစ်ခုဖြစ်သည်။ အစိုးရ၊ စီးပွားရေးနှင့် နေ့စဉ်လူနေမှုဘဝများတွင် နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုသည့် ချိတ်ဆက်မှုမြင့်မားသော နိုင်ငံတစ်ခုအနေဖြင့် ၎င်းသည် ဆိုက်ဘာတိုက်ခိုက်မှုများမှ အဆက်မပြတ်ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်။

**ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာသဘောတူညီချက်များဖြင့် မှီခိုမှု**

စင်ကာပူနိုင်ငံသည် နိုင်ငံ၏ ပထဝီအနေအထား သေးငယ်မှုကြောင့် နိုင်ငံကို လုံလောက်စွာ ကာကွယ်ရေးအတွက် အမေရိကန်နိုင်ငံနှင့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ သဘောတူညီချက်များပြုလုပ်ထားရှိသည်။ ၎င်းတို့အနက် အချို့သောသဘောတူညီချက်များသည် စင်ကာပူနိုင်ငံအနေဖြင့် အမေရိကန်တို့ ယာယီအခြေစိုက်လှုပ်ရှားခွင့်ပြုခြင်းဖြင့် နိုင်ငံလုံခြုံရေးကို ခိုင်မာအားကောင်းစေရန် ဖြစ်သည်။ အချို့မှာမူ နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းရည်တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရန် ဖြစ်သည်။ စင်ကာပူနိုင်ငံအနေဖြင့် အမေရိကန်နှင့် ပြုလုပ်ထားသည့် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ သဘောတူညီချက်တို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

- အမေရိကန်နှင့် စင်ကာပူတို့သည် မူဝါဒဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု၊ စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများနှင့် စစ်ဘက်ဆိုင်ရာ နည်းပညာ အပါအဝင် ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန်အတွက် မဟာဗျူဟာမြောက်လုပ်ငန်းစဉ် သဘောတူညီချက် (Strategic Procedure Agreement-SPA) ကို ၂၀၀၅ ခုနှစ်တွင်သဘောတူလက်မှတ်ရေးထိုးခဲ့သည်။
- ထို့ပြင် အမေရိကန်နှင့်စင်ကာပူတို့ကြား အဆင့်မြှင့်တင်ထားသည့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (Enhanced Defense Cooperation Agreement) ကိုလည်း လက်မှတ်ရေးထိုးထားသည်။

စင်ကာပူနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်းရှိ အမေရိကန်နိုင်ငံ၏မိတ်ဖက်နိုင်ငံ တစ်နိုင်ငံအဖြစ် တည်ရှိနေဆဲဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် ရရှိသော နားလည်မှုစာချွန်လွှာ၊ ၂၀၀၅ ခုနှစ်တွင် ရရှိသော မဟာဗျူဟာမြောက် မူဘောင်သဘောတူညီချက်နှင့် ၂၀၁၅ ခုနှစ်တွင် ရရှိသော အမေရိကန်-စင်ကာပူအဆင့်မြှင့်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်တို့က အမေရိကန်နိုင်ငံ၏ နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်သော ကာကွယ်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးကို ကျောထောက်နောက်ခံပြုပေးထားသည်။ ၂၀၀၅ ခုနှစ် မဟာဗျူဟာမြောက် မူဘောင်သဘောတူညီချက်တွင်အမေရိကန်နိုင်ငံက စင်ကာပူနိုင်ငံကို အဓိက လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်နိုင်ငံအဖြစ် သတ်မှတ်ထားသည်။ စင်ကာပူနိုင်ငံသည် အမေရိကန်စစ်ရေယာဉ်များအပြင် အမေရိကန်စစ်လေယာဉ်များဖြစ်သည့် လာရောက်လည်ပတ်သော ကမ်းနီးတိုက်ပွဲဝင်စစ်ရေယာဉ်နှင့် P-8 Poseidon လေယာဉ်တို့ကို ဆိုက်ကပ်ရပ်နားအသုံးပြုခွင့်ပေးထားသည်။ ထိုစစ်ရေယာဉ်၊ စစ်လေယာဉ်များ၏ တည်ရှိမှုသည် လွတ်လပ်ပြီး ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသထွက်ပေါ်လာစေရေးကို ရည်ရွယ်ထားသည်။

❖ စင်ကာပူနိုင်ငံသည် နိုင်ငံ၏ ပထဝီအနေအထား သေးငယ်မှုကြောင့် နိုင်ငံကို လုံလောက်စွာ ကာကွယ်ရေးအတွက် အမေရိကန်နိုင်ငံနှင့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာသဘောတူညီချက်များ ပြုလုပ်ထားရှိသည်။ ၎င်းတို့အနက် အချို့သော သဘောတူညီချက်များသည် စင်ကာပူနိုင်ငံအနေဖြင့် အမေရိကန်တို့ ယာယီအခြေစိုက် လှုပ်ရှားခွင့်ပြုခြင်းဖြင့် နိုင်ငံလုံခြုံရေးကို ခိုင်မာအားကောင်းစေရန် ဖြစ်သည်။ အချို့မှာမူ နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းရည် တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေရန်ဖြစ်သည်။ ❖

**စစ်လက်နက်ပစ္စည်းရရှိရေးမှီခိုမှု**

စင်ကာပူနိုင်ငံသည် ၎င်းတပ်မတော်လိုအပ်သည့် ခေတ်မီစစ်လက်နက်ပစ္စည်းအများစုကို အမေရိကန်နိုင်ငံထံမှ ဝယ်ယူလေ့ရှိသည်။ နောက်ဆုံးဝယ်ယူမှုများအဖြစ် ၅ ဒသမ ၅၆ မီလီမီတာ Colt မောင်းပြန်ရိုင်ဖယ် ၁၈၈၅ လက်ကို အမေရိကန်ဒေါ်လာ ၃၁၈၉၄၂၀ ဖြင့် ဝယ်ယူရန် အမေရိကန်၏ ခွင့်ပြုချက်ကို ၂၀၂၃ ခုနှစ်က ရရှိခဲ့သည်။ Colt IAR သည် စင်ကာပူကြည်းတပ်တွင် အသုံးပြုခဲ့သည့် ST Engineering Land Systems ၏ Ultimax 100 ကို အစားထိုးမည်ဖြစ်သည်။ စင်ကာပူနိုင်ငံလေတပ်သည် ယခင်က ကြေညာထားသည့် F-35B ၁၂ စင်း ဝယ်ယူမှုအားဖြည့်စွက်မှုအဖြစ် F-35A တိုက်လေယာဉ်ရှစ်စင်းကို ဝယ်ယူမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးငအင်ဟန်က ပြောကြားခဲ့ပြီးဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် F-35B လေးစင်းကို ကနဦး ဝယ်ယူပြီးနောက် F-35Bs လေးစင်းကို ဝယ်ယူခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဌာနက F-35A ရှစ်စင်းအတွက် မည်မျှကုန်ကျမည်ကို ပြောကြားခြင်းမရှိသော်လည်း F-35A တစ်စင်းတည်းအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၅ သန်း (စင်ကာပူဒေါ်လာ ၁၁၁ သန်း) ကုန်ကျမည်ဖြစ်ပြီး F-35B အတွက် အမေရိကန်ဒေါ်လာ ၁၀၉ သန်း ကုန်ကျမည်ဖြစ်သည်။

**စစ်ဘက်စွမ်းရည်ဖွံ့ဖြိုးရေးအတွက်မှီခိုမှု**

စင်ကာပူနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလေးပေးထားသည့် စစ်ရေးဆွေးနွေးပွဲများစွာတွင်လည်း ပါဝင်ကြသည်။ စင်ကာပူနိုင်ငံရှိ အမေရိကန်သံရုံးတွင် အမြဲတမ်းတည်ရှိနေသည့် ကာကွယ်ရေးဌာန သုတေသနအေဂျင်စီများတွင် ကာကွယ်ရေးဆိုင်ရာခြိမ်းခြောက်မှုအန္တရာယ်လျှော့ချရေးအေဂျင်စီ၊ ကမ္ဘာလုံးဆိုင်ရာ ရေတပ်သုတေသနရုံး၊ ရေတပ်ဆေးဘက်ဆိုင်ရာ သုတေသနစင်တာ (အာရှ)နှင့် ကြည်းတပ်နိုင်ငံတကာနည်းပညာစင်တာ (ပစိဖိတ်)တို့ ပါဝင်သည်။ ရုံးများအားလုံးသည် စစ်ဘက်ဆိုင်ရာ မျှဝေသုံးစွဲမှုဆိုင်ရာ ကိစ္စရပ်များအတွက် စင်ကာပူနိုင်ငံအရာရှိများနှင့် အတူတကွ လုပ်ဆောင်လျက်ရှိသည်။

စင်ကာပူနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် နှစ်နိုင်ငံအကျိုးတူပူးတွဲ၊ ပူးပေါင်းစစ်ရေးလေ့ကျင့်မှု မျိုးစုံကို ပြုလုပ်ထားကြောင်း တွေ့ရှိရသည်။ မျှဝေခံစားနိုင်သောနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်နိုင်ငံသည် စင်ကာပူနိုင်ငံမှ နိုင်ငံစုံပူးပေါင်းဆောင်ရွက်သည့် စင်တာများဖြစ်သည့် အကြမ်းဖက်မှုတန်ပြန်မှုဆိုင်ရာ သတင်းအချက်အလက်၊ သတင်းအချက်အလက် ပေါင်းစပ်ရေးစင်တာ၊ ဒေသဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် သဘာဝဘေး အန္တရာယ်ကယ်ဆယ်ရေးညှိနှိုင်းရေးစင်တာ) တို့ကိုလည်း ပံ့ပိုးကူညီပေးလျက်ရှိသည်။ နိုင်ငံ၏ နယ်မြေရေယာ ကျဉ်းမြောင်းမှုက စစ်ရေးလေ့ကျင့်ခန်းများ၊ အထူးသဖြင့်လေတပ်လေ့ကျင့်ခန်း နှင့် ကြည်းတပ်လေ့ကျင့်ခန်းများအတွက် ကန့်သတ်မှုဖြစ်စေသည်။ ထို့ကြောင့် ပြည်ပနိုင်ငံများတွင် လေ့ကျင့်မှုများပြုလုပ် ပြီး နှစ်နိုင်ငံပုံမှန်ပြုလုပ်သည့် စစ်ရေးလေ့ကျင့်ခန်းများတွင် အောက်ပါလေ့ကျင့်ခန်းများ ပါဝင်သည်-

- **Pacific Griffin လေ့ကျင့်ခန်း။** ရေကြောင်းလုံခြုံရေးကျွမ်းကျင်မှုများ အပါအဝင် ရေတပ်စစ်ဆင်ရေးများတွင် ကျယ်ပြန့်သောစွမ်းရည်များမြှင့်တင်ရန် ဒီဇိုင်းထုတ်ထားသည့် နှစ်နှစ် တစ်ကြိမ်ပြုလုပ်သော နှစ်နိုင်ငံရေတပ်စစ်ဆင်ရေး လေ့ကျင့်မှုဖြစ်ပြီး ဤလေ့ကျင့်ခန်းတွင် စင်ကာပူနိုင်ငံက ပူးပေါင်းပါဝင်လျက်ရှိသည်။
- **Tiger Balm လေ့ကျင့်ခန်း။** နှစ်စဉ်ပြုလုပ်သည့် Tiger Balm လေ့ကျင့်ခန်းသည် စင်ကာပူကြည်းတပ်နှင့် အမေရိကန်ကြည်းတပ်တို့ကြား သက်တမ်းအရင့်ဆုံး နှစ်နိုင်ငံလေ့ကျင့်ရေးခန်းဖြစ်ပြီး ၁၉၈၀ ပြည့်နှစ်တွင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။
- **Valiant Mark စစ်ရေးလေ့ကျင့်ခန်း။** ၂၀၂၄ ခုနှစ်သည် အမေရိကန်မရိန်းတပ်ဖွဲ့နှင့် စင်ကာပူကြည်းတပ်တို့ကြား Valiant Mark စစ်ရေးလေ့ကျင့်မှု၏ ၃၂ နှစ်မြောက် ပြည့်မြောက်သည့် နှစ်ဖြစ်သည်။
- **Commando Sling လေ့ကျင့်ခန်း။** စင်ကာပူလေတပ်နှင့် အမေရိကန်ပစိဖိတ်လေတပ်ဌာနချုပ်တို့သည် ၁၉၉၀ ပြည့်နှစ်ကတည်းက Commando Sling လေ့ကျင့်ခန်းကို ပြုလုပ်ခဲ့သည်။
- **Exercise Forging Sabre လေ့ကျင့်ခန်း။** စင်ကာပူနိုင်ငံသည် အမေရိကန်နိုင်ငံနှင့်Exercise Forging Sabreလေ့ကျင့်ခန်းကို တစ်ဖက်သတ် လက်ခံကျင်းပသည့် တစ်ခုတည်းသော ပစိဖိတ်နိုင်ငံဖြစ်သည်။

အမေရိကန်နိုင်ငံသည် ဒေသတွင်းဖြန့်ကြက်သည့် ၎င်း၏ စစ်ရေယာဉ်များကို ပေါင်းစပ်ညှိနှိုင်းရန်နှင့် အုပ်ချုပ်ပံ့ပိုးမှုများဆောင်ရွက်ရန်အတွက် စင်ကာပူနိုင်ငံ၌ အုပ်ချုပ်ပံ့ပိုးမှုတပ်ဖွဲ့တစ်ခုကို ထားရှိသည်။ စင်ကာပူနိုင်ငံ၏ ရှန်ဂီရေတပ်စခန်းဌာနချုပ်သည် အမေရိကန်လေယာဉ်တင်သင်္ဘောကို လက်ခံနိုင်သည့် ကမ္ဘာပေါ်ရှိ ဆိပ်ကမ်းအနည်းငယ်အနက်တစ်ခုဖြစ်ပြီး အမေရိကန်လေယာဉ်တင်သင်္ဘောပုံမှန်ဆိုက်ကပ်မှု ပြုလုပ်ခွင့်ရရှိစေသည်။ စင်ကာပူနိုင်ငံ၌ ထားရှိသည့် အမေရိကန်၏ ကမ်းရိုးတန်းကင်းလှည့်ရေယာဉ်နှင့် P-8 Poseidon လေယာဉ်သည် တောင်တရုတ်ပင်လယ်အတွင်း အခြားနိုင်ငံများနှင့် ပြုလုပ်သည့် လေ့ကျင့်ခန်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုလုပ်ငန်းများတွင်ပါဝင်လေ့ရှိသည်။ စင်ကာပူတပ်ဖွဲ့များသည်လည်း အမေရိကန်၏ အလယ်ပိုင်းကွပ်ကဲမှုဌာနချုပ်တွင် တိုက်ခိုက်ရေးမဟုတ်သော တာဝန်ဖြင့်ထားရှိပြီး ပူးပေါင်းအထူးတာဝန်တပ်ဖွဲ့၌လည်း ထားရှိသည်။

ခြုံ၍ ဆိုရလျှင် စင်ကာပူနိုင်ငံသည် အရှေ့တောင်အာရှတွင် အသေးငယ်ဆုံးနိုင်ငံဖြစ်သည့်တိုင် ခေတ်အမီဆုံးတပ်မတော်ကို ပိုင်ဆိုင်ထားသည်။ နိုင်ငံတော်ကာကွယ်ရေးကိုလည်း စီးပွားရေးနှင့် ဒွန်တွဲတည်ဆောက်ထားခြင်းကြောင့် သာမန်ကာကွယ်ရေးမူဝါဒများထက် ပိုမိုထိရောက်မှုရှိစေသည်။ သို့သော်လည်း စိန်ခေါ်မှုမျိုးစုံရှိလာသည့် လုံခြုံရေးကို စိတ်ချရစေရန်အတွက် အမေရိကန်နိုင်ငံကဲ့သို့သော အင်အားကြီးနိုင်ငံအပေါ် မှီခိုအားထားသည်ကိုတွေ့ရှိရသည်။ အမေရိကန်စစ်ရေယာဉ်များ၊ လေယာဉ်များဆိုက်ကပ်ခွင့်ပြုထားခြင်းကပင် ၎င်းအတွက် များစွာအထောက်အကူဖြစ်စေကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ စင်ကာပူနိုင်ငံသည် ၎င်း၏ ကာကွယ်ရေးစွမ်းအားခိုင်မာစေရန်နှင့် လုံခြုံရေးဆိုင်ရာ စိတ်ချရစေရန်အတွက် အမေရိကန်အပေါ် မှီခိုမှုများ ဆက်လက်ပြုလုပ်နေမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- US-Singapore Relation by CRS Report, May 20, 2024

# မန်းရွှေစက်တော်ဘုရားဗုဒ္ဓပူဇနိယပွဲတော်သို့ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူ ၄၀၀၀ နီးပါး လာရောက်ဖူးမြော်ထား



ရန်ကုန် ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်သို့ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူ ၄၀၀၀ နီးပါး လာရောက် ဖူးမြော်ထားကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုထံမှ သိရသည်။

မန်းရွှေစက်တော်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း၅ရက်မှ စတင်ကာ မြန်မာနှစ်ဆန်း တစ်ရက်နေ့ထိ အစဉ်အလာမပြတ် ကျင်းပလေ့ရှိပြီး ယခုနှစ်လည်း ဖေဖော်ဝါရီလ ၂ ရက်မှ စတင်ကာ ဧပြီ၁၇ ရက်ထိ ၇၅ ရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

''နှစ်စဉ် ကျင်းပနေကြအတိုင်း တပို့တွဲလဆန်း ၅ ရက် ကနေ စတင်ပြီးတော့ ရက်ပေါင်း ၇၅ ရက် တိုင်တိုင် ကျင်းပလျက်ရှိပါတယ်။ တည်းခိုဆောင်ပေါင်း ၄၈၄ ခန်းနဲ့ ဈေးဆိုင်ခန်းပေါင်း ၄၁၉ ခန်းကို ဖွင့်လှစ်ပေးထားပါတယ်။ ဘုရားဖူးဝင်ရောက်မှု အနေနဲ့ကတော့ တပို့တွဲလဆန်း ၅ ရက် ကနေ စတင်ပြီးတော့ ဒီနေ့အထိ ဘုရားဖူးယာဉ်ပေါင်း ၆၀၀ ကျော် ဝင်ရောက်ထားပြီးတော့ ဘုရားဖူးပြည်သူ ၄၀၀၀ နီးပါး လာရောက်ဖူးမြော် ထားပါတယ်'' ဟု ဦးအေးကိုက ပြောသည်။

မန်းရွှေစက်တော်ဘုရားပွဲတော်ဖွင့်ပွဲနေ့တွင် အထက်စက်တော်ရာနှင့်အောက်စက်တော်ရာတို့ကို ဖွင့်လှစ်ပြီး အပူဇော်ခံလေ့ရှိကာ ပွဲတော်ပိတ်ပွဲနေ့တွင် စက်တော်ရာနှစ်ဆူကို ပြန်လည်ပိတ်ထားလေ့ရှိပြီး အောက်စက်တော်ရာကိုအလင်းပေါက်ဖန်အုပ်ဆောင်းဖြင့် ဖုံးအုပ်ထားသောကြောင့် ပွဲတော်ချိန်ပြင်ပတွင်လည်း လာရောက်ဖူးမြော်နိုင်ကြောင်း သိရပြီး မန်းရွှေစက်တော် ဘုရားပွဲသို့ စနေ၊ တနင်္ဂနွေရက်များ၊ တပေါင်းလပြည့်နေ့နှင့် သင်္ကြန်ရက်များတွင် ဘုရားဖူးအများဆုံးလာရောက် ဖူးမြော်ကြကြောင်း သိရသည်။ ASH

# Street Fighter ဇာတ်ကားကို ဒါရိုက်တာ ကီတာအိုဆာကူရိုင်း ရိုက်ကူးမည်ဖြစ်

နယူးယောက် ဖေဖော်ဝါရီ ၂၄

Legndary ရုပ်ရှင်ကုမ္ပဏီ၏ Street Fighter ဇာတ်ကားကို ဒါရိုက်တာ ကီတာအိုဆာကူရိုင်းက တာဝန်ယူရိုက်ကူးမည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

Street Fighter ဇာတ်ကားသည် Caplom ဂိမ်းကုမ္ပဏီ၏ Street Fighter ဗီဒီယိုဂိမ်းများကို အခြေခံရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။

ဒါရိုက်တာ ကီတာအိုဆာကူရိုင်းသည် Netflix ၏ Bad Trip (2021) ဟာသဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်ပြီး Twisted Metal၊ Dave နှင့် The Premise စသည့် နာမည်ကျော် ဇာတ်လမ်းတွဲများကို ရိုက်ကူးခဲ့သူလည်း ဖြစ်သည်။

လက်ရှိအချိန်တွင် Street Fighter ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Legndary ရုပ်ရှင်ကုမ္ပဏီက ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရိုက်ကူးမည့် အချိန်နှင့် ပါဝင်သရုပ်ဆောင်မည့် သူများကိုလည်း မသိရသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# တေးသံရှင် မျိုးကြီး၊ ပိုင်ပိုင်း၊ စိုင်းစိုင်းခမ်းလှိုင်တို့ သီဆိုဖျော်ဖြေမည့် ချန်ပီယံတေးဂီတဖျော်ဖြေပွဲကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျင်းပသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တေးသံရှင် မျိုးကြီး၊ ပိုင်ပိုင်း၊ စိုင်းစိုင်းခမ်းလှိုင်တို့ သီဆိုဖျော်ဖြေမည့် ချန်ပီယံတေးဂီတဖျော်ဖြေပွဲကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မတ် ၁ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း တေးသံရှင် မျိုးကြီးထံမှ သိရသည်။




အဆိုပါ ချန်ပီယံတေးဂီတဖျော်ဖြေပွဲကို Myanmar National League၏ အအောင်မြင်ဆုံး အသင်းတစ်သင်းဖြစ်သည့် ရှမ်းယူနိုက်တက်ဘောလုံးအသင်းက စီစဉ်ကျင်းပခြင်းဖြစ်ပြီး တောင်ကြီးမြို့ပြည်နယ် အားကစားခန်းမကြီးတွင် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

''မတ်လ ၁ ရက်မှာ ရှမ်းယူနိုက်တက် - ဟံသာဝတီယူနိုက်တက်ပွဲစဉ်အပြီး ချန်ပီယံဆုပေးပွဲ အခမ်းအနားကို တောင်ကြီးမြို့ ပြည်နယ် အားကစားခန်းမထဲမှာ ဂီတဖျော်ဖြေပွဲ ကျင်းပမှာဖြစ်ပါတယ်။ ရှမ်းယူနိုက်တက်အသင်းကို ချစ်တဲ့၊ အားပေးတဲ့ ပရိသတ်တွေအတွက် စီစဉ်တဲ့ဂီတဖျော်ဖြေပွဲအတွက် အခမဲ့လာရောက်ကြည့်ရှုနိုင်ဖို့ စီစဉ်ထားပါတယ်'' ဟု တေးသံရှင် မျိုးကြီးက ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲ ကျင်းပမည့်နေ့တွင် ရှမ်းယူနိုက်တက် အသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်းတို့၏ လက်ကျန် ၃ ပွဲအနက် နောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။ ASH

# Godzilla and Kong ဇာတ်ကား၌ မင်းသား ဂျက်အိုကွန်နဲက် ပါဝင်မည်

နယူးယောက် ဖေဖော်ဝါရီ ၂၄

Legndary ရုပ်ရှင်ကုမ္ပဏီ၏ Godzilla and Kong ဇာတ်ကားသစ်၌ မင်းသား ဂျက်အိုကွန်နဲက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဂျက်အိုကွန်နဲက်သည် မင်းသမီး ကိတ်သလင်းဒီဗာ၊ မင်းသား ဒန်စတီဗင်ဆင် တို့နှင့် အတူသရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Godzilla and Kong ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ်အသေးစိတ်ကို Legndary ရုပ်ရှင်ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

Godzilla and Kong ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂရန်းစပူတိုရီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေ့ကယ်လာဟမ်က ရေးသားထားခြင်း ဖြစ်ကြောင်း သိရသည်။

Godzilla and Kong ဇာတ်ကားသစ် ရိုက်ကူးမည့်အချိန်နှင့် ရုံတင်မည့် အချိန်တို့ကို Legndary ရုပ်ရှင်ကုမ္ပဏီက ပြောကြားထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ဒါရိုက်တာ အောင်မင်းသန်းထွဋ်နှင့် သရုပ်ဆောင် မတူးတို့ကို အလှူငွေများ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဆေးကုသမှုခံယူထားရသည့် ဒါရိုက်တာ အောင်မင်းသန်းထွဋ်နှင့် သရုပ်ဆောင် မတူးတို့အား စေတနာရှင် တစ်ဦးဖြစ်သော ဦးသတိုးစော မိသားစုက မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးမှတစ်ဆင့် အလှူငွေများ လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် က မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတွင် ပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

ရုပ်ရှင်အနုပညာရှင်များဖြစ်သည့် ဒါရိုက်တာအောင်မင်းသန်းထွဋ်သည် ယာဉ်မတော်တဆမှုကြောင့် ဆေးဝါးကုသမှုခံရပြီးသရုပ်ဆောင် မတူးသည်လည်း ကျောက်ကပ် ဝေဒနာကြောင့် ဆေးဝါးကုသမှုခံယူထားရသည့်အတွက်ဦးသတိုးစော မိသားစုကအလှူငွေများ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

''သက်ကြီးကန်တော့ခံ ရုပ်ရှင် အနုပညာရှင်တစ်ဦးဖြစ်တဲ့ သရုပ်ဆောင်မောင်စပ်စုလို့လူသိများတဲ့ ဒါရိုက်တာ အောင်မင်းသန်းထွဋ်က ကားတိုက် ခံလိုက်ရတဲ့အတွက် ဆေးဝါးကုသမှု ခံယူထားသူ ဖြစ်ပါတယ်။ အဲဒီအတွက် ဆေးဝါးကုသမှု အလှူငွေအနေနဲ့ အလှူငွေကျပ် ၄ သိန်း ၂ သောင်းနဲ့ အလားတူ ကျောက်ကပ် ဝေဒနာကြောင့် ဆေးဝါးကုသမှု ခံယူထားရတဲ့ သရုပ်ဆောင် မတူးအတွက်လဲ ဆေးဝါးကုသမှု အလှူငွေအနေနဲ့ အလှူငွေကျပ် ၄ သိန်း ၂ သောင်း စုစုပေါင်း အလှူငွေကျပ် ၈ သိန်း ၄ သောင်းကို ဦးသတိုးစော၊ ဒေါ်သဇင်ကြူ သမီး ထက်ထက်ဆုလှိုင် မိသားစုတို့က လာရောက် လှူဒါန်း သွားပါတယ်''ဟု ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ အလှူငွေများကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကကြီး သရုပ်ဆောင် အောင်လွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးတို့က လက်ခံရယူပေးခဲ့ကြောင်း သိရသည်။ ASH

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses meeting of National Committee on Social Protection



Vice-Senior General Soe Win addresses the meeting of the National Committee on Social Protection.

**Nay Pyi Taw February 24**

The National Committee on Social Protection held a meeting at the Ministry of Social Welfare, Relief and Resettlement here this afternoon, addressed by Chairman of the committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were vice chairs of the committee, union ministers, deputy ministers, the deputy auditor-general, the permanent secretary, directors general and officials.

In his address, the Vice-Senior General said today's meeting was the 8th meeting of the committee. The current social protection undertakings must be further broadened by applying year-by-year improving work implementation methods through suggestions and resolutions of the meeting.

The National Level Social Protection Strategy (2014) of Myanmar, adopted for carrying out social protection activities is now ten years old. Union minister members of the committee and departments must collect the progress of work in connection with the task of the strategy during the ten-year period, and must document its pros and cons. This process will enable the coming governments to further improve and widen social protection undertakings, which has two parts. The first one is the Social Insurance System, set up with the funds proportionately contributed by the employers and employees and State's fair contribution, and the social security teams under the MoSWRR are applying this system. The second is the Social Assistance Scheme, set up by the State funds and contributions of well-wishers, and MoSWRR is implementing it. Today, the MoSWRR's undertakings will be discussed.

With the aim of carrying out social protection undertakings in connection with the international community and sharing the good practices with other member countries, Myanmar has been cooperating with 338 bodies of 163 countries of the International Social Security Association-ISSA) since 4 October 1927. Moreover, Myanmar became a member of ASEAN Social Security Association-ASSA, with the aim of sharing good experience and practices, on 10 September 2015 after signing the MoU. The country is now working together with 20 social security bodies of 10 ASEAN member states.

Social protection has nine kinds of benefits. They are: healthcare benefit, sickness benefit, unemployment benefit, old age benefit, workplace injury benefit, benefit for family support, maternity benefit, survivor benefit, and critical injury benefit. The amount of each benefit depends on the financial power. Myanmar is conducting social protection activities with international cooperation. The Social Welfare Department is planning to provide Social Pension for 85 and above seniors, and launch the Maternal and Child Cash Transfer Program (MCCT) for expectant mothers and their children under two years of age in fiscal year 2024-2025 through Myanmar Economic Bank branches. The two schemes are covered by its financial aid program for social protection. The department is also planning to start a financial aid program for children under two years of age. Officials must ensure that no child is left behind in their all-inclusive intellectual development scheme for children under two years of age.

In addition, the Anti-Corruption Commission will also initiate a social protection financial assistance program through the ongoing "Public Feedback Programme (PFP)." Furthermore, the relevant ministries are facing challenges in securing funding for the implementation of social protection programs.

Immediate action must be taken to implement measures that will enhance social protection activities. At present, support is provided through state funds, and preparations must be made to increase this support in the future. Likewise, employers should explore various ways to provide support to their employees. He stated the intention to discuss not only current activities but also future support programs, with a focus on the state's financial sector. Social protection services are present in every country. Globally, social protection spending accounts for 12.9 percent of GDP, while in the lowest-income countries, it represents only 1.1 percent of GDP. The percentage of support can be observed based on each country's GDP. A study should be conducted to analyze the support provided by various countries and compare it with the support provided by our own country.

In addition, to grant exemptions for the elderly under the Elderly Law enacted in 2016, particularly regarding the issuance of senior citizen identification cards, the first step is to engage in discussions with the relevant ministries to negotiate exemptions and concessions in the regulations, focusing on the services they can offer. In the second step, the committee should issue a public notice to inform the public about the exemptions and percentage reductions available for each service. The third step should be to collect, verify, and issue identification cards to senior citizens based on their age group. Additionally, social management information should be continuously updated.

Social protection activities are essential responsibilities for any government. Furthermore, he stated that, as these are investment projects that directly benefit the public, attendees should openly discuss the implementation status of the relevant sectors, future plans, and necessary recommendations.

Subsequently, Union Minister Dr. Soe Win, Deputy Chairman of the National Committee for Social Protection, delivered a presentation on the national strategic plans for social protection, ongoing activities, and future initiatives. Next, Deputy Chairman Union Minister U Chit Swe explained and discussed the Ministry of Labor's efforts in providing full benefits and medical treatment to insured workers. Then, Vice Chairman Union Minister Dr. Thet Khaing Win explained and presented the measures taken to improve healthcare quality and reduce the public's financial contributions.

Afterwards, Deputy Minister U Soe Kyi, Secretary of the National Committee for Social Protection, provided an explanation on the implementation of the decisions made at the previous meeting.

Then, Deputy Ministers who are members of the National Committee for Social Protection discussed the implementation of social protection activities, collaborations, and recommendations from their respective ministries.

Afterwards, the Vice-Senior General coordinated the necessary actions based on the discussions and presentations, delivered concluding remarks, and closed the meeting.

100

# Yekyi Township dispatches a large volume of 90-day paddy to Yangon Market in January

**Yekyi February 24**

Daw Myat Myat Thu, a rice and paddy trader from Yekyi Township of Ayeyawady Region, stated that a significant quantity of 90-day paddy was supplied to the Yangon market from Yekyi Township during January.

In December 2024, only 55,000 baskets of 90-day paddy were sent to the Yangon market. In January 2025, the volume increased to 72,000 baskets.

"The demand in the Yangon rice and paddy market started rising from the first week of January. As a result, we managed to sell up to 72,000 baskets of 90-day paddy to the Yangon market. The domestic rice market in Yangon has been actively purchasing rice and paddy from the Ayeyawady Region. Currently, the Yangon market continues to buy paddy, and the exported paddy is of good quality," said Daw Myat Myat Thu.

The price of 90-day paddy from Yekyi Township reached up to K1,790,000 per 100 baskets. Due to the continuous exports, traders, farmers, truck rental operators, and laborers involved in loading and unloading goods are all benefiting from stable business operations.

Kyaw Kyaw Lin

# 150 more illegal foreign migrants to Myanmar detained



**Nay Pyi Taw February 24**

The government has cracked down on criminal activities in border areas including online gambling and scams effectively and, today, detained 150 more illegal migrants who entered Shwe Kokko and KK Park - Myawady through illegal routes.

Combined teams of relevant departments are collecting their personal information and documents within a day in order to repatriate them to relevant countries as soon as possible. Between 30 January and 24 February, 2025, a total of 2,370 illegal foreign migrants were uncovered and detained and 673 of them have been repatriated to relevant countries through Thailand in accordance with the law, rules and regulations. The remaining 1,697 illegal migrants are ready for repatriation. The 2,370 illegal foreign migrants include citizens of China, Indonesia, Vietnam, Malaysia, Pakistan, India, Uganda, Ethiopia, Nepal, Thailand, Rwanda, Kenya, Kazakhstan, Cambodia and China (Taipei) and majority of them are from China.

100

**150 illegal foreign intruders further detained.**

# Farmers complete cultivation of more than 2,000 acres of chilli in Sagaing District

**Sagaing February 24**

Statistics of Sagaing District Agriculture Department stated that a total of 2,291 acres of chilli has been planted in Sagaing District of Sagaing Region this cold season.

In 2024-25 cold season, local authorities earmarked cultivation of 2,373 acres of chilli in Sagaing District but farmers have planted 2,291 acres of crops against the target.

Daw Thida Lwin, Head of Sagaing District Agriculture Department explained: "Local farmers have grown 2,291 acres of chilli against the target of 2,372 acres in Sagaing District. They are trying to meet the target cultivation. The crops are thriving at the farms. Our department helped local farmers grow chilli on a commercial scale."

Sagaing Township planted 1,161 acres of chilli, Myinmu Township 341 acres and Myaung Township 789 acres, totalling 2,291 acres.

In 2024-25 cold season, local authorities earmarked cultivation of 1,151 acres of chilli in Sagaing Township, 450 acres in Myinmu Township and 771 acres in Myaung Township, totalling 2,372 acres.

Staff members of district and township Agriculture Departments help local farmers get good prices for chilli, secure market share, apply agricultural techniques, prevent pests and improve soil nitrition.

In growing chilli plants, farmers need to cost some K1.5 million per acre for own croplands and some K2.5 million for rented croplands. Harvest of chilli can be conducted once every 15 days till six months. The chilli farm can yield some 100 viss of chilli for the first time and then 400-500 viss per week.

206



A chili plantation.

# USAID to fire 1,600 employees

**Washington February 24**

The U.S. Agency for International Development (USAID) will lay off 1,600 employees in the United States and place the majority of the remaining staff on administrative leave, the agency said Sunday.

"As of 11:59 p.m. EST (Eastern Standard Time) on Sunday, Feb. 23, 2025, all USAID direct hire personnel, with the exception of designated personnel responsible for mission-critical functions, core leadership and/or specially designated programs, will be placed on administrative leave globally," the agency said on its website.

"Concurrently, USAID is beginning to implement a Reduction-in-Force that will affect approximately 1,600 USAID personnel with duty stations in the United States," it said, noting that individuals who are affected will receive specific notifications on Sunday.

"Designated essential personnel" who are expected to continue working will be informed by the agency leadership by 5 p.m. EST on Sunday.

For overseas personnel, USAID intends for a voluntary agency-funded return travel program and other benefits, it added.

USAID is a key target for government reform by the Department of Government Efficiency (DOGE), led by Elon Musk.

Earlier this month, U.S. President Donald Trump said that there was "tremendous fraud" in the use of USAID funds at "unprecedented levels of corruption," and demanded that it be shut down.

On Feb. 4, the official website of USAID issued a notice that starting 11:59 p.m. EST on Feb. 7, all directly employed personnel worldwide would be placed on "administrative leave," with a few designated individuals as exceptions.

On Feb. 7, Judge Carl Nichols of the U.S. district court for the District of Columbia ruled in favor of a request from U.S. labor unions to delay USAID's global employee "administrative leave" plan.

Xinhua

# Feature: Ancient Afghan method preserves grapes fresh for 6 months

**Kabul February 24**

Most families in the northern outskirts of Kabul, the capital of Afghanistan, use an age-old technique to preserve fresh fruits, especially grapes, for up to half a year.

The preservation technique using an airtight mud container called Kangana has been practiced for over a thousand years in Afghanistan, especially by the residents of the Kalakan district of Kabul, a tradition that continues to thrive today.

Made of mud, Kangana consists of two bowl-like sections which can be sealed after people put grapes in them. Storing grapes in early October can keep the fruit fresh until the end of March next year.

According to local residents, peppers and apples were stored in this way in the past, but now that these products are available in the winter, there's no need to do so.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Insitu ကုမ္ပဏီက အမေရိကန်ရေတပ်အတွက် မောင်းသူမဲ့လေယာဉ်များပံ့ပိုးပေးရန် စာချုပ်ချုပ်ဆို



အမေရိကန်နိုင်ငံ Boeing ကုမ္ပဏီလက်အောက်ခံ Insitu ကုမ္ပဏီသည် အမေရိကန်ရေတပ်အတွက် RQ-21 Blackjack နှင့် MQ-27 ScanEagle မောင်းသူမဲ့လေယာဉ်များ ပံ့ပိုးပေးရန်အတွက် အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၃ သန်းတန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစာချုပ်တွင် RQ-21A နည်းဗျူဟာမြောက်အသေးစားဒရုန်း ၂၁ စင်းနှင့် MQ-27 စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက် မောင်းသူမဲ့လေယာဉ် ၄၇ စင်းတို့ကို ရေတပ်စစ်ဆင်ရေးများ၊ နိုင်ငံခြား စစ်ဘက်ရောင်းချခွင့်ပြုထားသည့် နိုင်ငံများနှင့် အခြားမိတ်ဖက်လုပ်ဆောင်ချက်များအတွက် ခွဲဝေအသုံးပြုရန် သတ်မှတ်ပေးထားကြောင်း သိရသည်။ ၎င်းတွင် စနစ်နှင့်ဆက်စပ်နေသည့် Payload များ၊ အထောက်အကူပြုပစ္စည်းကိရိယာများ၊ ဆုံလည်များ၊ အပိုပစ္စည်းများ၊ လက်သုံးပစ္စည်းကိရိယာများနှင့် လေ့ကျင့်သင်တန်းပေးရေးတို့ ပါဝင်မည်ဖြစ်သည်။ စာချုပ်နှင့်သက်ဆိုင်သောလုပ်ငန်းများအားလုံးမှသည် အပြီးသတ်လွှဲပြောင်းပေးပို့မှုများထိ ဂျာမနီနိုင်ငံ Bingen မြို့ရှိ Insitu ကုမ္ပဏီဌာနချုပ်နှင့် အမေရိကန်နိုင်ငံ နေရာအသီးအသီးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ Insitu ကုမ္ပဏီအနေဖြင့် စာချုပ်ကို ၂၀၂၆ ခုနှစ် ဇွန်လတွင် အပြီးသတ်လုပ်ဆောင်ရန် စီစဉ်ထားသည်။ ၂၀၁၉ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၃၉၀ တန်ဖိုးရှိ ကနဦးစာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ခဲ့ပြီး Blackjacks ဒရုန်း ၆၃ စင်းနှင့် ScanEagles ဒရုန်း ၉၃ စင်းကို သီးခြားစီဝယ်ယူခဲ့ပြီးဖြစ်သည်။

Insitu ကုမ္ပဏီထုတ် Blackjack ဒရုန်းသည် တောင်ပံအလျား ၁၆ ပေနှင့် ကိုယ်ထည်အလျား ရှစ်ပေ၊ Payload မပါဘဲ ဒရုန်း၏ သီးသန့်အလေးချိန် ၁၃၅ ပေါင်ရှိကာ ဒလက်နှစ်ခုပါ တောင်ပံများဖြင့် တွန်းအားပေးပျံသန်းနိုင်ပြီး မြင်းကောင်ရေ ရှစ်ကောင်အားရှိ EFI အင်ဂျင်အမျိုးအစား တပ်ဆင်အသုံးပြုထားသည်။ အလျင်နှုန်း တစ်နာရီလျှင် မိုင် ၁၀၀ ဖြင့် အမြင့်ပေ ၁၉၅၀၀၊ အကွာအဝေး ၅၀ နော်တီကယ်မိုင်၊ လေထဲတွင် ၁၆ နာရီကြာ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိမည်ဖြစ်သည်။

MQ-27 ScanEagle ဒရုန်းသည် ကိုယ်ထည်အလျား ခြောက်ပေရှိပြီး တောင်ပံအလျား ၁၀ ပေနှင့် အလေးချိန်ပေါင် ၄၀ ရှိသည်။ ၎င်းတွင် 3W/2-stroke ပစ္စတင်အင်ဂျင်တပ်ဆင်ထားပြီး အလျင်နှုန်း တစ်နာရီလျှင် ၉၂ မိုင်ဖြင့် အမြင့်ပေ ၁၉၅၀၀၊ အကွာအဝေးမိုင် ၆၀ နှင့် လေထဲတွင် နာရီ ၂၀ ကြာ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိမည်ဖြစ်သည်။

ScanEagle နှင့် Blackjack ဒရုန်းနှစ်မျိုးစလုံးသည် ရေတပ်လေကြောင်းစွမ်းအားအတွက် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်ရေးစွမ်းရည်များကို ပိုင်ဆိုင်ထားနိုင်မည်ဖြစ်သည်။ ၎င်းဒရုန်းစနစ်များကို ပြေးလမ်းမလိုအပ်ဘဲ လုပ်ဆောင်နိုင်စေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည့်အတွက် ပင်လယ်ရေကြောင်းပတ်ဝန်းကျင်အခြေအနေများအတွက် လိုက်လျောညီထွေဖြစ်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ScanEagle ဒရုန်းသည် အခြားစောင့်ကြည့်ထောက်လှမ်းရေးနည်းလမ်းများထက် ကုန်ကျစရိတ်သက်သာစွာ အမြဲမပြတ်စောင့်ကြည့်ခြင်းနှင့် ထောက်လှမ်းခြင်းတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အဆိုပါဒရုန်းကို အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများတွင် ဖြန့်ကြက်အသုံးပြုလေ့ရှိပြီး မြေပြင်နှင့်ရေပြင် စစ်ဆင်ရေးနှစ်ရပ်စလုံးအတွက် ဘက်စုံအသုံးပြုနိုင်သည့် ဒရုန်းအမျိုးအစားလည်းဖြစ်သည်။ အဆိုပါဒရုန်းစနစ်များအတွက် ၎င်းတို့၏ယုံကြည်စိတ်ချရမှု၊ တိုက်ပွဲဝင်သက်သေပြနိုင်သည့် စွမ်းဆောင်ရည်နှင့် စိန်ခေါ်မှုများသော ပတ်ဝန်းကျင်အခြေအနေများတွင် ပျံသန်းလုပ်ဆောင်နိုင်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားကို ခိုင်မာစွာ ဆုပ်ကိုင်ထားနိုင်ဆဲပင်ဖြစ်ကြောင်း သိရသည်။

**Insitu to Provide More Blackjack, ScanEagle Drones for US Navy** ကို ဘာသာပြန်ဆိုထားပါသည်။

---

## တူကီယဲက KAAN တိုက်လေယာဉ်ဗားရှင်းကို ထုတ်လုပ်နိုင်ရန် နည်းလမ်းရှာဖွေနေ

တူကီယဲနိုင်ငံသည် ခေတ်မီလေယာဉ်တင်သင်္ဘော MUGEM တွင် တင်ဆောင်အသုံးပြုနိုင်သည့် KAAN တိုက်လေယာဉ်ဗားရှင်းကိုထုတ်လုပ်နိုင်ရန် နည်းလမ်းရှာဖွေနေကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤ်ပဏာမခြေလှမ်းသည် ခေတ်မီလေယာဉ်တင်သင်္ဘောတွင် တင်ဆောင်အသုံးပြုနိုင်သည့် တိုက်လေယာဉ်တစ်မျိုးကိုတည်ဆောက်ရန် ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်လာသော မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ လက်ရှိတွင် တူကီယဲရေတပ်၏ ဒီဇိုင်းဗျူရိုနှင့် တူကီယဲလေကြောင်းနှင့်အာကာသစက်မှုလုပ်ငန်းကြား ဆွေးနွေးနေဆဲဖြစ်ပြီး အဆိုပါစီမံကိန်းသည် KAAN တိုက်လေယာဉ်ကို လေယာဉ်တင်သင်္ဘောတွင် တင်ဆောင်အသုံးပြုနိုင်သည့် တိုက်လေယာဉ်ဗားရှင်း၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရန် ဖွဲ့စည်းပုံနှင့် နည်းပညာဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

မူလကမြေပြင်အခြေစိုက်လေကြောင်းစစ်ဆင်ရေးအတွက် ဒီဇိုင်းထုတ်ထားပြီး KAAN တိုက်လေယာဉ်သည် လေယာဉ်တင် သင်္ဘောပေါ်မှပျံတက်ဆင်းသက်နိုင်စေရန် ပြုပြင်မွမ်းမံမှုများလိုအပ်မည်ဖြစ်သည်။ ၎င်းတွင် အဆင်းဂီယာ၊ လေယာဉ်ဖမ်းချိတ်နှင့် ခေါက်နိုင်သောတောင်ပံများ ပြုလုပ်ရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ လေယာဉ်ပျံတက်ခြင်းနှင့် လေယာဉ်တင်သင်္ဘောပေါ်သို့ ပြန်လည်ဆင်းသက်ခြင်း စနစ်အတွက်လည်း တွက်ချက်ထားရမည်ဖြစ်သည်။ MUGEM လေယာဉ်တင်သင်္ဘောသည် ပြေးလမ်းတိုဆင်းသက်နိုင်မည့် STOBAR (Short Take-Off But Arrested Recovery) စစ်ဆင်ရေးအတွက် ဒီဇိုင်းထုတ်ထားပြီး KAAN တိုက်လေယာဉ်သည် ပျံတက်ရန်အတွက် လျှောစီး၍ ခုန်ပျံတက်ခြင်းစနစ်နှင့် ပြန်လည်ဆင်းသက်ရာတွင် ကြိုးများဖြင့် ဖမ်းထိန်းခြင်းနည်းလမ်းတို့ကိုအသုံးပြုသွားရမည်ဖြစ်သည်။ သို့ရာတွင် လောက်လွှဲဖြင့် လေယာဉ်ပျံတက်စေပြီး ပြန်လည်ဆင်းသက်နိုင်သည့် စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားနေသည်။ ၎င်းနည်းလမ်းတွင်မူ လောက်လွှဲဖြင့် လွှတ်တင်မှုကို ခံနိုင်ရည်ရှိစေရန် အားဖြည့်ထားသော အဆင်းဂီယာဘီး ဖွဲ့စည်းတည်ဆောက်ပုံမျိုးကဲ့သို့ထပ်ဆောင်းပြုပြင်မွမ်းမံမှုများ လိုအပ်ဦးမည်ဖြစ်သည်။





တူကီယဲနိုင်ငံက MUGEM လေယာဉ်တင်သင်္ဘောတည်ဆောက်နေမှုကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် တရားဝင်ထုတ်ဖော်ပြသလာခဲ့ပြီး အလျား ၂၈၅ မီတာ၊ တန်ချိန် ၆၀၀၀၀ ရှိ အဆိုပါ လေယာဉ်တင်သင်္ဘောသည် တူကီယဲရေတပ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသောခြေလှမ်းတစ်ရပ်ကို ကိုယ်စားပြုသည်။ ၎င်းတွင် အနံ ၇၂ မီတာနှင့်ကြမ်းခင်းအမြင့် ၁၀ ဒသမ ၁ မီတာရှိသော ထောင့်ချိုးတည်ဆောက်ထားသည့် လေယာဉ်ဆင်းသက်မည့် ကုန်းပတ်တစ်ခုပါရှိသည်။

လေယာဉ်တင်သင်္ဘောများတွင် KAAN တိုက်လေယာဉ်ကိုတင်ဆောင်တိုက်ပွဲဝင်နိုင်ရန် လုပ်ဆောင်လာခြင်းသည် သိသာထင်ရှားသော နည်းပညာဆိုင်ရာစိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း တူကီယဲနိုင်ငံ၏ လေကြောင်းစွမ်းအားကို အဆင့်မြှင့်တင်ရန်အတွက် အချိန်ကာလတစ်ခုသတ်မှတ်လုပ်ဆောင်နေသည့် အစီအစဉ်များနှင့် ကိုက်ညီကြောင်း သိရသည်။

**Türkiye Considers a Carrier-Based Version of KAAN Fighter for Its Future MUGEM Aircraft Carrier** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကသာခရိုင်တွင် ဆီမုန်ညင်းနှင့်ပန်းနှမ်း ၂၇၃၉၆ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကသာ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်း ၂၇၃၉၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း ၂၈၃၂ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၇၃၉၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆီမုန်ညင်းနဲ့ပန်းနှမ်းကို နှစ်စဉ် စိုက်ပျိုးနေပါတယ်။ ဆီမုန်ညင်းနဲ့ပန်းနှမ်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်။ ဒီနှစ် ဆောင်းကာလ ကသာခရိုင်မှာ ဆီမုန်ညင်းနဲ့ ပန်းနှမ်းဧက ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိဧက ၂၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် ဆီမုန်ညင်းနှင့်ပန်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ဆီမုန်ညင်း၁၉၂ ဧက၊ ပန်းနှမ်း ၁၆၀၃၅ ဧက၊ အင်းတော်မြို့နယ်တွင် ဆီမုန်ညင်း ဧက ၁၅၀၊ ပန်းနှမ်း ဧက ၂၂၀၀၊ ထီးချိုင့်မြို့နယ်တွင် ဆီမုန်ညင်းဧက ၃၃၀၊ ပန်းနှမ်းဧက ၄၆၈၀၊ ဗန်းမောက်မြို့နယ်တွင် ဆီမုန်ညင်း ၃၃၂၁ ဧက၊ ပန်းနှမ်း ၄၈၈ ဧက စုစုပေါင်း ၂၇၃၉၆ ဧက ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**လပွတ္တာ ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းကပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ငါးကွမ်းရှပ် အချိုခြောက်နှင့် အငန်ခြောက်နှစ်မျိုးထုတ်လုပ်ရောင်းချပြီး ဖေဖော်ဝါရီလပထမပတ်မှစတင် အရောင်းအဝယ်ကောင်းမွန်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ထွက်ရှိသည့် ငါးကွမ်းရှပ်ခြောက်များ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၂၅၀ မှ ၅၅၀ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

''ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ အခုဖေဖော်ဝါရီလ ပထမပတ်လောက်ကတည်းက စတင် အရောင်းအဝယ် ကောင်းမွန်နေတာပါ။ အခု ငါးကွမ်းရှပ်ခြောက်ဈေးကလဲ အနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေ အပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေပါတယ်''ဟု လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။



လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များကို စနစ်တကျ ပြုလုပ်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် ၁၀ပိဿာလျှင်ငွေကျပ် ၃၀၇၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း ဒေါ်သင်းသင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစု ဝင်ငွေတိုးပွားစေရန်၊ ကျေးလက်နှင့် မြို့ပြကွာဟမှုကို လျှော့ချနိုင်ရန် ရည်ရွယ်၍ တောစိမ့်ကျေးရွာအုပ်စု အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၇ ဒသမ ၉သန်းဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်အခြား လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားသည်။

အုတ်ဖိုကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၇ဒသမ ၉သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၄-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၅၀၀၀/၈၈၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၅၀၀၀/၇၈၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၅၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၃၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၂၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၂၃၅၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၄၁၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၇၃၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၇၉၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၉၆၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၂၅၀၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၆၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၂၅၀၀ |

(၁၉၆)

# သင်တန်းကသင်ကြားပို့ချပေးသည့်နည်းပညာများကို ကြိုးစားသင်ယူ၍ တစ်ပိုင်တစ်နိုင်လုပ်ငန်းမှသည် စီးပွားဖြစ်လုပ်ငန်းများဆီသို့ တက်လှမ်းနိုင်ရေးအတွက် မိမိကျရာအခန်းကဏ္ဍမှ အားကြိုးမာန်တက်ကြိုးစားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနက ကြီးမှူးဆောင်ရွက်သည့် ခြင်းရက်လုပ်နည်းသင်တန်းအမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ညွှန်ကြားရေးမှူးချုပ်များ၊ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း၊အမှုထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းက သင်ကြားပို့ချပေးသည့်နည်းပညာများကို



ကြိုးစားသင်ယူ၍ ကိုယ်ပိုင်အသေးစား လုပ်ငန်းများထူထောင်ပြီး တစ်ပိုင်တစ်နိုင် လုပ်ငန်းမှသည် နိုင်ငံတော်ကချမှတ်ထားသည့်စီးပွားရေးဦးတည်ချက်ကို အထောက်အကူပြုနိုင်သည့် စီးပွားဖြစ်လုပ်ငန်းများဆီသို့ တက်လှမ်းနိုင်ရေးအတွက် မိမိကျရာအခန်းကဏ္ဍမှ အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ သင်တန်းတက်ရောက်သူများအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသားများသို့ ထပ်ဆင့်သင်ကြားပြသပေးနိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြနှင့် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားကြပြီး ဒုတိယဝန်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် သင်တန်းတွင် အသုံးပြုမည့် အထောက်အကူပစ္စည်းများနှင့် လက်တွေ့သင်ကြားဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ သင်တန်းကို ယနေ့မှစ၍ ၁၀ ရက်ကြာစာတွေ့၊လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ဦးရေ ၂၀ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



နှစ် ၈၀ ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ၃၁ ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်း ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နှစ် ၈၀ ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ၃၁ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိစစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များက တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းအား အလေးပြုခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်းပြုလုပ်သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက နှစ် ၈၀ ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ၃၁ ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ(ခ)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင်ကျွမ်းကျင်မှု တတိယဆုရရှိသည့် ဧရာဝတီတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်း အသင်းခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းခေါင်းဆောင်နှင့် ပထမဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်း အသင်းခေါင်းဆောင်တို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (က)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင်ကျွမ်းကျင်မှု အကောင်းဆုံးဆုရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်းခေါင်းဆောင်၊ (ခ)အဆင့်အသင်းလိုက် အထူးဆု ဧရာဝတီတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ (က)အဆင့်အသင်းလိုက် အထူးဆုရရှိသည့် စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တတိယဆုရရှိသည့်ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုရဲတီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်တီးဝိုင်းအသင်းတို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီးအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှစတင်ကျင်းပခဲ့ပြီး နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ၃၁ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှစတင်၍ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**



တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

# သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေး၊ ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေးအတွက် သဘာဝတောများထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် သယံဇာတရေးရာဝန်ကြီးများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေး၊ ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေးအတွက် သစ်တောသစ်ပင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် သဘာဝတောများထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ပလတ်စတစ် စွန့်ပစ်အမှိုက်များသည် ပင်လယ်ပြင်ညစ်ညမ်းမှုနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေသကဲ့သို့ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးဖြစ်ပေါ်စေသည့်အတွက် ဆက်စပ်ဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ပလတ်စတစ်ညစ်ညမ်းမှု လျော့ကျစေရေးတို့ကို ရေရှည်အစီအမံများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊တစ်ခါသုံး ပလတ်စတစ်လျှော့ချရေး၊ ပြန်လည်အသုံးပြုရေးအတွက် 3R(Reduce၊ Reuse၊ Recycle) ကို ဆောင်ရွက်သွားရန် လိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့ချနိုင်ရေးအတွက် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း Fire Hotspots ဖြစ်ပေါ်မှုအား ၂၀၂၆ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်း၊ ၂၀၂၈ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင် ၃၀ ရာခိုင်နှုန်းလျှော့ချနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် လောင်ကျွမ်းသည့်အခြားမီးတို့မှ ဖြစ်ပေါ်လာသော မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချနိုင်ရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင်ရာဌာနများအနေဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ဆောင်ရွက်မှု၊ စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးတက်ရောက်လာသူများသည် ကော်မတီ၏အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက်အသေးစိတ် ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များချမှတ်ကာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများအနေဖြင့် ပြည်ပနိုင်ငံများသို့ လုပ်သားများစေလွှတ်ရာတွင် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေအရပ်ရပ်ကို မြော်တွေးစဉ်းစား၍ ဂုဏ်သိက္ခာရှိသောကုမ္ပဏီများအဖြစ် ရပ်တည်ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာလုပ်သားများ ရုရှားနိုင်ငံသို့ စေလွှတ်နိုင်ရေးအတွက် နှစ်နိုင်ငံ MoU လက်မှတ်ရေးထိုးနိုင်ရေး၊ အလုပ်ရှင် အလုပ်သမား သဘောတူစာချုပ်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA)နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် ARA Academy ရုရှားဘာသာစကား ကျွမ်းကျင်မှုသင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင် ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်မြင့်မားခြင်း၊ ကျင့်ဝတ်သိက္ခာမရှိသည့် လုပ်ငန်းရှင်များထံတွင် အလုပ်လုပ်ကိုင်ရပါကလုပ်ငန်းခွင်ပြဿနာအမျိုးမျိုး ကြုံတွေ့ရခြင်း၊ နေထိုင်မှုဘဝမလုံခြုံခြင်း၊ အဓမ္မအလုပ်လုပ်ကိုင်ခိုင်းစေမှုများကြုံတွေ့ရခြင်း၊အလုပ်ရှင်၊ အလုပ်သမား ဖိနှိပ်ခွဲခြားဆက်ဆံမှုများ ကြုံတွေ့ရခြင်း၊ ကျွမ်းကျင်မှုအရည်အချင်းအလိုက်ရရှိရမည့်လုပ်ခလစာကိုအသိအမှတ်ပြုမရရှိခြင်း၊ ဥပဒေအရ သတ်မှတ်ရက်အလိုက်ရရှိမည့် လုပ်ခလစာမရရှိခြင်းနှင့် လုပ်အားခပြည့်ဝစွာမရရှိခြင်း၊ အလုပ်လုပ်ကိုင်ခွင့်နှင့် နေထိုင်ခွင့်သက်တမ်းတိုးဆောင်ရွက်ရာတွင် အခက်အခဲများရှိခြင်းတို့ကို ကြုံတွေ့နေရကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ပြည်ပနိုင်ငံများသို့စေလွှတ်မည့် မြန်မာလုပ်သားများအား သက်ဆိုင်ရာနိုင်ငံများကထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများရရှိစေရေး၊ စေလွှတ်မည့်နိုင်ငံ၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်အလုပ်ချိန်နှင့်ကျွမ်းကျင်မှုအလိုက် လုပ်ခလစာများရရှိရေးအတွက် အလုပ်ရှင်၊အလုပ်သမား သဘောတူညီချက်စာချုပ်ခိုင်မာစွာချုပ်ဆိုနိုင်ရေး၊ ပြည်ပနိုင်ငံများမှ မိသားစုလွှဲပို့ငွေများ စနစ်တကျလွှဲပို့နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများအနေဖြင့် ပြည်ပနိုင်ငံများသို့ လုပ်သားများစေလွှတ်ရာတွင် မိမိ၏သားသမီးများသဖွယ် သဘောထား၍ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို မြော်တွေးစဉ်းစား၍ ဂုဏ်သိက္ခာရှိသော ကုမ္ပဏီများအဖြစ် ရပ်တည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရှေ့ဖုံးမှအဆက်

ယခုအစည်းအဝေး ဆွေးနွေးမှုမှရရှိလာမည့် အကြံပြုချက်များနှင့် ဆုံးဖြတ်ချက်များမှတစ်ဆင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်သည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု နည်းလမ်းများကို အသုံးပြုပြီး လက်ရှိဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ရေးဆွဲပြဋ္ဌာန်းထားသည့် "မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၁၄)"ကို ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ၁၀ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မတီဝင်ဝန်ကြီးများ၊ ဌာနများအနေဖြင့် မဟာဗျူဟာပါ လုပ်ငန်းရပ်များနှင့် ချိတ်ဆက်ပြီး ၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကိုစုစည်း၍ အားသာချက်၊ အားနည်းချက်များကို မှတ်တမ်းပြုစုသွားကြရန်လိုကြောင်း၊ သို့မှသာ အစိုးရအဆက်ဆက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ ထပ်မံဆောင်ရွက်သည့်အခါတွင် ပိုမိုကောင်းမွန်စေပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် အပိုင်း နှစ်ပိုင်းရှိကြောင်း၊ ပထမအပိုင်းအနေဖြင့် လုပ်ငန်းရှင်နှင့် အလုပ်သမားတို့က အချိုးကျထည့်ဝင်ပြီး နိုင်ငံတော်ကလည်း သင့်တင့်သည့်ထည့်ဝင်မှုများဖြင့် ဆောင်ရွက်သည့် လူမှုရေးအာမခံစနစ် (Social Insurance System) ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနအောက်ရှိ လူမှုဖူလုံရေးအဖွဲ့တို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအပိုင်းအနေဖြင့် နိုင်ငံတော်က မတည်ထည့်ဝင်ငွေနှင့် ပုဂ္ဂလိကစေတနာရှင်များက ထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လူမှုရေးထောက်ပံ့မှုအစီအစဉ်(Social Assistance Scheme)တို့ဖြစ်ကြောင်း၊ ၎င်းအပိုင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနှင့်ဆက်စပ်၍ လူမှုကာကွယ်စောင့်ရှောက်ရေး (Social Protection) လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့်ကျင့်ထုံးများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်းဖလှယ်နိုင်ရေး ရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာလူမှုဖူလုံရေးအသင်း (International Social Security Association-ISSA)ကို ၁၉၂၇ ခုနှစ် အောက်တိုဘာ ၄ ရက်မှစ၍ နိုင်ငံပေါင်း ၁၆၃ နိုင်ငံမှ အသင်းအဖွဲ့အစည်းပေါင်း ၃၃၈ ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် အာဆီယံလူမှုဖူလုံရေးအသင်း (ASEAN Social Security Association-ASSA)ကိုလည်း လူမှုဖူလုံရေးဆိုင်ရာ ကောင်းမွန်သည့်အတွေ့အကြုံများနှင့် အလေ့အကျင့်များမျှဝေနိုင်ရန် ရည်ရွယ်၍ သဘောတူညီချက်စာချွန်လွှာ (Memorandum of Agreement)ကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံမှ လူမှုဖူလုံရေးအဖွဲ့အစည်း ၂၀ ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

လူမှု ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ အကျိုးခံစားခွင့် ကိုးရပ်ရှိကြောင်း၊ ယင်းတို့မှာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ နာမကျန်းအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ သက်ကြီးအကျိုးခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်၊ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ ကျန်ရစ်သူမိသားစုအကျိုးခံစားခွင့်နှင့် ပြင်းထန်စွာထိခိုက်ဒဏ်ရာရသူများ အကျိုးခံစားခွင့်စသည်တို့ဖြစ်ကြောင်း၊ ယင်းတို့ကို မိမိတို့၏ဘဏ္ဍာငွေကြေးသုံးစွဲနိုင်မှုအပေါ် မူတည်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး **လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ဖြစ်သည့် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များကို ထောက်ပံ့သည့် လူမှုရေးပင်စင်အစီအစဉ်(Social Pension)နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (Maternal and Child Cash Transfer Program-MCCT)တို့မှ အကျိုးခံစားခွင့်ရှိသူများကို ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှ တစ်ဆင့် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ထို့ပြင် အသက်နှစ်နှစ်အောက် ကလေးငယ်များ ထောက်ပံ့နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသက်နှစ်နှစ်အောက် ကလေးငယ်အားလုံး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှ မကျန်ခဲ့စေရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)"အသုံးပြု၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စိန်ခေါ်မှုများလည်းရှိကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ယခုအချိန်ကတည်းကပင် အစီအမံများချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်ကရရှိသည့် ရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် တိုးမြှင့်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်အတွက် ယခုကတည်းကပင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ အလားတူ အလုပ်ရှင်များအနေဖြင့်လည်း မိမိတို့ဝန်ထမ်းများကို ပုံစံအမျိုးမျိုးဖြင့် ထောက်ပံ့နိုင်ရေး မျှော်မှန်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများသာမက နောင်တွင် နိုင်ငံတော်၏ငွေကြေးကဏ္ဍအပေါ်မူတည်၍ ထောက်ပံ့ရေးအစီအစဉ်များကို ဆွေးနွေးပေးကြစေလိုကြောင်း၊ နိုင်ငံတိုင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများရှိကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်ပါဝင်မှုရာခိုင်နှုန်းသည် ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဝင်ငွေအနည်းဆုံးနိုင်ငံများအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ် ပါဝင်မှုရာခိုင်နှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ နိုင်ငံ၏ GDP ပေါ်မူတည်၍ ထောက်ပံ့မှုရာခိုင်နှုန်းများကို တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံအလိုက် ထောက်ပံ့မှုများကိုလေ့လာ၍ မိမိတို့နိုင်ငံနှင့် နှိုင်းယှဉ်ဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအရ သက်ကြီးရွယ်အိုများအတွက် လျှော့ပေါ့သက်သာခွင့်ရရှိနိုင်ရေးအတွက် သက်ကြီးရွယ်အိုသက်သေခံကတ်ပြား ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး ပထမအဆင့်အနေဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများပါ ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့သက်သာခွင့်များကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မိမိတို့လုပ်ဆောင်ပေးနိုင်မည့် ဝန်ဆောင်မှုများအပေါ် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့သက်သာခွင့်များကို ညှိနှိုင်းခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဝန်ဆောင်မှုများအလိုက် ကင်းလွတ်ခွင့်နှင့် ရာခိုင်နှုန်းအလိုက် လျှော့ပေါ့သက်သာခွင့်များကို ကော်မတီအနေဖြင့် အများပြည်သူ သိရှိနိုင်ရေး အမိန့်ကြော်ငြာစာထုတ်ပြန်ပေးခြင်း၊ တတိယအဆင့်အနေဖြင့် သက်သေခံကတ်ပြားများ ကိုင်ဆောင်အသုံးပြုရန် အသက်အပိုင်းအခြားအလိုက် သက်ကြီးရွယ်အိုများစာရင်း ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များကိုလည်း အမြဲမပြတ် Update ဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုရန် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများဖြစ်သည့်အတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက်များ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့် အပြည့်အဝရရှိရေး၊ ဆေးကုသနိုင်ရေး ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးများ ကောင်းမွန်လာစေရေးနှင့် ပြည်သူလူထုစိုက်ထုတ်သုံးစွဲသည့် ငွေကြေးလျော့ပါးလာစေရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်ထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ပူးပေါင်းလုပ်ဆောင်နေမှုများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်ဖြစ်သည့် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များကို ထောက်ပံ့သည့် လူမှုရေးပင်စင်အစီအစဉ်(Social Pension)နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့က မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များကို ငွေကြေးထောက်ပံ့ခြင်းအစီအစဉ် (Maternal and Child Cash Transfer Program-MCCT)တို့မှ အကျိုးခံစားခွင့်ရှိသူများကို ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ထောက်ပံ့နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိ...**

**"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက် PDF တွေလား၊ ဘာသာမဲ့အစွန်းရောက်တွေလား"** ခေါင်းစဉ်ဖြင့် ၂၆-၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အမေရိကန်နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်




**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံး၌ တိုင်းဒေသကြီးအတွင်းမှ ဌာနဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့်ကဏ္ဍကြီးများတွင် ခရီးသွားလုပ်ငန်းသည် ကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသည့်အတွက် ဝန်ထမ်းများက အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေးကို အားပေးမြှင့်တင်ပြီး ပြည်သူ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ခံ ညွှန်ကြားရေးမှူးက တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်ရောက်ရှိမှု၊ လုပ်ငန်းလိုင်စင်များခွင့်ပြုပေးထားမှု၊ သင်တန်းများဖွင့်လှစ်ပို့ချပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ရန်ကုန်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)ရှိ သင်တန်းခန်းမများ၊ သင်ထောက်ကူပစ္စည်းများထားရှိမှု၊ သက်မွေးပညာသင်တန်းများဖွင့်လှစ်ပို့ချပေးနေမှုနှင့် မကြာမီဖွင့်လှစ်မည့် တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းလျားလိတ်ဟိုတယ်၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့်ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ဗဟိုအလုပ်အမှုဆောင်များနှင့်တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းတိုးတက်ရေးဆောင်ရွက်ရာတွင် မူဝါဒများကို ချမှတ်ပေးပြီး ပုဂ္ဂလိကကဏ္ဍကသာ အဓိကထားအကောင်အထည်ဖော်ဆောင်ရွက်ရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ အောင်မြင်တိုးတက်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းသာမက ပြည်ပခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက်ကိုပါ အလေးထားသည့်အတွက် အသင်းအဖွဲ့များနှင့် လုပ်ငန်းလုပ်ကိုင်သူများက ပြည်ပခရီးသွားများပိုမိုဝင်ရောက်လာရေးကို အလေးထားဆောင်ရွက်သွားကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းစနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုပါကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက အသင်းလိုက်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ခရီးသွားဈေးကွက်ရရှိရေးအတွက် မြှင့်တင်ဆောင်ရွက်နေမှု၊ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**☆ ကျောဖုံးမှအဆက်**

ဖေဖော်ဝါရီ ၂၀ ရက်က အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် နေထိုင်သူ အသက် ၂၆ နှစ်ရှိ အမျိုးသားလူနာနှင့် ဇနီးဖြစ်သူ အသက် ၂၆ နှစ် ကျောက်ကပ်အလှူရှင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီ ၂၂ မိနစ်တွင် စတင်ဆောင်ရွက်ခဲ့ကာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဆောင်ရွက်ပြီးစီးသည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်တို့၏ ခွဲစိတ်ပြီးကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခအထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက လိုအပ်သော ပြုစုကုသမှုများကို အနီးကပ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ပါမောက္ခဒေါက်တာကိုကိုနိုင်နှင့် ပါမောက္ခဒေါက်တာဝင်းဝင်းလှိုင်တို့ ဦးဆောင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာလမင်းဝင်းနှင့် ပါမောက္ခဒေါက်တာကျော်စိုးကျော်တို့ ဦးဆောင်သော ဆီးနှင့် ကျောက်ကပ်ခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာဝင်းဝင်းကျော်နှင့်အထူးကုဆရာဝန်ကြီးဒေါက်တာသတိုးသိန်းဇံတို့ ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာမီမီသော်နှင့် ပါမောက္ခဒေါက်တာမူမူနိုင်တို့ ဦးဆောင်သော မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမျိုးသက်တင်နှင့် ပါမောက္ခဒေါက်တာနီလာဝင်းတို့ဦးဆောင်သော ရောဂါရှာဖွေရေးနှင့် သွေးနှင့် သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာသန္တာလွင် ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် ဆေးရုံစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊သူနာပြုများအဖွဲ့၊ကျွမ်းကျင်ဝန်ထမ်းများနှင့်အထောက်အကူပြုဝန်ထမ်းများ အားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ယမန်နေ့နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်သို့ သွားရောက်ကာ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ခံယူခဲ့သောလူနာနှင့် ကျောက်ကပ်အလှူရှင်တို့ကို ကြည့်ရှုအားပေးပြီး အာဟာရပြည့်လက်ဆောင်ပစ္စည်းများပေးအပ်ကာ ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပါမောက္ခအထူးကုဆရာဝန်ကြီးများကို တွေ့ဆုံနှုတ်ဆက်ဂုဏ်ပြုစကားပြောကြားသည်။

မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ၂၀၀၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ်လ၌ ၈၂ ကြိမ်မြောက်အဖြစ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုအခြေအနေများကြောင့် ယာယီရပ်နားခဲ့ရကာ ယခု ၈၃ ကြိမ်မြောက်အဖြစ် ပြန်လည် စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ပြည်သူ့ဆေးရုံများအနေဖြင့် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ရန်ကုန်၊နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နှင့်မန္တလေးပြည်သူ့ဆေးရုံကြီးတို့၌လည်းကောင်း၊ တပ်မတော်ဆေးရုံများအနေဖြင့် ရန်ကုန်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၊ နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၊ ပြင်ဦးလွင်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)နှင့် အောင်ပန်းရှိ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)တို့၌လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများအနေဖြင့် ရန်ကုန်ရှိ ပန်းလှိုင်ဆေးရုံနှင့် ကန်သာယာဆေးရုံတို့၌ လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ကိုဗစ်- ၁၉ ရန်ပုံငွေမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလထိ အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ၊ လုပ်ငန်း ၄၈၆ ခုကို ကုမ္ပဏီ၊ လုပ်ငန်းအမည်၊ လုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာအပြည့်အစုံတို့ဖြင့် သတင်းစာတွင် ကြေညာမည်

ကိုဗစ်-၁၉ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများကို ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း တစ်နှစ်(အတိုးနှုန်း ၁ ရာခိုင်နှုန်း)ဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ချေးငွေများထုတ်ချေးခဲ့သည့်အတွက် ချေးငွေသက်တမ်း သုံးနှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်၍ ကုမ္ပဏီ၊ လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်ထိ ချေးငွေအရင်းနှင့်အတိုးများကို အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ် ဇွန် ၆ ရက်တွင် အသိပေးကြေညာခဲ့ပြီးဖြစ်သည်။

ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့် အတိုး၊ အရင်းလုံးဝမပေးဆပ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းကို နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ပထမအကြိမ် အသိပေးကြေညာခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလထိ အတိုး၊ အရင်းလုံးဝမပေးဆပ်သည့် ကုမ္ပဏီ၊ လုပ်ငန်း ၄၈၆ ခုကို ကုမ္ပဏီ၊ လုပ်ငန်းအမည်၊ လုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာအပြည့်အစုံတို့ဖြင့် သတင်းစာတွင် ကြေညာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်
ကုစားရေးလုပ်ငန်းကော်မတီ

# ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၆ ရက် ည ၈ နာရီမှ ဖေဖော်ဝါရီ ၂၃ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၅၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း COVID-19 ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန


# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့ညနေ ၅ နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဖေဖော်ဝါရီ ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၄-၂-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ယနေ့ညနေမှ ၂၇-၂-၂၀၂၅ ရက်နေ့အတွင်း မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြိတ်မြို့ ဗားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဗားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့ မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါရိပ်သာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။



သံဃာတော်များအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန် ကြည့်ရှုအားပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် အပါး ၃၀ နှင့် ဒေသခံပြည်သူ ကိုးဦးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊အရေပြားရောဂါ၊နှလုံးရောဂါ၊ သွေးတိုးရောဂါ၊အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့်ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်နှင့် သက်ကြီးတန်း ဝါသနာရှင်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ Burmese Golf(BG)က အဓိကကူညီပံ့ပိုးသော(President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်နှင့် သက်ကြီးတန်း ဝါသနာရှင်အဆင့်ပြိုင်ပွဲများ၏ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ရန်ကုန်ဂေါက်ကွင်းတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးဝင်းလှိုင်၊ ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးစိုး၊ ဗဟိုအလုပ်အမှုဆောင် ဦးအောင်ကိုဇော်၊ ရန်ကုန်ဂေါက်ကွင်းအတွင်းရေးမှူး ဦးခင်မောင်တင့်နှင့် အလုပ်အမှုဆောင် ဦးအောင်ဌေးလှိုင်တို့က အလှည့်ကျဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် အမျိုးသား ၁၄၇ ဦး၊ ဝါသနာရှင်အဆင့် သက်ကြီးတန်း(အသက်၅၅ နှစ်နှင့်အထက်) ၂၇ ဦး စုစုပေါင်း အားကစားသမား ၁၇၄ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို မျိုးဆက်သစ်ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်းတိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်နေ့ထိ လေးရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဧဝ၁)



မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးဝင်းလှိုင် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

## ပြည်ပ ဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီ ပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှ ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့်ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး ၃၀ ရာခိုင်နှုန်းနှင့်အထက်အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း သုံးရာခိုင်နှုန်း၊ Working Capital ၁၀၀ ရာခိုင်နှုန်း အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း လေးရာခိုင်နှုန်းနှင့် Credit Guarantee Insurance–CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ငါးရာခိုင်နှုန်းတို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ကျောက်မီးသွေးများကို ပြည်ပမှ တင်သွင်းခွင့်ပြုမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၅၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ဦးရေ ၁၅၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက်နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ဦးရေ ၁၅၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၂၃၇၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၉၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသား ဦးရေ ၂၃၇၀ သည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယားနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ဦးရေ ၁၅၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# PDF အမည်ခံအကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် ခွန်တောင်းကြီးကျေးရွာအနီး လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံပြည်သူများကို လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ သုံးဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိ

PDF အမည်ခံအကြမ်းဖက်သမားများက လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့် အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သည့်နေရာပြပုံ




နေပြည်တော် ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ခွန်တောင်းကြီးကျေးရွာအနီး လယ်လုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံပြည်သူများကို PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသမီးသုံးဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခွန်တောင်းကြီးကျေးရွာနေ မသန္တာထွေး(ဘ)ဦးဝင်းမြင့်၊ မသန်းသန်းစိုး(ဘ)ဦးဝင်းဘိုနှင့် ဒေါ်ပပဦး(ဘ)ဦးစိန်သန်းတို့ သုံးဦးသည် ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၁၀၀ ခန့်အကွာရှိ လယ်ကွင်းများအတွင်း ပေါင်းမြက်များ ရှင်းလင်းနေစဉ် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက လယ်ကွင်း၏အရှေ့ဘက် မီတာ ၂၀၀ ခန့် အကွာမှနေ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ၎င်းတို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် ရွှေဘိုမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ ဒေသခံပြည်သူ သေဆုံး၊ ဒဏ်ရာရရှိမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်ကို လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။




# နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ နှစ်ဦးဒဏ်ရာများရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာကို ဖေဖော်ဝါရီ ၂၃ ရက်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်တွင် နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာအနီး တစ်ဝိုက်တွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ကို တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ (၅၀၁)

# ဝေလနိုင်ငံ နယူးပေါ့ကောင်တီမှ ကာမာသန်ကောင်တီထိ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေ



**ကာဒစ် ဖေဖော်ဝါရီ ၂၄**

ဝေလနိုင်ငံအလယ်ပိုင်း နယူးပေါ့ကောင်တီမှ ကာမာသန်ကောင်တီထိ မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ဝေလနိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လမ်းမကြီးတချို့ ရေလွှမ်းနေသည့်အတွက် မော်တော်ယာဉ်များ သွားလာရန် ခက်ခဲနေသကဲ့သို့ အန္တရာယ်လည်းရှိကြောင်း၊ ရေကြီးရေလျှံမှုသည် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် အဆင့်ဖြစ်လာနိုင်သည့်အတွက် နယူးပေါ့ကောင်တီမှ ကာမာသန်ကောင်တီအတွင်း နေထိုင်သည့်ဒေသခံများအတွက် ရေဘေးအန္တရာယ် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပြီး လမ်းမကြီးများတွင် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်ခြင်းကို တားမြစ်ထားကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"နယူးပေါ့ကောင်တီနဲ့ ကာမာသန်ကောင်တီတို့မှာ ရေကြီးရေလျှံမှုတွေ စတင်ဖြစ်ပေါ်နေတဲ့အတွက် မီးရထားခရီးစဉ်တချို့နဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေး ကဏ္ဍကို ယာယီဆိုင်းငံ့ထားပါတယ်။ လမ်းပေါ်မှာ စင်တီတာမီ ၃၀ နဲ့အထက် ရေလွှမ်းနေရင် မော်တော်ယာဉ်တွေ ဖြတ်သန်းသွားလာဖို့ အန္တရာယ်ရှိပါတယ်။ လက်ရှိ နယူးပေါ့ကောင်တီနဲ့ ကာမာသန်ကောင်တီမှာရှိတဲ့လမ်းတချို့မှာ ရေလွှမ်းနေတာ စင်တီမီတာ ၃၀ ကို ကျော်လွန်လာပြီဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ကွင်းစလန်းပြည်နယ်တွင် အယ်ဖရက်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုဖြစ်ပွား

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၄**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ကိုရယ်လ်ကမ်းခြေသို့ ဖေဖော်ဝါရီ ၂၃ ရက်က အယ်ဖရက်ဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက် တိုက်ခတ်မှုဖြစ်ပွားခဲ့ကြောင်း Bureau of Meteorol-ogy (BoM) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရသိရသည်။

အယ်ဖရက် ဆိုင်ကလုန်းမုန်တိုင်းသည် ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းက ကိုရယ်လ်ကမ်းခြေသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းပြင်းအားသည် အဆင့်(၃)သို့ အမြင့်ဆုံးရောက်ရှိဖွယ်ရှိနေကြောင်း၊ သို့သော်လည်း ကြိုတင်ခန့်မှန်းချက်သာဖြစ်ပြီး မုန်တိုင်းပြင်းအားပြောင်းလဲမှုမှာ နှေးကွေးနိုင်ကြောင်း၊ အယ်ဖရက်မုန်တိုင်းသည် ကွင်းစလန်းပြည်နယ် အရှေ့တောင်ဘက်ပိုင်းသို့ ဦးတည်တိုက်ခတ်နေပြီး Computer Modelling တွင်ဖော်ပြသည့် အခြေအနေပေါ်မူတည်ပြီး မုန်တိုင်းအခြေအနေကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း BoM က ထုတ်ပြန်ခဲ့သည်။



"အယ်ဖရက်ဆိုင်ကလုန်းမုန်တိုင်းဟာ သတိပေးချက်ထုတ်ပြန်ခဲ့ပြီး အချိန်တိုအတွင်း ကိုရယ်လ်ကမ်းခြေကို ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းဟာ ကွင်းစလန်းပြည်နယ် အရှေ့တောင်ဘက်ကို ဦးတည်တိုက်ခတ်နေပါတယ်။ အယ်ဖရက်ဆိုင်ကလုန်းမုန်တိုင်းဟာ အားကောင်းတဲ့အဆင့်တော့ မရောက်သေးပါဘူး။ ဒါပေမဲ့ အဆင့်(၃)ထိတော့ ရောက်ရှိသွားနိုင်တယ်။ အယ်ဖရက်ဆိုင်ကလုန်းမုန်တိုင်းဟာ အရှေ့တောင်ဘက်ပိုင်းကနေ အရှေ့ဘက်ပိုင်းကို ဆက်လက်ဦးတည်သွားနိုင်ပါတယ်။ Computer Modelling မှာ ဖော်ပြချက်အရ အရှေ့ဘက်ပိုင်းကနေတစ်ဆင့် အနောက်တောင်ဘက်ပိုင်းကိုလဲ ဆက်လက်တိုက်ခတ်သွားဖွယ်ရှိနေပါတယ်။ မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက် အထူးသတိပြုသင့်ပါတယ်"ဟု Bureau of Meteorol-ogy (BoM) မှ ပြောရေးဆိုခွင့်ရှိသူ ဘာဒင်ဂီလ်ဘတ်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဇမ်ဘီယာနိုင်ငံတွင် မိုးခေါင်မှုကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုများဖြင့် ရင်ဆိုင်နေရသူများကို တရုတ်နိုင်ငံက ဆန်များ ပံ့ပိုးပေး

**လူဆာကာ ဖေဖော်ဝါရီ ၂၄**

ဇမ်ဘီယာနိုင်ငံတွင် မိုးခေါင်မှုပြဿနာကြောင့်စားနပ်ရိက္ခာပြတ်လပ်မှုများဖြင့် ရင်ဆိုင်နေရသူများကိုလူသားချင်းစာနာထောက်ထားရေးအစီအစဉ်ဖြင့် တရုတ်နိုင်ငံက ဖေဖော်ဝါရီ ၂၃ ရက်တွင် စားနပ်ရိက္ခာအတွက် ဆန်များပံ့ပိုးပေးခဲ့ကြောင်း Disaster Manage-ment and Mitigation Unit (DMMU) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဆန်တန်ချိန် မက်ထရစ်တန် ၂၀၀၀ ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ပထမအသုတ်အနေဖြင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဆန်တန်ချိန် မက်ထရစ်တန် ၄၆၀ ကို ဇမ်ဘီယာနိုင်ငံသို့ ပေးပို့ခဲ့ကြောင်း၊ ဇမ်ဘီယာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံအမတ်ဝမ်ရှန်က တရုတ်နိုင်ငံမှပံ့ပိုးပေးခဲ့သောဆန်များကို တရုတ်အစိုးရကိုယ်စား ပေးအပ်ခဲ့ကြောင်း၊ ဇမ်ဘီယာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ရှန်က နှစ်နိုင်ငံချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ရေးနှင့် ရေရှည်လက်တွဲအလုပ်လုပ်သွားနိုင်ရေးအတွက် မိတ်ဖက်နိုင်ငံပီသစွာ ဒုက္ခရောက်နေသည့် ဇမ်ဘီယာပြည်သူများကို ကူညီပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဇမ်ဘီယာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံက ပံ့ပိုးပေးတဲ့ ဆန်တွေကို ဒုက္ခရောက်နေတဲ့ ပြည်သူတွေအတွက် အကောင်းဆုံးအသုံးပြုနိုင်မယ်လို့ မျှော်လင့်ပါတယ်။ တရုတ်နိုင်ငံရဲ့ ပံ့ပိုးမှုဟာ ဇမ်ဘီယာပြည်သူတွေ ရင်ဆိုင်နေရတဲ့အခက်အခဲကို အတိုင်းအတာတစ်ခုထိ ဖြေရှင်းပေးနိုင်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု ဇမ်ဘီယာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ရှန်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ မီးသတ်တပ်ဖွဲ့အကြီးအကဲကို ရာထူးမှထုတ်ပယ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်ကောင်တီတွင် ဇန်နဝါရီလက တောမီးကူးစက် လောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး တောမီးကို အချိန်မီထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့၏ စီမံခန့်ခွဲမှုအားနည်းသည်ဟု ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သုံးသပ်ခဲ့ပြီးနောက် လော့စ်အိန်ဂျလိစ် မီးသတ်တပ်ဖွဲ့အကြီးအကဲ ခရစ်တန်ကို ဖေဖော်ဝါရီ ၂၃ ရက်က ရာထူးမှထုတ်ပယ်ကြောင်း ထုတ်ပြန် ကြေညာခဲ့သည်ဟုယနေ့ သတင်းများတွင်ဖော်ပြထားသည်။

မီးသတ်တပ်ဖွဲ့၏ စီမံခန့်ခွဲမှုအားနည်းချက်ကြောင့် တောမီးကို အချိန်မီ မထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်ခဲ့ရသည်ကို မီးသတ်တပ်ဖွဲ့၏ အကြီးအကဲဖြစ်သူက တာဝန်ယူရမည်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ခရစ်တန်နဲ့တွေ့ဆုံပြီး သူ့ကို ရာထူးကနေ ထုတ်ပယ်တဲ့အကြောင်းကို အသိပေးခဲ့ပြီးဖြစ်ပါတယ်။ လော့စ်အိန်ဂျလိစ်ဒေသခံတွေနဲ့ထိုက်တန်တဲ့ မီးသတ်တပ်ဖွဲ့ရဲ့ ခေါင်းဆောင်အသစ်တစ်ယောက်ကို ရွေးချယ်ခန့်အပ်သွားမှာဖြစ်ပါတယ်။ ခရစ်တန်အနေနဲ့ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့စဉ်မှာ တောမီးကို ထိန်းချုပ်ဖို့ကိစ္စနဲ့ပတ်သက်ပြီး မှားယွင်းတဲ့ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့တယ်။ မှားယွင်းတဲ့ဆုံးဖြတ်ချက်တချို့ကြောင့် မဆုံးရှုံးသင့်တဲ့အရာတချို့ ဆုံးရှုံးခဲ့ရတယ်။ ဖက်ဒရယ်မီးသတ်တပ်ဖွဲ့အကြီးအကဲက တောမီးငြှိမ်းသတ်ဖို့ လှုပ်ရှားမှုတစ်ခုလုပ်တိုင်း စီမံချက်တွေတင်ပြဖို့အတွက် ညွှန်ကြားခဲ့တာတွေကိုလဲ ခရစ်တန်အနေနဲ့ လိုက်နာဖို့ ပျက်ကွက်ခဲ့ပါတယ်"ဟု လော့စ်အိန်ဂျလိစ် မြို့တော်ဝန် ကာရင်ဘော့စ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။




၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

ဝတ္ထုတိုကဏ္ဍ

# လမင်းကိုဆွတ်မဲ့ကြယ်စင်တွေ

မင်းလပြည့်(ဟားခါး)



(၁)

နက်မှောင်သော ညရိပ်ဝယ်မီးရောင်များက ဟိုတစ်ကွက် သည့်တစ်ကွက်ရှိနေသည်။ ရွာအစွန်ကွင်းတွင် ပြောင်းဖူးသည်၊ ဘိန်းမုန့်သည်၊ မုန့်ဟင်းခါးသည် စုံလင်စွာရောင်းချနေသော ရွာပွဲဈေးက ညအလှကို အသက်ဝင်စေသည်။ ကွင်းအလယ်တွင် မီးရောင်စုံများထိန်နေသော ရုပ်သေးပြပွဲစင် ရှိနေသည်။ ဒိုးကြိုင်လေးဆိုင်းဝိုင်းက သည်နယ်တစ်ခွင်တွင် နာမည်ကြီးလှသည်။

''ပုံ... ပလုံ ပုံ... ပလုံ''

နှစ်စဉ်ရွာရုပ်သေးပွဲပြီးလျှင် ရွာဆိုင်းဝိုင်းက မနက်ဖြန်ဆက်ကာ နှစ်ညကပြမည်ဖြစ်သည်။ ပထမနေ့ရုပ်သေးပွဲစသော်လည်း ပွဲကြိုက်သော ဘကြီးဖြိုး၊ဘိုးသာဗျောနှင့်အရီးအေးပုံတို့က ဇာတ်ခုံထိပ်တွင် နေရာယူကြသည်။

''ကျွီ ကျွီ ကျွီ ကျွီ''

ခင်ဘုတ်၊ ညောင်ကန်၊ ရွာတော်စသည့်ရွာနီးချုပ်စပ်များမှ လှည်းတန်းများကလည်း ပွဲရှိရာသို့ ဝင်လာကြသည်။ ပွဲလုပ်သည့် ပန်တော်ဆင့်ရွာက အိမ်ခြေထောင်ကျော်ရှိသည့်အပြင်စီးပွားရေးကောင်းမွန်သောရွာတစ်ရွာဖြစ်သည်။

ရုပ်သေးပွဲစတော့မည်ဖြစ်၍ ဒေါ်မေခိုင်တစ်ယောက် ကပြရမည့်ရုပ်သေးရုပ်များကို ပြင်ဆင်နေသည်။ သည်နေ့ကပြရမည့် ဇာတ်ထုပ်က ဆဒ္ဒန်ဆင်မင်းဇာတ်ထုပ်ဖြစ်သည်။ သူရုပ်သေးကြိုးဆွဲရမည့် ရုပ်သေးရုပ်များကများလှသည်။ နတ်ကတော်ရုပ်၊ မြင်း၊ဆင်၊ကျား၊မျောက်၊ကြက်တူရွေးအပါအဝင်နဂါး၊ ဘီလူး၊ဇော်ဂျီအရုပ်များစုံလင်လှသည်။

ကန့်လန့်ကာဖွင့်လိုက်သည်နှင့် လက်ခုပ်တီးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ဇာတ်စင်အလယ်တွင်မိန်းမပျိုတစ်ဦးက စောင်းတီးသံဖြင့် စလိုက်သည်။ ပြီးနောက် စိန်ပိုးငယ်မင်းသားက မင်းသားအကဖြင့် ကပြသည်။ ဆီမီးခွက်အက၊ မြင်းအက များဖြင့် တစ်ခုပြီးတစ်ခု ကပြကြသည်။

''ကဲ ကိုစိန်ပေါ်ရေ ခင်ဗျားအလှည့်ရောက်ပြီ''

ဇော်ဂျီအကက ခပ်ဆတ်ဆတ်ကဟန်ဖြစ်သည်။ ဆေးကြိတ်ရအောင် သီချင်းဆိုကာ ပရိသတ်ကိုဖမ်းစားသည်။ ဆူညံမှုများကင်းကာ ပွဲကြည့်သူများကား ရုပ်သေးပွဲကို အာရုံစိုက်ကြည့်နေကြသည်။

အမှောင်ထုကြီးစိုးကာ ဇာတ်ရှိန်မြင့်လာသည်။ ပညာမငယ်သော ဒေါ်မေခိုင်အလှည့်ရောက်လာသည်။ ဒေါ်မေခိုင်က အသက်လေးဆယ်အရွယ်သာရှိသေးသော်လည်း သားသမီးနှစ်ဦးရှိသည်။ တက္ကသိုလ် အလှမယ်ဖြစ်ခဲ့၍ ရုပ်ရည်ချောမောသည်။ ရိုးသားသော ကျောင်းနေဖက်သူငယ်ချင်း ကိုအောင်နှင့်အိမ်ထောင်ကျခဲ့သော်လည်း အိမ်ထောင်ရေးကံမကောင်း ခဲ့။ ဖားကန့်တွင် ကျောက်တူးသွားရင်း ဖျားနာ သေဆုံးခဲ့သည်။

သားကြီးဖိုးဇင်၊ သမီးသွယ်သွယ်တို့နှင့် ရုပ်သေးရုပ်ပြခန်းဖွင့်၍ရောင်းသည်။ ရုပ်သေးရုပ်ကပြသူအဖြစ် အသက်မွေးဝမ်းကျောင်းသည်။ သားကြီးဖိုးဇင်က ရုပ်သေးပညာကိုအထင်မကြီး၊ သူစိတ်ပါအထင်ကြီးသည်က အနောက်တိုင်းတေးဂီတသာဖြစ်သည်။ သွယ်သွယ်က ဒေါ်မေခိုင်သွေးပါကာ ရုပ်သေး ပညာကိုအဒေါ်ဖြစ်သူခင်ယုံနှင့်လေ့လာကာ ဝိုင်းကူဆောင်ရွက်ပေးသူဖြစ်သည်။

ဒေါ်မေခိုင်ကသူယောင်မယ်အကဖြင့် ရုပ်သေး ဆွဲသည်။ ကပြပုံကလှပသလို ဒေါ်မေခိုင်ကလည်း လှ၏။

'''ဇော်ဆွဲကောင်းတယ်ဟေ့''

ရွာကာလသားတစ်စုကအော်ဟစ်အားပေးသည်။ ဇာတ်ထုပ်အတိုင်း အခန်းလိုက်ကပြနေပေပြီ။ သမင်လိုက်ခန်းကို ဦးလူလှဖျော်ဖြေပေးနေသည်။ ပြီးလျှင် မင်းသမီးအကနှင့်မြိုင်ထကပြရန် ရှိနေသေးသည်။ ဒေါ်မေခိုင်နားနေစဉ် သမီးသွယ်သွယ်နှင့်ခင်ယုံတို့က ရေတိုက်၊ အဆာပြေပန်းသီးကျွေးကြသည်။

'' အမေ ပင်ပန်းလား''

''ပင်ပန်းတယ်လို့မဟုတ်ပါဘူး။ လုပ်နေကျမို့ ရိုးသွားပါပြီ''

''အဒေါ်မပြောနဲ့ကျွန်မတောင် မင်းသား၊ မင်းသမီးရုပ်သေးကြိုးဆွဲကျင့်တာဇက်ကြောတွေ တအားတက်လို့နားရသေးတယ်။ ရုပ်သေးပညာတတ်အောင်သင်မယ်အားခဲထားလို့တတ်လာတာ။ မတတ်သေးတာတွေအများကြီး၊ ရုပ်သေးကြိုးဆွဲပညာက လွယ်မယောင်ယောင်နဲ့ခက်တယ်''

ခင်ယုံအပြောဆုံးသည်နှင့်ဒေါ်မေခိုင်ကဆက်ပြောသည်။

''ငါတို့လဲ ဖေဖေသင်ပေးလို့ တတ်ခဲ့တာပါ၊ ဖေဖေကလဲ ရုပ်သေးဆရာကြီးဦးဖူးညို၊ ဦးစိန်ခို၊ ပုဂံဦးကျော့၊ ဆရာပုတို့ရဲ့ တပည့်အရင်းစစ်စစ်ဆိုတော့ရုပ်သေးပညာကျွမ်းကျင်ခဲ့တာပေါ့၊ အရွယ်ရောက်ချိန်မှာ ဖေဖေကသင်ပေးလို့တတ်ခဲ့တာ''

ညကပိန်းပိတ်အောင်မှောင်လာသော်လည်း ရုပ်သေးကြိုက်သော ပရိသတ်များက ပွဲခင်းထဲတွင် အားပေးနေကြဆဲ။ မွှေးပျံ့သော ကောက်ရနံ့များက လေနှင့် မျောပါလာသည်။ ငွေရောင်တောက်ပသော လမင်း အလင်းရောင်က အမှောင်ထုကြားမှ တိုးထွက်လာ သည်။ ရွှေရောင်အလင်းတန်းများက သစ်ရွက်များ ကိုထိုးဖောက်ဖြာကျလာသည်နှင့် ရုပ်သေးပွဲတစ်ခုလုံးလင်းထိန်ဝင်းပလာတော့သည်။

(၂)

ဒေါ်မေခိုင်၏ကားလေးက စိမ်းစိုညို့မှောင်သော နှစ်ဧကခန့်ကျယ်သောခြံဝင်းထဲသို့ဝင်လာသည်။ ခြံဝင်း ထဲတွင်သုံးထပ်တိုက်တစ်လုံး၊ ဂိုဒေါင်တစ်လုံးနှင့် ရုပ်သေးပြသရန် ခန်းမကျယ်၊ ရုပ်သေးရုပ်များရောင်းသည့် အဆောင်ငယ်တစ်ခုလည်းရှိသည်။

'' ဟယ် အန်တီတို့ပြန်လာပြီ''

ခြံစောင့်ဦးအေးတို့လင်မယားက ဆီးကြိုကြသည်။ သားတော်မောင်ဖိုးဇင်ကိုမတွေ့။

''ဖိုးဇင်တစ်ယောက် မတွေ့ပါလား''

''အန်တီရုပ်သေးပွဲ သွားက ကတည်းက အိမ်ပြန်မလာဘူး''

''ငါ့မှာလဲ သားလေးတစ်ယောက်မွေးထားတာ အားကိုးရမလားမှတ်တယ်။ သူ့ပဲ စိတ်ပူနေရတယ်''

ဒေါ်မေခိုင်အိမ်ထဲတွင်ထိုင်၍ နားနေသည်။ နွမ်းလျနုံးချည့်နေသည်။ စားပွဲပေါ် အမှတ်တမဲ့ငေးကြည့် လိုက်သောအခါ စာအိတ်သစ်နှစ်လုံးကို တွေ့လိုက်ရသည်။

''ဘာတွေပါလိမ့်''

ပထမစာက ဖိုးဇင်ကျောင်းပျက်ကွက်ခြင်း၊ဆေးလိပ်သောက်ခြင်းကြောင့် ဖြေရှင်းပေးရန်ဖြစ်ပြီး၊ ကျန်တစ်စောင်က သူအပေါ်ချစ်မြတ်နိုးနေသည့် သူဌေးသားကိုလင်းက နိုင်ငံခြားမှပြန်လာမည်ဖြစ်ကြောင်းရေးထားသောစာဖြစ်သည်။ ကိုလင်းက လက်ထပ်ရယူလိုကြောင်း၊ ချစ်အဖြေသိလိုကြောင်းလည်း ရေးသားထားသေးသည်။

'' ဟူး''

ဒေါ်မေခိုင်တစ်ယောက်စိတ်မောနေစဉ် ခြံဝင်းထဲသို့အရှိန်ပြင်းပြင်းမောင်းနှင်လာသော ဖိုးဇင်နှင့် သူငယ်ချင်းများကားကို တွေ့လိုက်ရသည်။ မိန်းကလေးငယ် များပါလာပြီး၊ ဝတ်စားဆင်ယင်မှုကလည်း မြန်မာ့ယဉ်ကျေးမှုနှင့်မညီဖြစ်နေသည်။ ဒေါ်မေခိုင်လှမ်း ကြည့်လိုက်သောအခါ လူငယ်တချို့က ဆံပင်ပုံစံက စုတ်ဖွား၊ အနီ၊ အဝါရောင်ဆိုးထားသော ဆံပင်များ၊ လက်မောင်းတွင် တက်တူး အရုပ်များ၊ဆေးမင်များ ထိုးထားသည်ကို တွေ့လိုက်ရသည်။

မိန်းကလေးငယ်များကလည်းဆံပင်ပုံစံအမျိုးမျိုးဖြင့်လိမ္မော်ရောင်၊ခရမ်းရောင်များဆိုးထားသေးသည်။

'' ဘုရား ဘုရား''

ဒေါ်မေခိုင်တစ်ယောက် မြန်မာ့ယဉ်ကျေးမှုနေရာတွင်အစားထိုးလွှမ်းမိုးလာသော အနောက်တိုင်းယဉ်ကျေးမှုကို စိတ်ပျက်နေသည်။ နိုင်ငံခြားရုပ်ရှင်ကားများကိုကြည့်ပြီး၊ အတုယူ အရက်သောက်လာကြသည်။ ကောင်းတာကိုအတုမခိုးဘဲ မကောင်းတာကိုအတုခိုးကြသည်။

ဖိုးဇင်ကိုလိုက်ပို့သောကားက ခြံဝင်းထဲမှပြန်ထွက်သွားသည်။ ဒေါ်မေခိုင်နားနေစဉ် အရက်နံ့ရ၍ ကြည့်လိုက်သောအခါ သားဖြစ်သူ ဖိုးဇင်က အနားသို့ ရောက်နေသည်။

''အမေပြန်ရောက်ပြီလား။ အမေ့ကို သားပြောစရာရှိတယ်''

ဖိုးဇင်ကပြောပြောဆိုဆိုထိုင်လိုက်ပြီး စားပွဲပေါ် ခြေထောက်နှစ်ချောင်းပစ်တင်လိုက်သည်။ဒေါ်မေခိုင်ဒေါသကိုထိန်းလိုက်သည်။ ဘာပြောမလဲသိချင်သည်။

''သားသူငယ်ချင်းဂျော်နီ မွေးနေ့လုပ်မယ်။ သူ့အိမ်မှာ နေရာအဆင်မပြေလို့ သားတို့ ခြံထဲမှာလုပ်မယ်။ အမေ ခွင့်ပြုပေးပါ။ နောက်ပြီး ဂျော်နီကို အမေ့ဆိုင်ထဲက ရုပ်သေးရုပ်တစ်ရုပ် လက်ဆောင်ပေးချင်တယ်''

စကားဗလုံးဗထွေးမူးမူးရူးရူးပြောနေသောဖိုးဇင်ကိုကြည့်ပြီး ဒေါ်မေခိုင်အသည်းယားလာသည်။

''ရုပ်သေးရုပ်လက်ဆောင်ပေးရအောင် ရုပ်သေးရုပ်အကြောင်းသူက သိလို့လား။ တန်ဖိုးမထားဘဲနဲ့တော့ အမေမပေးချင်ဘူး''

'' အမေကလဲဗျာ။ အမေ့ဆီမှာ ရုပ်သေးရုပ်တွေ အများကြီးရှိရဲ့သားနဲ့''

''အခြားဟာပေးချင်ပေး။ အမေတန်ဖိုးထားတဲ့ ရုပ်သေးကိုအသုံးချခံလက်ဖွဲ့အဖြစ်မပေးနိုင်ဘူး''

''ဒါကတော့ အမေသားကို ညစ်တာပဲ''

''ရုပ်သေးရုပ်တစ်ရုပ်ရဖို့ ဘယ်လိုလုပ်ရတာလဲသိလား''

''မသိဘူး''

''ရုပ်သေးရုပ်တစ်ရုပ်ကို လုပ်တာမပြောခင် တန်ဖိုးကိုစပြောမယ်။ ရုပ်သေးရုပ်တစ်ရုပ်တန်ဖိုးက အနည်းဆုံးလေးသောင်းကနေ တစ်သိန်းခွဲအထက် အမျိုးမျိုးရှိတယ်။ ရုပ်သေးရုပ်ကို သစ်သားနဲ့ထွင်းထုလုပ်ရတယ်။ ခေါင်းပိုင်း၊ ခန္ဓာကိုယ်ပိုင်းကို ပန်းပုဆရာက လုပ်ရတယ်။ အရုပ်ကိုဆေးခြယ်တဲ့အပိုင်းက တစ်ယောက်၊အဝတ်အစားဆင်တာက တစ်ယောက်၊ ကကြိုးဆင်တာကတစ်ယောက် လူလေးယောက်ပေါင်းမှ အရုပ်တစ်ခုရတယ်''

ဒေါ်မေခိုင်ရှင်းပြနေသော်လည်း ဖိုးဇင်က တန်ဖိုးမထား၊ မကျေမနပ်ဖြင့်ပြောသည်။

'' ဒါတွေမကြားချင်ဘူး''

ဖိုးဇင်စကားကြောင့် ဒေါ်မေခိုင်တစ်ယောက် ဒေါသပေါက်ကွဲသွားသည်။

''ဖိုးဇင် သားစော်ကားလှချည်လား။ သားကျောင်းပြေးလို့ ကျောင်းအုပ်ဆရာကြီးက အကြောင်းကြားစာနဲ့ခေါ်နေပြီ။ အမေရှက်တယ်''

''ခေါ်ရင်လဲ သွားလိုက်ပေါ့အမေရယ်''

ဒေါ်မေခိုင်၏မျက်လုံးများ ဝင်းတောက်ကာမီးပွင့်မတတ်ဖြစ်သွားသလို ဖိုးဇင်ပါးပေါ်သို့ လက်ကလည်း အရှိန်ပြင်းပြင်းထိခိုက်သွားပေပြီ။

'' ဖြန်း''

''သား အမေ့ကိုစော်ကားလှချည်လား။ သားတို့ဘဝအတွက် မိန်းမသားတန်မဲ့ စီးပွားရှာနေတာ။ သားတို့ကို ကြောက်နေလို့မဟုတ်ဘူး။ မိဘတွေက အလိုလိုက်တော့ သားသမီးတွေက မိုက်ရိုင်းကြတယ်။ လေးစားမှုမရှိကြဘူး။ အမေ့ကိုမုဆိုးမဆိုပြီး လာမစမ်းနဲ့''

ဖိုးဇင်က သူ့ကိုတခါမှမရိုက်ဖူးသော အမေကို အံ့အားသင့်ကာ ခြေသံပြင်းပြင်းဖြင့် အခန်းအပြင်သို့ ထွက်ခွာသွားသည်။

သားဖြစ်သူကိုချစ်စိတ်၊ ပင်ပန်းနွမ်းနယ်စိတ်များကြောင့် ဆိုဖာပေါ်လဲကျသွားသည်။

စာမျက်နှာ ၂၅ သို့ ➤

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၄၅၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၄၅၇ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၀၇ ကေစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၅၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၅၀၇ ကေစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၄၅၇ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

နေကြာ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုပိုမို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

---

➢ စာမျက်နှာ ၂၄ မှအဆက်

"အမေ အမေ အမေ"

သွယ်သွယ်နှင့်ခင်ယုံတို့က ဆေးယူသူယူ၊ယပ်ခပ်သူခပ်နှင့်ပြုစုကြသည်။ သားဆိုတာ အားမဖြစ်ပါက ကျားဖြစ်သွားတတ်သည်။ အိုးကောင်းချင်လျှင်တော့ လက်နှင့်နာနာပုတ်ခတ်ရပေမည်။ ဒေါ်မေခိုင် တွေးရင်းအိပ်ပျော်သွားသည်။

ဒေါ်မေခိုင်က သမီးသွယ်သွယ်အတွက်စိတ်မပူ၊ စာပေစိတ်မဝင်စားဘဲအပေါင်းအသင်းမက်နေသည့် သားကြီးဖိုးဇင် တစ်ယောက်ကိုပဲ စိတ်ပူနေသည်။

ရုပ်သေးရုပ်များကြည့်ကာ စကားပြောနေကြသော သွယ်သွယ့်အနား ဒေါ်မေခိုင်ရောက်လာသည်။

"အမေသမီးမေးရအုံးမယ်။ ဆင်စီးရုပ်လို့ခေါ်တဲ့ဘိုးတော်ရုပ်၊ ရသေ့ရုပ်တွေကိုတယ်မှာထားရမလဲ။ နောက်ပြီး ရုပ်စုံတွေပေါ် မှောက်အိပ်လို့ရလား"

ဒေါ်မေခိုင်ရှင်းပြတော့ သွယ်သွယ်နှင့်ခင်ယုံတို့ နားထောင်မှတ်သားကြသည်။

"ဘိုးတော်ရုပ်၊ ရသေ့ရုပ်တွေကို ခေါင်းရင်းမှာ ချိတ်ဆွဲရတယ်။ ရုပ်စုံပေါ်မှောက်မအိပ်ရဘူး။ လူသေဇာတ်လမ်းတွေမပြကြဘူး။ ဇာတ်စင်ဆောက်ရာမှာ သက်ငယ်ပျစ်တွေကိုပဲသုံးရတယ်။ ဝါးတွေကို တေ့ဆက်မဆက်ရဘူး၊ ဝါးခေါင်းထဲ အခြားဝါးတစ်လုံးလျှိုသွင်းဆက်ခြင်း မပြုရဘူး"

"နောက်ကော အမေ"

"ပြောရင်တော့ အများကြီးပဲ "

ဒေါ်မေခိုင်က ရေတစ်ခွက်မော့သောက်ကာပြောရန်ပြင်သည်။

"မင်းပေါက်ဟာ ဆိုင်းဝိုင်းနဲ့တည့်နေရမယ်။ မင်းလမ်း၊ဆိုင်းဝိုင်း၊ မင်းပေါက်မတည့်ရင် ခိုက်ရန်ဖြစ်တတ်တယ်လို့ အယူရှိတယ်။ ရုပ်သေးစင်တိုင်ကိုကုက္ကိုသားနဲ့မဆောက်ရဘူး။ ရုပ်စုံသဘင်ကို ဆောက်ရာမှာ ဝါးကိုဇောက်ထိုးထားမဆောက်ရဘူး။ ရွာနတ်စင်ကိုလဲ ကျောပေးမဆောက်ရဘူး။ အရုပ်တွေကိုကြိုးဆွဲရာမှာလဲ ငါး၊ လိပ်၊ မိကျောင်းရုပ်တွေဆို အပေါ်ကိုပင့်မြှောက်မဆွဲရဘူး။ နတ်၊ သိကြား၊ ဗြဟ္မာ၊ ဝိဇ္ဇာ၊ ဇော်ဂျီရုပ်တွေကို လက်တန်းပေါ်က ကျော်ချပြီး ကပြရတယ်။ ရုပ်စုံစင်တော်သား အားလုံး ရုပ်စုံစင်ပေါ်မှာဖိနပ်မစီးရဘူး"

ဒေါ်မေခိုင်ရှင်းပြတော့ သွယ်သွယ်နှင့်ခင်ယုံတို့က စိတ်ပါဝင်စားစွာ နားထောင်ကြသည်။

(၃)

ကမ္ဘာလှည့်ခရီးသည်တွေက ဒေါ်မေခိုင်၏ရုပ်သေးအရောင်းခန်းမ၌ လှည့်လှည်ကြည့်ရှုနေသည်။ ထိုင်း၊ ပြင်သစ်၊ အီတလီစသောနိုင်ငံခြားသားအများစုပါဝင်ကြသည်။ နှစ်သက်ရာရုပ်သေးရုပ်များကိုဝယ်ယူကြသည်။ ညပိုင်းတွင် ရုပ်သေးကပြမှုကြည့်လိုသော နိုင်ငံခြားသားအများစုကို ဖျော်ဖြေပေးရသည်။ နေ့ညမပြတ်ဖျော်ဖြေပေးရ၍ပင်ပန်းလှသည်။ အားလပ်ရက်များတွင်ရောင်းပြီးရုပ်သေးရုပ်များကို ချိတ်ဆွဲကြသည်။ ဒေါ်မေခိုင်က ရုပ်သေးရုပ်ကိုချိတ်နေစဉ် သွယ်သွယ်က အသစ်ရောက်လာသည့် ရုပ်သေးရုပ်များကို အကျႌဆင်ပေးသည်။ ခင်ယုံက အရုပ်များကို ဖုန်သုတ်ပေးသည်။

ဒေါ်မေခိုင် မူးနောက်နောက်ဖြစ်လာသည်။

"အယ် မူးတယ်။ မူးတယ်"

အသံကား ဒေါ်မေခိုင်ဆီမှကြားရသည်။ သွယ်သွယ်နှင့်ခင်ယုံတို့ ကြောင်ပြီးကြည့်နေစဉ် ရုပ်သေးခုံပေါ်မှပြုတ်ကျပြီး မြေကြီးနှင့်ခေါင်းရိုက်ကာ မေ့လဲသွားသည်။

"အမယ်လေးလုပ်ကြပါအုံး။ ကိုကြီးဖိုးဇင်ရေ လာပါအုံး။ အမေ မူးလဲသွားပြီ"

သွယ်သွယ်၏အလန့်တကြားအော်သံကြောင့် ဖိုးဇင်ပြေးလာသည်။

"အမေ၊အမေ၊ ကားနဲ့ဆေးရုံကိုအမြန်ပို့မှဖြစ်မယ်"

သည်တစ်ခါ တွင်တော့ ဖိုးဇင် အမေကို စိတ်မကောက်နိုင်တော့၊ အမေသာ တစ်ခုခု ဖြစ်လျှင် ပညာရေးတစ်ပိုင်းတစ်စနှင့် ဘဝကိုဘယ်လိုရပ်တည်မလဲ တွေးမိရင်း စိတ်ပူလာသည်။ ဆေးရုံရောက်မှ စိုးရိမ်စရာမရှိကြောင်း သိရ၍ စိတ်သက်သာရာ ရတော့သည်။

(၄)

အရေးပေါ်ကြပ်မတ်ကုသဆောင်တွင် ဒေါ်မေခိုင်ကိုဆေးသွင်းနေသည်။

"အားနည်းနေတယ်။ အလုပ်တွေများတာလဲ ဖြစ်နိုင်တယ်။ နှစ်ပတ်လောက်ဆေးကုပြီးမှ ပြန်ရင်ကောင်းမယ်။ စိုးရိမ်စရာ မရှိတော့ပါဘူး"

ဆရာဝန်၏မှတ်ချက်စကားကြောင့်ဖိုးဇင်တို့မောင်နှမစိတ်သက်သာရာရသည်။ ဒေါ်မေခိုင် ပိန်သွားသည်။ သူ့ကြောင့်အမေစိတ်ထိခိုက်သည်ဟု ဖိုးဇင် တွေးမိလာသည်။ အမေ့ကို တောင်းပန်မည်။ အမေ စိတ်ချမ်းသာစေရန်နေတော့မည်ဟု ဖိုးဇင်ဆုံးဖြတ်လိုက်သည်။

"အမေသက်သာလား။ အမေပြုတ်ကျတော့ သား ကားမောင်းပြီး ဆေးရုံပို့ခဲ့တယ်"

" ငါ့သားလေးက လိမ်မာလိုက်တာ"

"သားလေ အမေရဲ့ရုပ်သေးပညာသင်မယ်"

" သင်ပေးရမှာပေါ့"

"သားတို့၊သမီးတို့လဲ ရုပ်သေးလောကမှာကြုံရမယ့်ကိစ္စ၊ အခြားတော့ မဟုတ်ဘူး။ ဇာတ်ပွဲမှာ မင်းသားတစ်ပါးပဲ ကရတယ်။ ရုပ်သေးက အဲလို မဟုတ်ဘူး။ ဆိုင်းဝိုင်းကလဲ တီးရတယ်။ ရုပ်သေးပညာရှင်ကလဲ ကပြရတယ်။ သံချို(သီချင်းဆိုသူ)ကလဲ ကကွက်ပေါ်သီချင်းဆိုပေးရတယ်။ ငွားတဲ့သူက သုံးယောက်စာမပေးချင်ဘူး။ ဒါတွေကြောင့် ရုပ်သေးပွဲ တွေကိုငှားပြီးပြတာ နည်းသွားတယ်"

"ဟုတ်တယ်အမေ။ ဒါ့ကြောင့် ရုပ်သေးပွဲကပြတာ မမြင်ရတာကြာတာကိုး"

သူ့အမေက မြန်မာ့ရိုးရာယဉ်ကျေးမှုကိုထိမ်းသိမ်းပေးနေသူဖြစ်ကြောင်း သိသွား၍ သားဖြစ်သူ ဖိုးဇင်က မိခင်ဖြစ်သူကို စိတ်ထဲမှ လေးစားသွားသည်။

"ဟုတ်တယ်၊ သားတို့သမီးတို့လည်းစာကြိုးစားကြ၊ အမေလဲ ရုပ်သေးပညာကိုအမေ အသက်ရှင်နေသရွေ့သင်ကြားပေးပါ့မယ်"

"ဒါမှတို့ မေမေကွ"

ဖိုးဇင်နှင့်သွယ်သွယ်တို့က ဒေါ်မေခိုင်ကိုဖက်ထားကြသည်။ ဒေါ်မေခိုင်က ပြုံးနေသည်။ သူလိုချင်ခဲ့သည့်နွေးထွေးသော မိသားစုဘဝပြန်ရနေပြီ ဟုတွေးနေမိသည်။

နောက်ပြီး သူတတ်ထားသည့်ရုပ်သေးပညာကို အမွေဆက်ခံမည့် မျိုးဆက်များဟုတွေးကာ ပျော်နေသည်။ ဆေးရုံအမြန်ဆင်းချင်လှပါသည်။သူတတ်မြောက်ထားသော ရုပ်သေးပညာစိတ်ဝင်စားသူများကို ပညာအမွေပေး၍ မြန်မာ့ရိုးရာရုပ်သေးအကကို ထိန်းသိမ်းကာကွယ်သည့်အနေဖြင့် အခမဲ့သင်ကြားပေးရန် သူ ရည်ရွယ်ထားသည်။

---

## အေးချမ်းသာယာ တို့မြန်မာ

- ရဟန်းခံ ရှင်ပြုပွဲ
  ဆင်ယင်နွှဲ တို့မြန်မာ၊
  ဘုရားစေတီ ဇရပ်တန်ဆောင်
  သိမ်ကျောင်းများစွာ၊
  ကုသိုလ်မိုး သွန်းဖြိုးရွာ
  မင်္ဂလာ အမှန်ရှိ၊
  မျိုးဘာသာ ဗုဒ္ဓအစွမ်းကြောင့်
  အေးချမ်းပါ၏။

- မေတ္တာကို လက်ကိုင်သုံးသမို့
  ရွှင်ပြုံးသည့် မြန်မာပြည်၊
  သာသနာ ရှိသောအရပ်
  ကောင်းမြတ်စုံညီ၊
  ပရဟိတ အလှုဝေစီ
  တင့်တယ်တည် အကျိုးပေး၊
  ဓမ္မ လက်ကိုင်ထားပါလို့
  နှလုံးသားကို အလှဆင်ကြတယ်
  သုခငြိမ်းအေး။

- သာသနာ အကျိုးပြုဖို့
  ရှေးရှုသည့် မြန်မာတွေ၊
  နေ့စဉ်ဝယ် အလှူဒါန
  ပြုကြပါပေ၊
  ရေစက်ချ အမျှဝေ
  မြန်မာ့မြေ မွန်မြတ်၏၊
  ရွှင်လန်း ဝမ်းသာစရာ
  ရွှေမြန်မာ ဗုဒ္ဓတရား
  ထွန်းကားပါဘိ။ ။

ဖြိုးထက်(ရေစကြို)

---


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# မှန်စွာမြင်ခြင်း

**မိုးရှင်း**

**❖ ဒီအနတ္တလက္ခဏာသုတ် တရားတော်ထဲမှာ ကွဲပြားထူးခြားတဲ့ မဂ္ဂသစ္စာကို ပိုမိုတိကျရှင်းလင်းအောင် ရှင်းပြချက်ပါဝင်ပါတယ်။ စာဖတ်သူများလည်း နာကြားဖူးမယ်။ သိထားပြီးဖြစ်မယ်ထင်ပါတယ်။ ပထမဆုံးအချက်က သမ္မာဒိဋ္ဌိဆိုတဲ့ မှန်စွာမြင်ခြင်း၊ အင်္ဂလိပ်လို Right View ဆိုကြတယ်။ မှန်ကန်စွာမြင်ရမှာက ဘာလဲ။ ထာဝရဘုရားသခင်က ဖန်ဆင်းပေးခြင်း၊ အပြစ်ပေးခြင်း၊ ဆုလာဘ်ပေးခြင်းမဟုတ်။ မိမိပြုတဲ့ကံအလုပ်အတိုင်းသာ ကောင်းကျိုးဆိုးပြစ်ရရှိတာဖြစ်တယ်။ စေတနာဟာကံပါပဲ။❖**

(၁)

နိုင်ငံတော်ရဲ့ အခြေအနေဆိုတာ နိုင်ငံသားအားလုံးရဲ့ဘဝကို ကောင်းအောင်၊ ဆိုးအောင် ရိုက်ခတ်ဖန်တီးနိုင်ပေတာပဲ။ တိုင်းပြည်အေးချမ်းသာယာတယ်ဆိုရင် တိုင်းသူပြည်သားတွေ နေထိုင်ရတာ၊ အလုပ်လုပ်ရတာ ပျော်ရွှင်ချမ်းမြေ့ကြတာပေါ့။ လူတိုင်းမဟုတ်တောင် အိမ်ထောင်စုပေါင်းများစွာ စီးပွားရေးကောင်းကြတယ်ဆိုရင် စိတ်ချမ်းသာကြရတာပေါ့။ တိုင်းပြည်မှာ သူခိုး၊ ဓားပြ၊ သူပုန်သူကန်ထကြွသောင်းကျန်း နေကြတယ်ဆိုရင်တော့ မလုံခြုံဘူးလေ။ နေရ၊ ထိုင်ရတာစိတ်ဆင်းရဲရတာပဲ။ လူ့အသက်လဲမလုံခြုံဘူး။ အိုးအိမ်ဥစ္စာဘာမှ မလုံခြုံဘူး။ သတ်ချင်သလိုသတ်၊ လုချင်သလိုလု၊ မီးရှို့ဖျက်ဆီး စသဖြင့်ဥပဒေမဲ့လုပ်တတ်ကြတယ်။

စစ်ဘေးစစ်ဒဏ်နဲ့ ငြိမ်းချမ်းတဲ့ဘဝဟာ လက်တွေ့မှာ အလွန်တရာကွာခြားကွဲပြားတာပဲ။ စစ်ပွဲတွေအကြောင်း နောက်ခံထားတဲ့ ကမ္ဘာကျော်သမိုင်းမှတ်တမ်းဝင်ရုပ်ရှင်ကားတွေမှာ ထိတ်လန့်အံ့သြစရာ၊ ချောက်ချားကြောက်ရွံ့စရာတွေကြည့်ဖူးကြပေလိမ့်မယ်။

ခေတ်သစ်ကာလမှာတော့ နယ်ချဲ့က မီဒီယာမှိုင်းတိုက်ပြီး စစ်မီးမွှေးလိုက်တာ ကိုယ့်မြေ၊ ကိုယ့်ရွာအထိ ရောက်ရှိလောင်မြိုက်ခဲ့လို့ ကိုယ်တွေ့သိရပြီ။

ကမ္ဘာ့နိုင်ငံအသီးသီးမှာတော့ ခေါင်းဆောင်တွေဟာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေတာပဲ။ ဥပမာ အိုက်စင်ဟောင်ဝါ၊ ဂျွန်အက်ဖ်ကနေဒီ၊ ဘီလင်ဒင်ဂျွန်ဆင်၊ နစ်ဆင်၊ ဂျင်မီကာတာ၊ ဘာရက်အိုဘားမား၊ ဒေါ်နယ်ထရန့်၊ ဂျိုးဘိုင်ဒင်၊ တစ်ကျော့ပြန် ဒေါ်နယ်ထရန့် စသည်ဖြင့် တစ်ယောက်ပြီးတစ်ယောက် တက်ကြ၊ ဆင်းကြ မြင်ခဲ့ရပါပြီ။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ။

အင်္ဂလန်မှာလည်း မာဂရက်သက်ချာ၊ ဘောရစ်ဂျွန်ဆင်၊ လစ်ဇ်ထရပ်စ်၊ ရီရှီဆူနက်၊ လက်ရှိဗြိတိန်ဝန်ကြီးချုပ်ဆို နာမည်တောင်မထင်ရှားပါဘူး။ လူသိအလွန်နည်းသွားပြီ။ စတမ်းမားတဲ့၊ ထားပါတော့။

နိုင်ငံအသီးသီးမှာ ခေါင်းဆောင်တွေဟာလည်း အနှေးနဲ့အမြန်တော့ ပြောင်းလဲနေကြတာပေါ့။ ရုရှားက ဗလာဒီမာပူတင်၊ တရုတ်က ရှီကျင့်ဖျင်စတဲ့ သမ္မတကြီးများကတော့ သူတို့နိုင်ငံကို အခက်အခဲအတားအဆီးအမျိုးမျိုးကြားကပဲ တိုးတက်အောင် ရုန်းကန်ကြိုးစားနိုင်ကြတဲ့ အာရှလူစွမ်းကောင်းနိုင်ငံရေးခေါင်းဆောင်တွေပဲလေ။

မိမိတို့နိုင်ငံမှာလည်း ဒီမိုကရေစီစနစ်အရ အထွေထွေရွေးကောက်ပွဲကြီးကို တပ်မတော်ယာယီအစိုးရက ရေးဦးပထမကပင် ကျင်းပဆောင်ရွက်ပေးမယ်လို့ ကတိပေးထားခဲ့တဲ့အတိုင်း ကြိုတင်ပြင်ဆင်စီမံနေပေပြီ။ လူတွေကလည်း အပြောင်းအလဲကို မျှော်လင့်ချက်၊ ထင်မြင်ချက်တွေနဲ့ တောင့်တလိုလားချက်အမျိုးမျိုးနဲ့ မျှော်လင့်နေကြပေမှာပေါ့။

တကယ်တော့ ပြည်သူလူထုဟာ အထွေထွေရွေးကောက်ပွဲမှာ အသဲကြားကမဲတစ်ပြားဆိုသလို တန်ဖိုးရှိလှတဲ့ ရွေးချယ်ဆုံးဖြတ်ချက်ရဲ့ အရေးကြီးပုံကို သိသူလည်းရှိတယ်။ သတိမမူပဲ ကြုံသလိုပေးလိုက်ကြသူတွေလည်းရှိနိုင်တယ်။ မမှန်မကန်လုပ်ကြံပြောဆိုနေတဲ့ အလွဲအမှားမျှော်လင့်ချက်များ (False Hopes)ကို အယောင်ယောင်အမှားမှားနဲ့ ယုံစားပြီး ပေးလိုက်မိတာလည်း အချို့လူတွေ ကြုံဖူးခဲ့ပြီ။ မီဒီယာလွှမ်းမိုးမှု လှိုင်းလုံးကြီးများ၊ မှိုင်းတိုက်မှုများ၊ လှည့်စားဖုံးကွယ်မှု သတင်းအမှား၊ အချက်အလက်မှား၊ သုံးသပ်ချက်အလွဲများနဲ့ ထောင်ချောက်ထဲဆွဲချခံကြရပြီး ချောက်ကျဖူးသူတွေလည်း မနည်းဘူး။

သူများနိုင်ငံတွေ၊ ကိုယ့်နိုင်ငံရဲ့အဖြစ်တွေကို လေ့လာကြည့်ရင်သိနိုင်ပါတယ်။ အမှားအမှန်၊ အကောင်းအဆိုး နိုင်ငံရေးလမ်းစဉ်၊ နိုင်ငံရေးဦးဆောင်မှုများရဲ့ အရည်အသွေးကို ယခုအခါမှာတော့ အထိုက်အလျောက် အကဲခတ်သုံးသပ်လေ့လာနိုင်ကြပါပြီ။

သင်ခန်းစာယူစရာတွေလည်း အတော်အတန်ရခဲ့ကြပြီဆိုရပေမှာပဲ။

မီဒီယာတွေရဲ့ လေလှိုင်းကနေပြီး တာဝန်ယူမှု၊ တာဝန်ခံမှု၊ ယုံကြည်စိတ်ချရမှုမရှိဘဲ အကျင့်ပျက်မှု၊ သတင်းအရည်အသွေးညံ့ဖျင်းမှု၊ စေတနာမမှန်မှု၊ လာဘ်လာဘနောက် ကောက်ကောက်လိုက်ပြီး တမင်သွေးခွဲမှု၊ လှုံ့ဆော်မှု၊ ရည်ရွယ်ချက်ရှိရှိဘက်လိုက်ပြောဆိုမှု၊ ပြည်ပနိုင်ငံကြီးများရဲ့ငွေကြေးအထောက်အပံ့ကိုရယူလက်ခံပြီး သူတို့အလိုကျနည်းမျိုးစုံနဲ့ မသမာမှု၊ ပါဝင်စွက်ဖက်မှု၊ အနုနည်းအကြမ်းနည်းတွေနဲ့ အကျပ်ကိုင်မှု၊ ဗိုလ်ကျလွှမ်းမိုးမှုတွေကို မြင်ခဲ့တွေ့ခဲ့၊ သိခဲ့ရပြီ။

နိုင်ငံရေးပါတီတချို့ဟာ မဲရချင်တော့ မျက်နှာထားနဲ့ပြောစကားတွေက မျက်နှာမှာသကာသုတ်လိမ်းပြီး မစားရဝခမန်းတွေ့ရပေမယ့် အာဏာလည်းရရော အမှန်တရားနဲ့ ကျင့်ဝတ်သိက္ခာကိုတောင် တန်ဖိုးထားရမှန်းမသိတော့ဘဲ ပြည်သူလူထုရဲ့အခက်အခဲနဲ့ မပြေလည်မှုတွေကို မျက်နှာလွှဲခဲပစ်နေနိုင်ရက်ခဲ့ကြတယ်။ အင်မတန် လျင်မြန်တဲ့ဖောက်ပြန်ပြောင်းလဲမှုကို ပြည်သူတွေ ကြုံတွေ့ခံစားခဲ့ရဖူးပေပြီ။ **ပြောတော့မိုး၊ ထိုးတော့မြေကြီးပဲလေ။ မိုးနဲ့မြေပမာကွာခြား၊ ထင်ရှာစိုင်းသွား။**

(၂)

အမျိုးသားစာပေဆုရ ကဗျာဆရာတစ်ဦးနဲ့ အကြောင်းအားလျော်စွာ သိကျွမ်းခင်မင်ခွင့်ရခဲ့ပါတယ်။ သူကအနုပညာတက္ကသိုလ်မှာ ပါမောက္ခတာဝန်လည်းထမ်းခဲ့ဖူးသူပါ။ သူ့ကဗျာလေးတွေက လူ့သဘော လူ့သဘာဝကို လှလှပပထင်ဟပ်ဖွဲ့ဆိုလေ့ရှိပါတယ်။ မိမိထိတွေ့ရသူက ပူသလား၊ အေးသလား၊ ချိုသလား၊ ခါးသလား။ မတော်တဆဖြစ်စေ ထိတွေ့မိလိုက်လျှင်တော့ အပူ၊ အအေးကို သိနိုင်ပေတာပဲ။ သူ့ကဗျာတစ်ပုဒ်ရဲ့ ခေါင်းစဉ်အမည်က မိတ္တူမှန်တဲ့။ ဖတ်ကြည့်ပါနော်။

မိတ္တူမှန်

တစ်ခွက်ရေကြည်၊ သောက်သုံးမည်ဟု<br>
ယူသည်ခဏ၊ ဖိတ်လျှံကျခိုက်<br>
ငါ့အားစင်ထိ၊ အေးပါဘိ။<br>
ကော်ဖီပူပူ၊ သောက်မည်ယူခိုက်<br>
မမူသတိ၊ တိုးတိုက်မိ၍<br>
ထိစင်ငါ့ပေါ်၊ ဖိတ်ကျသော်တည့်<br>
ဟစ်အော်မြည်တ၊ ပူလောင်လှ။<br>
လူမှုနယ်ပယ်၊ အဝန်းကျယ်၏<br>
ကျင်လည်ကျက်စား၊ ကြုံဖန်များ၍<br>
ခြားနားမတူ၊ တစ်ပါးသူနှင့်<br>
လူနှုတ်စရိုက်၊ တိုးမိတိုက်စဉ်<br>
သင့်၌ဖိတ်အန်၊ သုံးပါးကံတည့်<br>
ပီယံချိုပျား၊ သကာလား။<br>
ပူလောင်ထကြွ၊ ဒေါသလား။<br>
သင့်ရင်ထဲမှာ၊ ဘာထည့်ထား။

ချစ်စုအောင်<br>
အမျိုးသားစာပေဆု(ကဗျာဆု)ဆုရ

လက်ကိုင်ဖုန်းပေါ်က စာမျက်နှာများကတော့ မေတ္တာဓာတ်ကနည်းပါးပြီး လောဘ၊ ဒေါသ၊ မောဟ၊ မကျေနပ်မှု၊ မနာလိုမှု၊ ဝန်တိုမှု၊ ဣဿာ၊ မစ္ဆရိယ၊ စေတသိက်များအခြေခံပြီး ပြောဆိုကြ၊ ရေးသားကြတာ အများစုလိုဖြစ်နေပါကလား။

လူတွေဟာ ကိုယ်ရောစိတ်ပါ ချမ်းသာစွာနေလိုကြပါလျက်နဲ့ ဘာကြောင့် ပူလောင်ဆင်းရဲ ဒုက္ခတွေသာ လွန်ကဲကြုံတွေ့နေရပါသလဲဘုရားလို့ ဂေါတမဗုဒ္ဓမြတ်စွာဘုရားကို သိကြားမင်းက မေးလျှောက်တော့ ဘုရားရှင်က ဖြေတော်မူပါတယ်။ ဣဿာနဲ့ မစ္ဆရိယဆိုတဲ့ စိတ်ထားနှစ်ခုကြောင့် လူတွေဟာ ပူလောင်ဆင်းရဲနေရခြင်းပဲတဲ့။

**ဖိုးလမင်းလည်း၊ သူ့အလင်းနှင့်၊ အဆင်းနှင့်<br>
မီးတိုင်ငယ်လည်း၊ သူ့အရွယ်နှင့်၊ အစွယ်နှင့်<br>
စံပယ်ဦးလည်း၊သူ့ဂုဏ်ထူးနှင့် ငုံဖူးနှင့်<br>
အလှဝန်တို၊ မငြင်ငြိုနှင့်<br>
ဝန်တိုမှုသာ၊ မလှရာတည့်။**

လောကမှာ အလှတရားတွေ အများကြီးပါ။ လောကကို အလှမြင်တတ်ဖို့ရာ အရေးကြီးရဲ့။ လွန်ခဲ့တဲ့နှစ်ပေါင်း ၆ဝကျော် ကာလအချိန်မှာ အမျိုးသားစာပေဆုရခဲ့တဲ့ ကဗျာဆရာတင်မိုးရဲ့ "ဖန်မီးအိမ်ကဗျာများ" ဆိုတဲ့စာအုပ်ထဲက မှတ်မိသမျှ စာပိုဒ်တချို့ပါ။

**သူတစ်ပါးအောင်မြင်ကြီးပွားတာကို နှစ်သက်ဝမ်းသာနိုင်ရမယ်။ ဝမ်းမြောက်ကြည်နူးတတ်ရပါမယ်။ အဲဒါဟာ မွန်မြတ်တဲ့ စိတ်ထားအလှပါပဲ။**

**သူ့ကိုချီးမြောက်၊ ကိုယ်ဂုဏ်မြောက်၏။<br>
ယွင်းဖောက်အလို၊ ဝန်မတိုနှင့်၊<br>
သူ့ကိုဂုဏ်နိမ့်၊ ကိုယ်ဂုဏ်နိမ့်၏။<br>
စည်းစိမ့်အရာ၊ သူ့ချမ်းသာ၌<br>
ဣဿာမပြု၊ ဝမ်းမြောက်ရှုလော့။**

**အရှင်ဇဝန (၁၈၄၁-၁၉၂၀)<br>
မန်လည်ဆရာတော်<br>
(မဟာသုတကာရီ မဃဒေဝလင်္ကာသစ်မှ)**

(၃)

မြတ်စွာဘုရားက လောကကို သူ့ရဲ့အဦးအစ သစ္စာလေးပါးမြတ်တရားဖြစ်တဲ့ ဓမ္မစကြာတရားတော်ကို ပဉ္စဝဂ္ဂီငါးပါးကို ဟောကြားတော်မူခဲ့တယ်။ အားလုံးသိပြီးဖြစ်ပါလိမ့်မယ်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာဆိုတဲ့ အကြောင်းအချက်တွေပါ။ ဒီတရားဟောကြားပြီးချိန် တစ်ပတ်လောက်နာကြားရသူများ လေ့လာသုံးသပ်၊ သဘောပေါက်နားရှင်းလောက်ပြီဆိုမှ အနတ္တလက္ခဏာသုတ်ကို ဒုတိယထုတ်ဖော်ဟောကြားချက်အဖြစ် ဆက်လက်မိန့်တော်မူပါတယ်။

ဒီအနတ္တလက္ခဏာသုတ် တရားတော်ထဲမှာ ကွဲပြားထူးခြားတဲ့ မဂ္ဂသစ္စာကို ပိုမိုတိကျရှင်းလင်းအောင် ရှင်းပြချက်ပါဝင်ပါတယ်။ စာဖတ်သူများလည်းနာကြားဖူးမယ်၊ သိထားပြီးဖြစ်မယ်ထင်ပါတယ်။ ပထမဆုံးအချက်က သမ္မာဒိဋ္ဌိဆိုတဲ့ မှန်စွာမြင်ခြင်း၊ အင်္ဂလိပ်လို Right View ဆိုကြတယ်။ မှန်ကန်စွာမြင်ရမှာကဘာလဲ။ ထာဝရဘုရားသခင်က ဖန်ဆင်းပေးခြင်း၊ အပြစ်ပေးခြင်း၊ ဆုလာဘ်ပေးခြင်းမဟုတ်။ မိမိပြုတဲ့ကံအလုပ်အတိုင်းသာ ကောင်းကျိုးဆိုးပြစ်ရရှိတာဖြစ်တယ်။

**စေတနာဟာကံပါပဲ။<br>
ယံကမ္မံ ကရိဿာမိ၊ ကလျာဏံဝါ၊ ပါပကံဝါ<br>
တဿဒါယဒေါ၊ ဘဝိဿမိတိ။**

မိမိပြုတဲ့ကိုယ်၊ နှုတ်၊ စိတ်တို့ကိုအကြောင်းအရင်းပြုပြီး အကျိုးဆက်ထွက်ပေါ်တဲ့သဘောပဲ။

**"ယေဓမ္မာဟေတုပ္ပဘဝါ"**

အကြင်အကြောင်းကြောင့် ထိုအကျိုးရလာတယ်။ (အကျယ်မဖော်ပြတော့ပါ။ သိလိုပါက ဆက်လေ့လာပါ) အမြင်မှန်ခြင်းဟာ အခြေခံအကျဆုံး အဓိကအဆင့်ပါပဲ။

၁။ သမ္မာဒိဋ္ဌိ = **မှန်စွာမြင်ခြင်း** (Right View)

၂။ သမ္မာသင်္ကပ္ပ = **မှန်စွာတွေးတောကြံစည်ခြင်း** (Right Thought)

၃။ သမ္မာဝါစာ = **မှန်စွာပြောဆိုခြင်း** (Right Speech)

၄။ သမ္မာကမ္မန္တ = **မှန်စွာပြုမူခြင်း** (Right Action)

၅။ သမ္မာအာဇီဝ = **မှန်စွာအသက်မွေးခြင်း** (Right Livehood)

၆။ သမ္မာဝါယာမ = **မှန်စွာအားထုတ်ခြင်း** (Right Efford)

၇။ သမ္မာသတိ = **မှန်စွာအောက်မေ့ခြင်း** ( Right Mind Falness)

၈။ သမ္မာသမာဓိ = **မှန်စွာတည်ကြည်ခြင်း** (Right Concentration)

# မြင်းမူမြို့နယ်တွင် ပဲစင်းငုံ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၇ ဒသမ ၇၉ တင်းထွက်ရှိ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ပဲစင်းငုံကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၇၉ တင်း ထွက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ကေ ၃၅၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၇၉ တင်းထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲစင်းငုံ ကေ ၃၅၂၀ ထိစိုက်ပျိုးထားပါတယ်။ လက်ရှိ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံ စိုက်ခင်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်စေရေး၊ အထွက်နှုန်းကောင်းမွန်စေရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့်ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ပဲစင်းငုံအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာပေါင်းမြို့နယ်တွင် နေကြာ ၃၅၅၂ ကေ စိုက်ပျိုးပြီးစီး လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့

**ပုသိမ် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် နေကြာ ၃၅၅၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။



သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၁၀၈ ကေ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နေကြာ ၃၅၅၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ သာပေါင်းမြို့နယ်မှာ နေကြာ ၂၁၀၈ ကေ စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ နေကြာစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်'' ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

နေကြာသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးဆီဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် နေကြာသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# လင်းခေးမြို့နယ် နမ့်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လင်းခေး ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းနု၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နမ့်အွန်ကျေးရွာ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က စတင်ပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၇၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

မင်းမြင့်မိုရ်

# သနပ်ပင်မြို့နယ် လွှမ်းပြေကျေးရွာ၌ မြေသားလမ်းချဲ့ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သနပ်ပင် ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွှမ်းပြေကျေးရွာအုပ်စု လွှမ်းပြေကျေးရွာ၌ မြေသားလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ လွှမ်းပြေကျေးရွာ၌ မြေသားလမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

လွှမ်းပြေကျေးရွာ၌ လမ်းအရှည် ၆၈၇ ပေ၊ အကျယ် ရှစ်ပေ၊ အမြင့် လေးပေရှိ မြေသားလမ်းချဲ့ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ မြေသားလမ်းချဲ့ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် လွှမ်းပြေကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာရလွယ်ကူလာမည်ဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

နွဲ့ယဉ်

# ဝေါမြို့နယ် အဘားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဘားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အဘားကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်လုပ်ငန်းအဖွဲ့ဝင်များက အဘားကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိထံမှ သိရသည်။

ကိုညို

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ယုန်လွှတ်ကျွန်းနဲ့ မြေသင်းတွင်းတို့ရဲ့ ပျူအထောက်အထားများ

ကိုကို(မန္တလေး)



ယုန်လွှတ်ကျွန်းအထိမ်းအမှတ်
ကျောက်စာတိုင်ကို တွေ့ရစဉ်။

ဘီစီ ၄၈၄ မှာ မဟာသမ္ဘဝဟာ အဓိကပျူမြို့တော် သရေခေတ္တရာကို စတင်တည်ထောင်ခဲ့တယ်။ မင်းဆက် ၂၅ ဆက်ရှိပါတယ်။ အေဒီ ၉၄ ခုနှစ် သုပညာနာဂရဆိန္ဒလက်ထက်မှာ သရေခေတ္တရာ ပျူမြို့တော်ဟာ ပျက်စီးခဲ့ပါတယ်။ အဲဒီပျူတွေဟာ ဧရာဝတီမြစ်ကိုကူးပြီး တောင်ညိုမှာ သုံးနှစ်၊ ပန်းတောင်းမှာ ခြောက်နှစ်၊ မင်းတုန်းမှာ သုံးနှစ် ရွှေ့ပြောင်းနေထိုင်ခဲ့ပါတယ်။ ပျူလူမျိုးတွေက သူတို့နဲ့လူမျိုးလဲတူ၊ စကားပြောလဲတူ၊ ဓလေ့လဲ တူတဲ့နေရာကို စနည်းနာကာ မြို့သစ်တည်အခြေချ ဖို့ နေရာရွေးချယ်ကြတော့တယ်။ ခေါင်းဆောင် သမုတိရာဇ်ဟာ ဧရာဝတီအထက်ပိုင်းတစ်နေရာမှာ ပျူလူမျိုးတွေ အများကြီးစုဝေးနေထိုင်ကာ ပျူဈေး ရှိတဲ့ ပျူဂါမလို့ခေါ်တဲ့ ပျူရွာ ၁၉ ရွာကို စုစုစည်းစည်း နဲ့ တွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် အေဒီ ၁၀၇ မှာ ခေါင်းဆောင်သမုတိရာဇ် ပျူဂါမကိုရောက်တော့ ပျူ ၁၉ ရွာက သူကြီး ၁၉ ယောက်ကိုစုရုံး တုရင် တောင်ရဲ့အရှေ့မြောက်ခြေရင်းက ယုန်လွှတ်ကျွန်းကို ဗဟိုပြုကာ လေးမိုင်အတွင်းရှိတဲ့ မြေခဲတွင်း(ယခု မြေသင်းတွင်းရွာ)၊ တောင်ပရွာ(ယခု တောင်ဘရွာ) နဲ့ တောင်ခွင်ရွာအရှေ့ နှစ်မိုင်ခွဲက ကုက္ကိုရွာ (ယခု ရွာပျက်ပြီး အနားက မြေသင်းတွင်းနဲ့ တောင်ခွင်ရွာ တွေမှာ ပြောင်းနေခဲ့ကြပါပြီ)တို့ ပါဝင်ပါတယ်။

ယုန်လွှတ်ကျွန်းကတော့ အခုရွာမရှိပေမဲ့ ရှိတဲ့ ယုန်လွှတ်ကျွန်း နန်းတော်ရာအထိမ်းအမှတ် ကျောက်စာတိုင်ကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ ပုဂံရှေးဟောင်းသုတေသနနဲ့ဆက်နွှယ်တဲ့ မိသားစု သုံး၊ လေးစုက အနားမှာနေထိုင်စောင့်ရှောက်နေကြ ပါတယ်။ ၂၀၂၄ ခုနှစ် ဩဂုတ် ၇ ရက်မှာ ရန်ကုန် အမျိုးသားပြတိုက်မှာ မြန်မာ့သမိုင်းအဖွဲ့ဥက္ကဋ္ဌဖြစ် တဲ့ သာသနာရေးနဲ့ယဉ်ကျေးမှုဌာန ပြည်ထောင်စု ဝန်ကြီး ဦးဆောင်ပြီး ရှေးဟောင်းသုတေသနအဖွဲ့၊ သက်ဆိုင်တဲ့ဝန်ကြီးဌာနများက ပုဂ္ဂိုလ်တွေနဲ့ ပျူသမိုင်းကြောင်း လေ့လာရေးပညာရှင်တွေဟာ သမိုင်းကို ခိုင်ခိုင်မာမာရေးနိုင်ဖို့ ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက် ဆွေးနွေးပွဲ (ပျူအက္ခရာနှင့် ပျူစာပေ)မှာ သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နဂိုကတည်းကရှိခဲ့တဲ့ "မြန်မာအစ တကောင်းက ဆိုတဲ့အယူအဆနဲ့ ပျူခေတ်နှင့်ပုဂံခေတ်တစ်ဆက် တည်းရှိခဲ့သည်"ဟူသောအယူအဆကို ကလေးတွေ ကျောင်းသုံးစာအုပ်တွေမှာ ထည့်သွင်းပြင်ဆင်နိုင်ရန် အတွက် အားလုံးဝိုင်းဝန်းလုပ်ဆောင်သွားကြဖို့ မှာကြားခဲ့ပါတယ်။

တစ်ချိန် ဗြိတိသျှခေတ်က သမိုင်းပညာရှင်များရဲ့ ယူဆချက်အမှားတွေကို အခုခေတ်ပညာရှင်နဲ့သမိုင်း လေ့လာသူတွေဟာ ရှာဖွေတွေ့ရှိထားပါတယ်။ ဒါကို လူငယ်တွေသိရှိနိုင်ဖို့၊ ကမ္ဘာကို ခိုင်မာစွာချပြဖို့ လိုပါတယ်။ ပုဂံသမိုင်းကိုလေ့လာရမှုဝါသနာထုံလို့ နေရာတိုင်းကို ရောက်ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ်လောက်ကစပြီး ပုဂံသမိုင်းအကြိုနဲ့ ပုဂံခေတ်ဦး ပိုင်း အထူးသဖြင့် ပုဂံပြည်စတင်ခဲ့တဲ့ ယုန်လွှတ်ကျွန်း နေရာကိုအထူးဦးစားပေးလေ့လာဖို့စာရေးသူရောက် ရှိခဲ့ပါတယ်။ ယုန်လွှတ်ကျွန်းရွာကို အရင်က ရောက်ခဲ့ ဖူးပါတယ်။ တုရင်တောင်မြောက်ဖျား စွယ်တော် ဘုရားအဝင်မုခ်ဝနဲ့မနီးမဝေး ညောင်ဦး–ကျောက် ပန်းတောင်းကားလမ်းဘေးက တောင်ဘရွာရဲ့ မြောက်ဘက်မှာတည်ရှိပါတယ်။ မိုင်ဝက်လောက်ပဲ ကားဝင်နိုင်ပါတယ်။ ကျန်တစ်ဝက်က တုရင်တောင် ကကျလာခဲ့တဲ့ သဲချောင်းတွေကပို့ချလာတဲ့ သဲကြမ်း တွေဖုံးနေလို့ ကားရုန်းဖို့ခက်ခဲပါတယ်။ ကားလေးမို့ သဲနစ်တာ လူကူတွန်းရပါတယ်။ ရသလောက်ဝင်ပြီး ခြေလျင်ဆက်သွားရာမှာ ယာနှစ်ကွက်အကျော်မှာ ရှေးဟောင်းသုတေသနဌာနက သမုတိရာဇ်မင်းရဲ့ နန်းတော်ရာဟောင်းနေရာမှာ ကျောက်စာတိုင်စိုက် ထူထားပါတယ်။

ကျောက်စာတိုင်မှာ စာတမ်းရေးထိုးထားတာက "ယုန်လွှတ်ကျွန်းပထမ၊ နန်းတော်ရာ၊ အေဒီ ၂ ရာစု မှ ၄ ရာစုထိ သမုတိရာဇ်မင်းမှ ပိုက်သေဉ်လည်ထိ မင်းပေါင်း (၆) ဆက် အုပ်စိုးစံသည်"ဟု မြန်မာ– အင်္ဂလိပ် နှစ်ဘာသာနဲ့ရေးထားတာကို တွေ့နိုင်ပါ တယ်။ တမ္ပဝတီ ဦးဝင်းမောင်ရဲ့စာအုပ်မှာက ဆရာ ဘေကြီးရဲ့လက်ရေးမူ ပုဂံရာဇဝင်သစ်မှာ ယုန်လွှတ် ကျွန်းနန်းတော်ရာအုတ်ရိုးဟောင်းတွေရဲ့ မြေပုံရေး ထိုးထားတာရှိပါသတဲ့။ ၁၉၉၉ ခုနှစ်မှာ ဆစ်ဒနီ တက္ကသိုလ်က သမိုင်းပညာရှင်တွေနဲ့ မြန်မာသမိုင်း ပညာရှင်တွေပူးပေါင်းပြီး တူးဖော်ခဲ့ကြရာမှာ အုတ်ရိုး တွေထွက်ပေါ်လာတာ တွေ့ရတယ်လို့ဆိုပါတယ်။

သမုတိရာဇ်ဟာ အေဒီ ၁၀၇ မှာ ယုန်လွှတ်ကျွန်း နေရာရောက်တော့ လူတွေကိုဒုက္ခပေးတဲ့ ကျား၊ ဝက်၊ ရှူးပျံ၊ စွန်ရဲငှက်ကြီးတွေရန်ရှိခဲ့ရင်တော့ အဲဒီနေရာ ကို ရှောင်မှာပါ။ သမုတိရာဇ်မင်းအုပ်စိုးခဲ့တဲ့အချိန် မှာ လူတွေကိုတိုက်ခိုက်တဲ့ အဲဒီသတ္တဝါတွေ စားကျက်ပြောင်းပေါ်ထွန်းလာတာဖြစ်နိုင်ပါတယ်။ အဖြေကိုရဖို့ စာရေးသူဟာ ယုန်လွှတ်ကျွန်းကို ဗဟို ပြုပြီး ဘေးပတ်လည် ၁၀ မိုင်ထိ ကား၊ ဆိုင်ကယ်၊ ခြေလျင်တို့ဖြင့် သွားရောက်လေ့လာခဲ့ပါတယ်။

တုရင်တောင်စွယ်တော်ဘုရားမုခ်ဝနဲ့ မဝေးတဲ့ ကားလမ်းအရှေ့ မိုင်ဝက်လောက်မှာ ယခင်ပျူ ၁၉ ရွာထဲက တောင်ပရွာဟာ တောင်ဘရွာအဖြစ် နေရာပြောင်းရွှေ့နေထိုင်ခဲ့လို့ ယခင်တောင်ပရွာက ရွာဟောင်းကုန်းနဲ့ယာခင်းတွေအဖြစ်နဲ့ မထင်မရှား ကျန်ခဲ့တော့ပါတယ်။ အဲဒီနားက ယာခင်းထဲမှာ အရိုးအိုး၊ အရိုးပုတီးစေ့တွေရလို့ အဲဒီနေရာမှာ ပျူ တွေနေထိုင်ကြောင်း သက်သေအခိုင်အမာဖြစ်ပါ တယ်။ ပျူတွေနေတဲ့နေရာ ပျူမင်းဆက်လာအုပ်ချုပ် တာပါ။ ရွာဟောင်းကို ကားနဲ့ဝင်ဖို့ကြိုးစားရာမှာ သဲကြမ်းတွေမှာနစ်မှုအခက်အခဲနဲ့တွေ့လို့ ဆိုင်ကယ် နဲ့သွားခဲ့ပါတယ်။ ကျောက်ပန်းတောင်းသွားကား လမ်းက မိုင်ဝက်ခန့်ဝေးတဲ့နေရာမှာ ယုန်လွှတ်ကျွန်း အနီးရှိခဲ့တဲ့တောင်ခွင်ရွာဆိုတာရှိတယ်။ အဲဒီတောင် ခွင်ရွာကနေ သုံးမိုင်ဝေးတဲ့နေရာမှာ ပျူ ၁၉ ရွာစာရင်း ဝင်ခဲ့တဲ့ ကုက္ကိုရွာဟောင်းကုန်းလေးကိုတွေ့ရမှာပါ။ ရွာကလူတွေဟာ ရေရရှိမှုအခက်အခဲတွေ၊ ချောင်းကျ သဲကြမ်းလုံးတွေ ရွာနေရာဟောင်းမှာ ဖုံးနေတာတွေ့ ရပါတယ်။ အနားက တောင်ခွင်ရွာ၊ ကူမဲရွာနဲ့မြေသင်း တွင်းရွာတွေကို ၁၈၇၈ ခုနှစ်လောက်မှာ ပြောင်းရွှေ့ ခဲ့ပါတယ်။ ဒါနဲ့စာရေးသူဟာ ညောင်ဦးခတ်ဆီဆိုင် နဲ့မနီးမဝေး အရှေ့ချိုးရမဲ့ မြေနီလမ်းလေးကတစ်ဆင့် ပျူ ၁၉ ရွာ စာရင်းဝင် မြေခဲတွင်း ယခုအခေါ် မြေသင်း တွင်းရွာကို မြေသားလမ်းလေးကနေ သုံးမိုင်လောက် ဝင်ခဲ့ပါတယ်။ လမ်းထိပ်မှာ မြေသင်းတွင်းရွာသို့နဲ့ ဇီးအိုရွာသို့ဆိုပြီး ဆိုင်းဘုတ်လေးတွေတွေ့ရပါတယ်။ ပုဂံပြည် စတည်ထောင်သူ သမုတိရာဇ်မင်းအုပ်စိုးချိန် လောက်က ရှိခဲ့တဲ့ရွာပါ။ သမုတိရာဇ်မင်းရဲ့သမက် ပျူစောထီးဟာ ဒီမြေသင်းတွင်းရွာမှာ ကြီးပြင်းခဲ့တဲ့ ရွာဖြစ်ပြီး ပုဂံခေတ်ဦးက ပြည်သူတွေကို အနှောင့် အယှက်ပြုနေတဲ့ ကျား၊ ဝက်၊ ရှူးပျံနဲ့ စွန်ရဲငှက်ကြီး တို့အပြင် စိုက်ပျိုးမြေတွေကို ကောက်ပဲသီးနှံစိုက်မရ အောင် ရှေ့ကခုတ် နောက်ကပြန်ပေါက်တဲ့ ဘူးရိုင်း ပင်တွေကို ပျူစောထီးဦးဆောင်ပြီး ရှင်းလင်းခဲ့လို့ အောင်မြင်ခဲ့တဲ့ ဒေသတွေပါ။

ပျူစောထီးကိုမွေးစားတဲ့ ပျူအိုလင်မယားကို ရွာထဲမှာ ပျူစောထီးတည်ခဲ့တဲ့ သစ္စာအဓိဋ္ဌာန်အောင် ဘုရားရှိ ရှေးပန်းချီကားတွေထဲမှာ ခဝါသည်လင် မယားလို့ ရေးသားထားပါတယ်။ ရွာရဲ့ အနောက် မြောက်တစ်မိုင်လောက်အကွာ(စာအုပ်မှာ မြန်မာ နာမည်ရေးမထားတဲ့ အင်္ဂလိပ်အသံထွက် နောက် နေရာ Mew Kye Twin မူကြည်တွင်းလို့ ရေးထား တယ်)မှာ မိုးရွာလို့ပြိုကျခဲ့တဲ့ ဂူဘုရားကနေ ပျူခေတ်အုတ်ခွက်ဘုရားတွေမှာ ထီးအဆင့်ဆင့်ပါ တဲ့ ရှေးဟောင်းကျောက်ထုပါရုံစေတီငယ်တစ်ဆူ တွေ့လိုက်ရတာက ကြီးမားတဲ့ ပုဂံခေတ်ဦးအစ ပျူလူမျိုးတွေ အခြေချနေထိုင်နေပြီဖြစ်ကြောင်း သက်သေပြလိုက်တာပါပဲ။ အခု ပုဂံပြတိုက်မှာရှိပါ တယ်။ သစ္စာအဓိဋ္ဌာန်အောင်ဘုရားရဲ့ နောက် ခန်းမဆောင်အတွင်းမှာ သော့အထပ်ထပ်ခတ်သိမ်း ထားတဲ့ ရှစ်လက်မအမြင့်ရှိတဲ့ ကြေးရုပ်တုလေးကို ရွာခံမိတ်ဆွေ ရွာလူကြီးက ပြပါတယ်။ စာရေးသူဟာ ဒီအရုပ်ကိုကြည့်ပြီး တစ်ချိန်က ဗုဒ္ဓဘာသာ ထွန်းကားတဲ့ အာဖန်နစ္စတန် ဘာမီယန်နားက ဂက်ဇနီအရပ်မှာ ဒုတိယအကြီးဆုံးဖြစ်တဲ့ ရှေးဟောင်းသမိုင်းပြတိုက်မှာ တွေ့ခဲ့ဖူးပါတယ်။ ပြတိုက်မှာ 9 to 10 century လို့ ရေးထိုးထားပါတယ်။

နောက် စာရေးသူတို့လဲ မြေသင်းတွင်းရွာ အရှေ့ ဘက် ငါးမိုင်ခန့်ဝေးတဲ့ ဇီးအိုရွာကို ရောက်ခဲ့ပါတယ်။ ဒီရွာတွေဟာ ဂျပန်လူမျိုးတွေအလာများပြီး ကျေးရွာ များရေရရှိရေးနဲ့ စိမ်းလန်းစိုပြည်ရေးကို ကူညီပေး ခဲ့ပါတယ်။ ဇီးအိုရွာအရှေ့မှာ သစ်တောဦးစီးဌာနက ထိန်းသိမ်းထားတဲ့ အင်ကြင်းတောကြီးကို တွေ့ လိုက်ရတော့ အံ့အားသင့်မိပါတယ်။ ခြောက်သွေ့ ပူပြင်းတဲ့အပူပိုင်းဒေသမှာ အခုလို စိမ်းစိမ်းစိုစို အင်ကြင်းတောအုပ်အတွင်း ဝင်ပြီးလေ့လာခဲ့ပါတယ်။

သက်တမ်း ၃၀၀ ကျော်မှ ၆၀၀ ကျော် အင်ကြင်း ပင်တွေဖြစ်ကြောင်း ဆိုင်းဘုတ်တွေ ချိတ်ဆွဲထားပါ တယ်။ အင်ကြင်းပင်တွေဟာ ယုန်လွှတ်ကျွန်းရဲ့အရှေ့ မြောက် ခုနစ်မိုင်လောက်မှာရှိပြီး သမုတိရာဇ်မင်း စတည်ခါစ အင်ကြင်းပင်မျိုးဆက်တွေပါပဲ။ ပုဂံ ဒေသကို အန္တရာယ်ပေးခဲ့တဲ့ ကျားကြီး၊ တောဝက်၊ ရှူးပျံ၊ စွန်ရဲငှက်ကြီးတွေ ကျက်စားနေထိုင်ခဲ့တဲ့ တောအုပ်ပါပဲ။ ဒီတောအုပ်ဟာ အခုထိရှိသေးပြီး အခု အစိုးရကော ပြည်သူကပါ ထိန်းသိမ်းစောင့် ရှောက်လျက်ရှိပါတယ်။ ဒါဟာ ပျူခေတ်နဲ့ပုဂံခေတ် တစ်ဆက်တည်းရှိခဲ့တာကို အခိုင်အမာပြတဲ့ သက်သေပြချက်တစ်ခုဖြစ်တဲ့အပြင် ယုန်လွှတ်ကျွန်း နဲ့ မြေသင်းတွင်းတို့ရဲ့ ပျူအထောက်အထားတွေကို လေ့လာရေးသားဖော်ပြလိုက်ရပါတယ်။

**❖ ပျူစောထီးကိုမွေးစားတဲ့ ပျူအိုလင်မယားကို ရွာထဲမှာ ပျူစောထီးတည်ခဲ့တဲ့ သစ္စာအဓိဋ္ဌာန်အောင်ဘုရားရှိ ရှေးပန်းချီကား တွေထဲမှာ ခဝါသည်လင်မယားလို့ ရေးသားထားပါတယ်။ ရွာရဲ့ အနောက်မြောက်တစ်မိုင်လောက်အကွာ (စာအုပ်မှာ မြန်မာနာမည် ရေးမထားတဲ့အင်္ဂလိပ်အသံထွက်နောက်နေရာ Mew Kye Twin မူကြည်တွင်းလို့ ရေးထားတယ်)မှာ မိုးရွာလို့ပြိုကျခဲ့တဲ့ ဂူဘုရားကနေ ပျူခေတ်အုတ်ခွက်ဘုရားတွေမှာ ထီးအဆင့်ဆင့်ပါတဲ့ ရှေးဟောင်း ကျောက်ထုပါရုံစေတီငယ်တစ်ဆူတွေ့လိုက်ရတာက ကြီးမားတဲ့ ပုဂံခေတ်ဦးအစ ပျူလူမျိုးတွေ အခြေချနေထိုင်နေပြီဖြစ်ကြောင်း သက်သေပြလိုက်တာပါပဲ။ ❖**


ကိုးကား

- ဆရာကြီးဦးမောင်မောင်တင်၏ မွေးနေ့အမှတ်တရစာတမ်းများ (တမ္ပဝတီ ဦးဝင်းမောင်)
- သမိုင်းကပြောသောပုဂံ၊ ပုဂံမှပြောသော သမိုင်း (ဒေါက်တာသက်လွင်)
- The Origin of Bagan – Bob Hudson
- Buddhist Sects in India– Nalinnaksha Dutt


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

လင်းလက်

# အဂတိကင်းကွာ လွန်ချမ်းသာ အပိုင်း(၇)

**ဝဋ္ဋကာမ ပယ်ခွာကြ**

ဝဋ္ဋကာမနှင့် ကိလေသာကာမတို့အပေါ်တွင် လိုချင်မက်မောခြင်း၊ တပ်မက်ခြင်းဆိုသည့် လောဘတရားသည် လူသားတို့၏စိတ်ကို မကောင်းမှုဒုစရိုက်လုပ်ငန်းများသို့ တွန်းပို့နိုင်သည်။ လောဘတရားကို ပယ်ဖျက်ချိုးနှိမ်နိုင်မှသာ ငြိမ်းချမ်းသောဘဝကိုရနိုင်ပြီး ကမ္ဘာကြီးလည်း ထာဝစဉ်လုပငြိမ်းချမ်းနေမည်ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ လောဘသည် ပူလောင်သောသဘောရှိပြီး "မျက်စိဖြင့်တွေ့မြင်ရသော အဆင်း၊ နှာခေါင်းဖြင့် ရှူရှိုက်ရသော အနံ့၊ နားဖြင့်ကြားရသော အသံ၊ လျှာဖြင့်ထိတွေ့မိသော အရသာ၊ ခန္ဓာကိုယ်ဖြင့် ထိတွေ့မိသောအတွေ့အထိ"ဆိုသည့် အာရုံငါးပါးကာမဂုဏ်တရားတို့တွင် လိုချင်တပ်မက်စိတ်များ များလာသည့်အခါ တင်းတိမ်ရောင့်ရဲခြင်းတို့ ပပျောက်သွားပြီး မတော်လောဘများထွက်ပေါ်လာသည်။ မိမိရသင့်ရထိုက်သောအရာထက်ပို၍ မတရားလိုချင်စိတ်များ ဖြစ်ပေါ်လာတတ်သည့်သဘောတရားများကို ပညာဉာဏ်စွမ်းဖြင့် ထိန်းချုပ်နိုင်စွမ်းမရှိသည့်အခါ မိမိရယူလိုသောအရာအတွက် မကောင်းမှုဒုစရိုက်များကိုပင် ကျူးလွန်မိတတ်သဖြင့် ဆင်ခြင်အပ်သည်။

လောဘကြောင့်ပင် လူ့ကျင့်ဝတ်များကို ချိုးဖောက်၍ ဟီရိဩတ္တပ္ပဆိုသည့် အရှက်အကြောက်တရားများကင်းဝေးကာ အဂတိလိုက်စားမှုများကို ကျူးလွန်လာကြသည်။ ပစ္စည်းဥစ္စာများတွင် တပ်မက်ခြင်းသဘောတရားများ ဖုံးလွှမ်းသွားသည့်အခါ လူ့ကျင့်ဝတ်စည်းကမ်းများကို ဖောက်ဖျက်လျက် မတရားမှုများကို ကျူးလွန်တတ်ကြသည်။ အများပြည်သူအကျိုးစီးပွား ဆောင်ရွက်ရသည့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ထမ်းများအနေဖြင့် တတ်နိုင်သမျှ လောဘကင်းကင်းဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန်လိုအပ်ပေသည်။ လောဘတရားကြောင့် တံစိုးလက်ဆောင်များကို လက်ခံရယူလိုက်မိသည့်အခါတွင် တံစိုးလက်ဆောင်ပေးသူအလိုကျ အဂတိလိုက်စားကာ ဘက်လိုက်ဆုံးဖြတ်ဆောင်ရွက်သည်ထိ ဖြစ်တတ်သဖြင့် ဆင်ခြင်အပ်သည်။ မတော်လောဘများ ဖုံးလွှမ်းသွားသည့်အခါ မိမိအတွက်ဆိုသည့် ကိုယ်ကျိုးစီးပွားအလေးထားသည့်အပြုအမူများ ပိုမိုများပြားလာကာ အမှန်တရားနှင့် သွေဖည်သည့် လုပ်ရပ်များကို လုပ်တတ်ကြသည်။

**လောဘကြောင့် အဂတိတရားလေးပါးကိုဖြစ်စေ**

ပစ္စည်းဥစ္စာအပေါ် တပ်မက်ခြင်းစိတ်သည် ပုထုဇဉ်လူသားတိုင်းတွင် ရှိတတ်ကြသည်။ မတော်လောဘနှိပ်စက်သည့်အခါ လူတို့သည် မိမိတို့၏ သမ္မာအာဇီဝဖြင့် နဖူးကချွေး ခြေမကျသည်ထိ ကြိုးစားရှာဖွေခြင်းမှရရှိသော ဝင်ငွေအပေါ် တင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်တော့ပေ။ အကုသိုလ်စေတသိက် ၁၄ ပါးတွင် လောဘသည် ထိပ်ဆုံးက ပါဝင်နေသည်ကို တွေ့ရသည်။ လောဘကြောင့်ပင် အမှန်မြင်နိုင်သည့်စိတ်များမရှိတော့ဘဲ ပစ္စည်းဥစ္စာများရရှိမည်ဆိုပါက ဘနဖူးကိုပင် သိုက်တူးလိုသည့် စိတ်များပေါ်လာတတ်သည်။ လောဘကြောင့် တံစိုးလက်ဆောင်ရယူ၍ ဆုံးဖြတ်လိုက်သည့်ဆုံးဖြတ်ချက်များသည်လည်း ဘက်လိုက်မှုနှင့်မညီမျှမှုတို့ကို ဖြစ်စေပြီး အမှန်တရားနှင့်ကင်းဝေးသွားကာ အဂတိလိုက်စားမှုများကို ဖြစ်စေတတ်သည်။

လောဘကြောင့် တံစိုးလက်ဆောင်လက်ခံပြီး မိမိနှင့်ရင်းနှီးသူအတွက် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဆန္ဒာဂတိကို ဖြစ်စေသည်။ တံစိုးလက်ဆောင်ရယူ၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်လေ့ရှိသူသည် မိမိထံသို့ တံစိုးလက်ဆောင်ပေးအပ်ခြင်းမရှိသည့်အခါ ဒေါသစိတ်များဖြစ်ပေါ်လာပြီး ဒေါသကြောင့် ဘက်လိုက်ဆုံးဖြတ်မိကာ ဒေါသာဂတိကို ဖြစ်စေသည်။ မိမိရာထူးနေရာရရှိရေးအတွက် ဖြစ်ပေါ်လာသောလောဘစိတ်ကြောင့် မိမိ၏ အထက်လူကြီးက ပြုပြင်ခံရမည်ကို ကြောက်ရွံ့ခြင်းကြောင့် အထက်လူကြီးအလိုကျ လိုက်လံဆောင်ရွက်ပေးခြင်းဖြင့် ဘယာဂတိကိုဖြစ်စေသည်။ မိမိချမ်းသာကြွယ်ဝမှုအတွက် ပစ္စည်းဥစ္စာရရှိရေးကိုသာ ဦးတည်၍ တံစိုးလက်ဆောင်လက်ခံလိုက်မိသည့်အခါတွင် လုပ်သင့်လုပ်ထိုက်သည်ကိုမသိတော့ဘဲ မောဟဖုံးလွှမ်းသွားကာ တံစိုးလက်ဆောင်ပေးသူအလိုကျ ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မောဟာဂတိကို ဖြစ်စေသည်။ ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက

**❖ လောဘကြောင့်ပင် လူ့ကျင့်ဝတ်များကိုချိုးဖောက်၍ ဟီရိဩတ္တပ္ပဆိုသည့် အရှက်အကြောက်တရားများကင်းဝေးကာ အဂတိလိုက်စားမှုများကို ကျူးလွန်လာကြသည်။ ပစ္စည်းဥစ္စာများတွင် တပ်မက်ခြင်းသဘောတရားများဖုံးလွှမ်းသွားသည့်အခါ လူ့ကျင့်ဝတ်စည်းကမ်းများကိုဖောက်ဖျက်လျက် မတရားမှုများကို ကျူးလွန်တတ်ကြသည်။ အများပြည်သူအကျိုးစီးပွားဆောင်ရွက်ရသည့် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ထမ်းများအနေဖြင့် တတ်နိုင်သမျှ လောဘကင်းကင်းဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရန် လိုအပ်ပေသည်။ ❖**

တံစိုးလက်ဆောင်သည် အဂတိတရားလေးပါးစလုံးကိုဖြစ်စေတတ်သော အခြေခံအကြောင်းရင်းတစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။

**ငြိမ်းချမ်းစေဖို့**

လောဘတရားကင်းစင်သည့်ပတ်ဝန်းကျင်သည် ငြိမ်းချမ်းသည့်သဘောကိုဆောင်သည်။ လောဘတရားကင်းစင်သည့်အခါ အချင်းချင်းပြိုင်ဆိုင်လိုသည့်စိတ်များ၊ မနာလိုဝန်တိုစိတ်များလျော့ပါးသွားပြီး စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ရေရှည်လက်တွဲကာ အောင်ပွဲများကို ရယူနိုင်မည်ဖြစ်သည်။ လောဘတရားကင်းစင်ကာ သမ္မာအာဇီဝဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ များပြားလာမည်ဆိုပါက ဘက်လိုက်ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်တတ်သည့် အဂတိလိုက်စားမှုများ ကင်းစင်လာမည်ဖြစ်ပြီး သာယာပျော်ရွှင်သော လူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သည်။

လောဘသည် အတောမသတ်သည့်သဘောရှိတတ်ပြီး ဝဋ္ဋကာမတို့တွင် တင်းတိမ်ရောင့်ရဲခြင်းမရှိဘဲ ပစ္စည်းဥစ္စာရှာဖွေရာတွင် နည်းလမ်းပေါင်းစုံသုံး၍ ရှာဖွေလာကြသည်။ လောဘအားကြီးသူသည် ဆင်ခြင်တုံတရားကင်းမဲ့ကာ ပစ္စည်းဥစ္စာနောက်သို့သာ လိုက်တတ်သဖြင့် ဆင်ခြင်အပ်သည်။ လောဘကြောင့်ပင် မကောင်းမှုဒုစရိုက်များကို ကျူးလွန်တတ်ကြပြီး အရာရာကိုရယူပိုင်ဆိုင်လိုစိတ်များဖြင့် မိမိရယူပိုင်ဆိုင်လိုသောအရာကို တရားမျှတမှုရှိသည်ဖြစ်စေ၊ တရားမျှတမှုမရှိသည်ဖြစ်စေ ရသောနည်းလမ်းဖြင့် ဆောင်ရွက်တတ်ကြသည်။ လောဘကြောင့် ပစ္စည်းဥစ္စာအပေါ်တပ်မက်ခြင်း တဏှာအားကြီးလာသည့်အခါတွင် အသက်ပင်သေဆုံးရသည်ထိဖြစ်နိုင်သဖြင့် ဆင်ခြင်သင့်သည်။ လောဘကြီးသူတစ်ဦးသည် ရထိုက်သောအခွင့်အရေးကိုဆုံးရှုံးရသကဲ့သို့ အသက်ပင်ဆုံးရှုံးခဲ့ရသည့် မိုက်သောရွှဲကုန်သည်တစ်ဦး၏ ဘဝဇာတ်ကြောင်းကို ပုထုဇဉ်လူသားများ သံဝေဂယူနိုင်ရေးအတွက် မြတ်စွာဘုရားရှင်က ရွှဲကုန်သည်ဇာတ်ဟု လူသိများသည့် သေရိဝဝါဏိဇဇာတ်ကို ဟောကြားဆုံးမခဲ့သည်။

**သတိပြုစရာ ရွှဲကုန်သည်ဇာတ်မှာ**

မြတ်စွာဘုရားရှင် ပါရမီဖြည့်စဉ်ကာလ ဘဝတစ်ခုတွင် သေရိဝတိုင်း၌ ရွှဲများကိုရောင်းဝယ်ဖောက်ကားကာ ရွှဲကုန်သည်ဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတစ်ဦးဖြစ်ခဲ့သည်။ ရွှဲများကိုရောင်းဝယ်ဖောက်ကားရာတွင် သမ္မာအာဇီဝဖြင့် လောဘနည်းကာ အရည်အသွေးမှန်ကန်သောရွှဲတို့ကို သင့်တင့်မျှတသောဈေးနှုန်းဖြင့်ရောင်းချကာ အသက်မွေးဝမ်းကျောင်းပြု၍နေလေသည်။ ထိုအရပ်၌ပင် သေရိဝအမည်ရှိသော အခြားသောရွှဲကုန်သည်တစ်ဦးရှိပြီး ထိုရွှဲကုန်သည်သည်ကား ဘုရားလောင်းနှင့် ဆန့်ကျင်ဘက်စိတ်ဓာတ်ရှိကာ အရည်အသွေးမကောင်းသည့်ရွှဲတို့ကို လိမ်လည်လှည့်ဖြား၍ ရောင်းချခြင်းကအစပြုကာ မသမာသည့်နည်းလမ်းဟူသမျှကိုသုံး၍ လောဘတရားဖြင့် အသက်မွေး၍နေလေသည်။

ဘုရားလောင်းသည် လောဘနည်း၍ အခြားသော သေရိဝသည် လောဘအားကြီးသူဖြစ်ပြီး ရွှဲတို့ကိုမတန်တဆဈေးဖြင့် ရောင်းချလေ့ရှိသည်။ တစ်နေ့တွင် အရိဋ္ဌပူရအမည်ရှိ မြို့တစ်မြို့မှ အိမ်တစ်အိမ်ရှေ့သို့ သေရိဝက ရွှဲရောင်းရန် ရောက်ခဲ့လေသည်။ ထိုအိမ်တွင် အသက်အရွယ်ကြီးရင့်ပြီဖြစ်သော အဘွားအိုတစ်ဦးနှင့် မြေးဖြစ်သူ မိန်းမပျိုကလေးတစ်ဦးတို့နေထိုင်သည်။ မြေးဖြစ်သူ မိန်းမပျိုကလေးက ရွှဲကုန်သည်၏အသံကိုကြားသောအခါ ရွှဲတို့ကိုလိုချင်သဖြင့် ဝယ်ပေးပါရန် အဘွားဖြစ်သူထံ ပူဆာလေသည်။ ယခင်က ကျိုကျိုတက်ချမ်းသာခဲ့သော်လည်း ယခုအခါတွင် စားစရာပင်အနိုင်နိုင်ဖြစ်နေသည့်ဘဝသို့ရောက်နေသဖြင့် မြေးဖြစ်သူကို နောင်အဆင်ပြေသည့်အခါတွင် ဝယ်ပေးပါမည်ဟု အဘွားဖြစ်သူက ချော့မော့ပြောဆိုလေသည်။

အဘွားဖြစ်သူ၏အဖြစ်ကို နားလည်သော်လည်း မြေးဖြစ်သူမှာ ရွှဲတို့ကိုရယူလိုသည့်စိတ် ထိန်းမရသဖြင့် ဝယ်ယူပေးပါရန် အကြိမ်ကြိမ်တောင်းပန်လေသည်။ နောက်ဆုံးတွင် အဘွားဖြစ်သူအနေဖြင့် အိမ်အတွင်းလှည့်လည်ရှာဖွေရာတွင် ခွက်အဟောင်းတစ်လုံးကိုတွေ့ရာ ထိုခွက်ကိုယူ၍ ရသင့်သောရွှဲတို့နှင့်လဲပေးပါရန် သေရိဝထံ တောင်းပန်လေသည်။ သေရိဝလည်း ခွက်ကိုယူ၍ ပွတ်ကြည့်သော် ရွှေခွက်မှန်းသိသော်လည်း မိမိထံတွင်ရှိသော ရွှဲတို့ကိုလည်း မပေးချင် ရွှေခွက်ကိုလည်း လိုချင်သောစိတ်ဖြစ်ပြီး တန်ဖိုးမရှိသော ခွက်အစုတ်တစ်လုံးသာဖြစ်သဖြင့် မလဲပေးနိုင်ကြောင်းပြောလေသည်။ မြေးဖြစ်သူကလဲ ပူဆာလွန်းသဖြင့် ရွှဲအနည်းငယ်နှင့်လဲပေးပါရန် အကြိမ်ကြိမ်တောင်းပန်သော်လည်း လောဘကြီးသည့်ရွှဲကုန်သည် သေရိဝက မရနိုင်ကြောင်းသာပြော၍ ထွက်သွားလေသည်။

**အမှန်ပြောက ချမ်းသာရ**

ထိုနေရာသို့ ဘုရားလောင်းရွှဲကုန်သည်ရောက်သော် ရှေးနည်းတူစွာပင် အဘွားဖြစ်သူက ခွက်ကိုပြ၍ ရွှဲတို့နှင့်လဲပေးပါရန် တောင်းပန်လေသည်။ ဘုရားလောင်းရွှဲကုန်သည်က ခွက်ကိုယူ၍ ကြည့်သော် ရွှေခွက်မှန်းသိသဖြင့် အဖိုးအနဂ္ဃထိုက်သည့် ရွှေခွက်ဖြစ်သဖြင့် မိမိတွင်ပါလာသော ရွှဲအားလုံးသည် ရွှေခွက်တန်ဖိုးကိုမမီနိုင်ကြောင်း ပြောလေသည်။ ထိုအခြင်းအရာကို အဘွားဖြစ်သူ ကြားသော် ဘုရားလောင်းရွှဲကုန်သည်၏ အမှန်ကိုပြောတတ်သောစိတ်နှင့် လောဘနည်းသည့်စိတ်တို့ကို လွန်စွာနှစ်သက်၍ မြေးဖြစ်သူတစ်ကိုယ်စာ ရွှဲတို့ကိုသာပေး၍ ရွှေခွက်ကို အလကားယူသွားပါရန် တောင်းပန်လေသည်။ ဘုရားလောင်းရွှဲကုန်သည်လည်း ရွှဲအားလုံးကို မြေးအဘွားတို့ထံအပ်နှံ၍ ရွှေခွက်ကိုယူကာ အိမ်သို့ပြန်လေသည်။

လောဘကြီးသည့်ရွှဲကုန်သည် သေရိဝသည် ရွှေခွက်ကို အလကားမရသော်လည်း ရွှဲအနည်းငယ်ပေး၍ယူအံ့ဟုကြံကာ ပြန်လာလေသည်။ အဘွားဖြစ်သူက ဖြစ်ကြောင်းကုန်စင်ကိုပြောပြကာ လောဘနည်းသည့် ဘုရားလောင်းရွှဲကုန်သည်က အမှန်အတိုင်းပြော၍ ရွှေခွက်ကို ပေးလိုက်သည်ဟုဆိုပြီး လောဘကြီးသည့်ရွှဲကုန်သည်ကို နှင်လွှတ်လိုက်လေသည်။ လောဘကြီးသည့်ရွှဲကုန်သည် သေရိဝသည် မိမိရထိုက်သည့်ရွှေခွက်ကို ဘုရားလောင်းရွှဲကုန်သည်က ရယူသွားသည်ဟုဆိုကာ ဘုရားလောင်း ရွှဲကုန်သည်နောက်သို့ လျင်မြန်စွာလိုက်လေသည်။ သို့ရာတွင် ဘုရားလောင်းရွှဲကုန်သည်က မြစ်တစ်ဖက်ကမ်းသို့ပင် ရောက်နှင့်နေပြီဖြစ်သဖြင့် ရွှေခွက်ကို လုယူရန်မဖြစ်နိုင်ရာ လွန်စွာပူဆွေးသောကရောက်ပြီး လောဘမီးလောင်ကျွမ်းကာ ရင်ကွဲနာကျသေပွဲဝင်ရလေသည်။

**လောဘကို ချိုးနှိမ်ကြပါစို့**

လူ့ကျင့်ဝတ်၊ ကိုယ်ချင်းစာတရား၊ မှန်ကန်မျှတမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ အဂတိတရားကင်းစင်မှု စသည့်စံနှုန်းများနှင့်ကင်းဝေးသွားပြီး အရာရာကို မတရားရယူလိုသည့်စိတ်များသည် လောဘကြောင့်ဖြစ်ရသည်။ ဥစ္စာပစ္စည်းနှင့်စပ်လျဉ်း၍ လူတိုင်းသည် လောဘကို ပယ်သတ်နိုင်ရန် ခက်ခဲသော်လည်း တင်းတိမ်ရောင့်ရဲခြင်းချွန်းဖြင့် ထိန်းချုပ်နိုင်ရန် ကြိုးစားသင့်သည်။

ကောက်သော်စားမလောက် ဖြောင့်သော်စားမကုန်ဆိုသည့်စကားနှင့်အညီ ရိုးသားဖြောင့်မတ်စွာ၊ လောဘတရားကင်းရှင်းစွာ ရှာဖွေစားသောက်ကြသူများသည် ပစ္စည်းဥစ္စာကိုသာမက စစ်မှန်သောဘဝချမ်းသာခြင်းကိုပါရနိုင်သည်။ လောဘနည်းကာ တင်းတိမ်ရောင့်ရဲခြင်းဖြင့် ပညာဉာဏ်ပြည့်ဝစွာ ရပ်တည်သူများသည် တံစိုးလက်ဆောင်လက်ခံခြင်းက အစပြု၍ အဂတိလိုက်စားမှုများကို သတိပြုရှောင်ရှားနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုကင်းစင်၍ ငြိမ်းချမ်းသာယာပျော်ရွှင်သောဘဝကို ရရှိနိုင်ကြမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- **ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထု ညောင်ကန်ဆရာတော်ဘုရားကြီး။**
- **နေ့စဉ်ထုတ်သတင်းစာများ။**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံ ပဲတီစိမ်း ဧက ၁၈၁၁၀ စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ယင်းမာပင် ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံ ပဲတီစိမ်း ဧက ၁၈၁၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၀၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက၁၈၁၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

" ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲတီစိမ်း ၁၈၀၇၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၁၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၆၁၀၊ ကနီမြို့နယ်တွင် ဧက ၇၈၀၀၊ ပုလဲမြို့နယ်တွင် ဧက ၈၇၀၀ စုစုပေါင်း ၁၈၁၁၀ ဧကဖြစ်ကြောင်း၊ ပဲတီစိမ်း စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၅၇၄ ဧက၊ ကနီမြို့နယ်တွင် ၇၅၀၀ ဧက၊ ပုလဲမြို့နယ်တွင် ၉၀၀၁ ဧက စုစုပေါင်း ၁၈၀၇၅ ဧကဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောက်တန်းမြို့နယ် ခနောင်(အနောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်တန်း ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခနောင်(အနောက်)ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ဟေမွန်ကျော်က အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ စီမံကိန်းရန်ပုံငွေကျပ် ၃၈၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ခနောင်(အနောက်)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်ထံမှ သိရသည်။

**အိပိုးပိုး**



"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"




နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

## ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့၊ ကန်ပတ်လမ်း၊ သြဇာခြံရပ်နေ ခင်မောင်မြင့် (ဘ) ဦးအောင်လှ(၉/မထလ(နိုင်)၁၂၉၆၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၅၄၀၆၃၈

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်နေ မောင်အောင်မျိုးခန့် (ဘ) ဦးသိန်းတန်(၉/မဟမ (နိုင်)၀၆၀၈၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-890958)မှာ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၁၀၀၄၄၃၃

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အမှတ်(၁) ညောင်ကုန်းရပ်ကွက်နေ (ဘ) ဦးနိုင်လင်း၏သမီး မလဲ့လဲ့ဝင်း၏အမည်အား မသံစဉ်ချိုဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မသံစဉ်ချို

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နှပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ညအိပ်ရာမဝင်ခင် Cranberry ခေါ် အနီရောင်အချဉ်သီးဖျော်ရည် သောက်ပေးခြင်းဖြင့် အဆုတ်ထဲရှိ ဗက်တီးရီးယားပိုးမွှားများကို တိုက်ထုတ်ပေးနိုင်သည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်...**

**❖ "ပညာတတ်" နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကို ဆိုလိုပြီး "အများဆုံး"ရှိသည်ဆိုသည်မှာ "အရေအတွက်"ကို ဆိုလို...**

**❖ မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ထုတ်ယူနိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်**

၁။ ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်မှ ၂၂ ရက်ထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်လျှောက်ထားကြသော ကျောင်းသား၊ ကျောင်းသူများသိရှိရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(က) တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသောစာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် ကြာသပတေးနေ့မှစ၍ထုတ်ယူကြရပါမည်။

(ခ) အခြေခံပညာအထက်တန်းကျောင်း၊(ကျောင်းခွဲ)နှင့်(တွဲဖက်)အခြေခံပညာအထက်တန်းကျောင်း၊ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို မိမိတို့ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

(ဂ) ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား၊ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(Identity Card)များထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ရက်စွဲ။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်။

## မန္တလေးပြည်သူ့ဆေးရုံကြီး၌ ၈၃ ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော နိုင်ငံတကာအဆင့်မီကုသမှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိနိုင်ခြင်းဖြင့် ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် သက်သာစေရေးနှင့် ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေးတိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ မန္တလေးပြည်သူ့ဆေးရုံကြီး၌ ၈၃ ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို စာမျက်နှာ ၁၉ ကော်လံ ၁ ☆

**PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် ခွန်တောင်းကြီးကျေးရွာအနီး လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံပြည်သူများကို လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ သုံးဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိ** စာမျက်နှာ - ၂၂

